# ကြေးမုံ

**The Mirror Daily**

၁၉၅၇ ဖေဖော်ဝါရီ ၁၆ တွင် စတင် တည်ထောင်သည်။ Established in 1957


**တဏှာဟူသမျှစွန့်၍သွား**

သတိရှိသောပုဂ္ဂိုလ်သည် စျာန်ဝိပဿနာတရားတို့၌ လုံ့လပြုကြကုန်၏။ ထိုပုဂ္ဂိုလ်တို့သည် တည်ရာကာမဂုဏ်၌ မမွေ့လျော်ကြကုန်။ ဟင်္သာငှက်တို့သည် ကျက်စားရာရွှံ့ညွန်အိုင်ကို စွန့်ခွာလျက် ပျံသွားသကဲ့သို့ မိရာတဏှာဟူသမျှကို စွန့်၍သွားကုန်၏။ သတိနှင့် ပြည့်စုံသော ပညာရှိသည် စျာန်ဝိပဿနာတရား၌ လုံ့လပြု၏။ ကာမဂုဏ်တို့၌ မမွေ့လျော်ကုန်။ **အရဟန္တဝဂ်(ဓမ္မပဒ-၉၁)**


၁၃၇၈ ခုနှစ် ဝါခေါင်လဆန်း ၉ ရက်၊ သောကြာနေ့။ 12, Friday August 2016 (၈၆၅၁)


## နိုင်ငံတော်သမ္မတ ဦးထင်ကျော် အီဂျစ်သံအမတ်ကြီးအား လက်ခံတွေ့ဆုံ


စာမျက်နှာ - ၃




## နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် တရုတ်ကွန်မြူနစ်ပါတီ နိုင်ငံတကာ ဆက်ဆံရေးဝန်ကြီးနှင့် အဖွဲ့အား လက်ခံတွေ့ဆုံ


စာမျက်နှာ - ၃




# ရှောင်လွှဲမရသည့် သဘာဝဘေးနှင့်ရင်ဆိုင်ရသည့်အခါ ဖြစ်ပေါ်လာသည့် အဆိုးဆုံးအခြေအနေများကို အကောင်းဆုံးဖြစ်အောင် ပြန်လည်တည်ဆောက်ရာတွင် ပူးပေါင်းပါဝင်ဆောင်ရွက်ကြစေလို





ရေကင်းမြို့ ဘုရားကြီးကုန်း ခအောင်းပင်တာကျိုးပေါက်မှုနှင့် ရေတိုက်စားမှုအခြေအနေတို့ကို ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူ ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

နေပြည်တော် ဩဂုတ် ၁၁

**အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူသည် မိုးညှင်းမြို့နယ်ရှိ ရေဘေးသင့်ပြည်သူများအား တွေ့ဆုံအားပေးပြီး ထောက်ပံ့ပစ္စည်းများနှင့် အလှူငွေများကို ပေးအပ်သည်။ ဒုတိယသမ္မတသည် ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေး၊ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဝင်းသိန်း၊ ဒုတိယဝန်ကြီး ဗိုလ်ချုပ်အောင်စိုး၊ ဦးကျော်မျိုး၊ တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းတွင် ပဲခူးတိုင်းဒေသကြီး မိုးညှင်းမြို့သို့ ရောက်ရှိကြသည်။**

ထို့နောက် ဒုတိယသမ္မတသည် မိုးညှင်းမြို့ မဟာသုမင်္ဂလသီဟ ကြေးသွန်းဘုရား ပရိဝုဏ်အတွင်းရှိ ရေဘေးကယ်ဆယ်ရေးစခန်း၌ ရေဘေးသင့်ပြည်သူများနှင့်တွေ့ဆုံပြီး ရှောင်လွှဲမရသည့် သဘာဝဘေးနှင့်ရင်ဆိုင်ရသည့်အခါ ဖြစ်ပေါ်လာသည့် အဆိုးဆုံးအခြေအနေများကို အကောင်းဆုံးဖြစ်အောင် ပြန်လည်တည်ဆောက်ရာတွင် ပူးပေါင်းပါဝင်ဆောင်ရွက်ကြစေလိုကြောင်း၊ အခက်အခဲများကို ဝိုင်းဝန်းပူးပေါင်းကျော်လွှားကြရမည်ဖြစ်ပြီး စိတ်ဓာတ်ခိုင်မာကြရန် လိုအပ်ကြောင်း၊ နိုင်ငံတော်အစိုးရ၏မူဝါဒများကို အကောင်အထည်ဖော်ရာတွင် ပြည်သူများပူးပေါင်းပါဝင်မှ အောင်မြင်မည်ဖြစ်ပါကြောင်း၊ သစ်တောပြုန်းတီးမှုကာကွယ်ရေး၊ မြေသယံဇာတနှင့် သတ္တုတူးဖော်မှု စသည့်လုပ်ငန်းများကို စနစ်တကျစီမံရန် နိုင်ငံတော်အစိုးရက မူဝါဒများချမှတ်ရာတွင် ပြည်သူများအနေဖြင့် လေးစားလိုက်နာပြီး အကောင်အထည်ဖော်မှသာ အောင်မြင်နိုင်မည်ဖြစ်ပါကြောင်းနှင့် **စာမျက်နှာ ၈ ကော်လံ ၁ သို့**




ကြေးမုံ

# တို့ပြည် တို့မြေ တို့ပိုင်သည့်မြေ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ ဖွဲ့စည်းပုံအခြေခံဥပဒေတွင် နိုင်ငံတော်သည် နိုင်ငံတော်ရှိ မြေအားလုံး၊ မြေပေါ်မြေအောက်၊ ရေပေါ်ရေအောက်နှင့် လေထုအတွင်းရှိ သယံဇာတပစ္စည်းအားလုံး၏ ပင်ရင်းပိုင်ရှင်ဖြစ်သည်ဟု ဆိုထားသည်။ နိုင်ငံတော်သည် ပင်ရင်းပိုင်ရှင်ဖြစ်သည်နှင့်အညီ အဆိုပါပစ္စည်းများအားလုံးကို ပြဋ္ဌာန်းထားသော ဥပဒေ၊ စည်းမျဉ်းစည်းကမ်း၊ လုပ်ထုံးလုပ်နည်းအတိုင်း စီမံခန့်ခွဲခွင့်ရှိသည်။ ထိုစီမံခန့်ခွဲမှုကို နိုင်ငံသားအားလုံး လိုက်နာဆောင်ရွက်ရမည်ဖြစ်သည်။

အဆိုပါနိုင်ငံပိုင်သယံဇာတပစ္စည်းများအနက် အများဆုံးကြုံတွေ့ဖြေရှင်းနေသော ပြဿနာမှာ မြေသယံဇာတဖြစ်သည်။ မြေယာအမှုအခင်းများ၊ မြေယာပြဿနာများ၊ မြေယာပိုင်ဆိုင်မှုများကို ယခုအရပ်သားအစိုးရလက်ထက်တွင် ဥပဒေနှင့်အညီ အကောင်းဆုံးဖြေရှင်းပေးနေသည်ကို မြင်တွေ့ရသည်။ မြေပိုင်ဆိုင်ခွင့်ရှိသူကို မြေပိုင်ဆိုင်ရေး၊ လယ်ပိုင်ဆိုင်ခွင့်ရှိသူကို လယ်ပိုင်ဆိုင်ရေးတို့အတွက် မူလပိုင်ရှင်ဖြစ်သူပြည်သူများအား အလေးထားပိုင်ဆိုင်ခွင့်ရရှိအောင် ဆောင်ရွက်ပေးနေသည်ကို တွေ့ရသည်။

တစ်ချိန်သောကာလက လယ်လုပ်သူတို့၏ လယ်မြေများကို အဓမ္မသိမ်းဆည်းမှုများရှိခဲ့ရာ ထိုလယ်ယာမြေများအား လယ်လုပ်သူလယ်ပိုင်ရှင်များထံသို့ ဥပဒေလုပ်ထုံးလုပ်နည်းနှင့်အညီ ပြန်လည်ပေးအပ်စေလျက်ရှိသည်။ ဤသည်မှာ အရပ်သားအစိုးရ၏ လယ်လုပ်သူ လယ်ပိုင်ဆိုင်ခွင့်ရရှိစေရေး ပြည်သူဗဟိုပြုဆောင်ရွက်ပေးမှုဟုဆိုရမည်။ လယ်လုပ်သူတောင်သူလယ်သမားပြည်သူများကလည်း နိုင်ငံတော်က ပြန်လည်ဆောင်ရွက်ပေးသော အခွင့်အရေးကို ဥပဒေစည်းကမ်းများအတိုင်း တိကျစွာလိုက်နာဆောင်ရွက်ဖို့ လိုအပ်သည်။

လယ်ယာလုပ်ငန်းများကို အမှန်တကယ်ပြန်လည်လုပ်ကိုင်လိုကြသော တောင်သူလယ်သမားများအတွက် အခွင့်အလမ်းကောင်းများဖြစ်သော်လည်း အမှန်တကယ် လယ်ယာမလုပ်လိုသူ လယ်သမားများမှာမူ ဤမြေသည် နိုင်ငံတော်က ပင်ရင်းပိုင်ဖြစ်သည်ကို နားလည်သဘောပေါက်ရမည်ဖြစ်သည်။ ဤမြေသည် လယ်သမားများအား လယ်ယာလုပ်ငန်းများ ပြန်လည်လုပ်ကိုင်နိုင်ရန်အတွက် သတ်မှတ်စည်းကမ်းချက်အဆင့်များအလိုက် အငှားချထားပေးခြင်းသာဖြစ်ပြီး ဘိုးဘွားပိုင်ထာဝရအပြီးချထားပေးလိုက်ခြင်းမဟုတ်သည်ကို သတိမူရမည်ဖြစ်သည်။ သတ်မှတ်ထားသော ဥပဒေစည်းကမ်းများနှင့်အညီ ဆောင်ရွက်နိုင်ခြင်းမရှိပါက နိုင်ငံတော်အား ပြန်လည်အပ်နှံခြင်း၊ နိုင်ငံတော်က ပြန်လည်သိမ်းဆည်းခြင်းများ ပြုနိုင်သည်ကို သိရှိထားရမည် ဖြစ်သည်။

နိုင်ငံတော်က လယ်လုပ်သူများအား လယ်လုပ်ပိုင်ခွင့်ရရှိရေးအတွက် မြေယာများပြန်လည်ပေးအပ်ပြီးနောက် ယခုအခြေအနေတွင် အမှန်တကယ် လယ်ယာလုပ်ကိုင်သူများအတွက် ဝမ်းမြောက်ဖွယ်ဖြစ်သော်လည်း အမှန်တကယ် လယ်ယာလုပ်ကိုင်ခြင်းမရှိဘဲ အမြတ်အစွန်းရရှိရေး၊ အရင်းအနှီးရရှိရေးအတွက် ထိုမြေယာများကို ပြန်လည်ရောင်းချလျက်ရှိရာ နိုင်ငံအတွက် စိတ်မကောင်းဖွယ် တွေ့ရှိရသည်။ မြေယာဆိုသည်မှာ အမျိုးအစားအလိုက် လယ်မြေ၊ ယာမြေ၊ သစ်တောမြေ၊ ဥယျာဉ်ခြံမြေ၊ ပလပ်မြေဟူ၍ရှိပြီး လုပ်ကိုင်ဆောင်ရွက်မှုအနေအထားအလျောက် ပိုင်ဆိုင်မှုအမျိုးမျိုးပါ အာမခံချက်ရှိအောင် နိုင်ငံတော်က ဆောင်ရွက်ပေးလျက်ရှိ၍ ထိုမြေယာပိုင်ဆိုင်သူများအဖို့ အခွင့်အလမ်းကောင်းဖြစ်လာသည်။

ထိုအခွင့်အလမ်းကောင်းသည်ပင် ရောင်းရေး၊ ဝယ်ရေးအတွက် အခြေအနေကောင်းများဖြစ်လာသည်။ ယခုအခါ ပြန်လည်လွှဲပြောင်းပေးအပ်ခဲ့သော လယ်ယာမြေယာများ အများစုမှာ ခြံဝင်းများနှင့် အရောင်းအဝယ်ဖြစ်ကာ မူရင်းပိုင်ရှင်ပျောက်ကွယ်သွားသည့် သဘောဖြစ်လာသည်။ ယင်းအခြေအနေတို့အပေါ်တွင် တာဝန်ရှိသူတို့မှာ သက်ဆိုင်ရာမြေယာစီမံခန့်ခွဲမှုရှိသူတို့ဟု ဆိုရမည်ဖြစ်သည်။ ယခင်အခြေအနေများကလည်း ၎င်းတို့တွင်ပင် တာဝန်ရှိပြီး ယခုအခြေအနေများတွင် ပို၍ပင်တာဝန်ရှိပေသည်။

ပင်ရင်းပိုင်ရှင်မှာ နိုင်ငံတော်ကဖြစ်သည်နှင့်အညီ နိုင်ငံတော်က ပြည်သူအကျိုးရှေးရှု၍ ပြန်လည်ချထားပေးသော မြေယာများ မြေယာဥပဒေ၊ လုပ်ထုံးလုပ်နည်း၊ ဥပဒေစည်းမျဉ်းစည်းကမ်းများနှင့်အညီ လုပ်ကိုင်ခြင်း၊ ဆောင်ရွက်ခြင်း၊ လွှဲပြောင်းပေးအပ်ခြင်းတို့ ရှိ၊ မရှိ အမြဲတစေကွင်းဆင်းလေ့လာဆောင်ရွက်ရန်မှာ မြေယာစီမံခန့်ခွဲသူတို့၏ တာဝန်ပင်ဖြစ်ပေသည်။ ။

# လူငယ်ဖွံ့ဖြိုးရေးဥယျာဉ်(စမတောင်)သို့ နေပြည်တော် စည်ပင်သာယာရေးကော်မတီက စားကုန်များလှူဒါန်း

**နေပြည်တော် ဩဂုတ် ၁၁**

နေပြည်တော် လယ်ဝေးမြို့နယ် သာဝတ္ထိကျေးရွာအုပ်စု မဟာပရဟိတ လူငယ်ဖွံ့ဖြိုးရေးဥယျာဉ်(စမတောင်) သို့နေပြည်တော် စည်ပင်သာယာရေးကော်မတီမှ (၄၈)ကြိမ်မြောက် အခြေခံစားကုန်လေးမျိုး (ဆန်၊ ဆီ၊ ပဲ၊ ဆား) လှူဒါန်းပွဲကို ယနေ့နံနက်ပိုင်းက အဆိုပါစမတောင်၌ ကျင်းပရာ နေပြည်တော်ကောင်စီ ဥက္ကဋ္ဌ မြို့တော်ဝန် ဒေါက်တာမျိုးအောင်နှင့် ဇနီးဒေါ်ခင်စောမူတို့ တက်ရောက်လှူဒါန်းကြသည်။



အခမ်းအနားသို့ နေပြည်တော်ကောင်စီဝင် ဗိုလ်မှူးကြီးမင်းနောင်၊ နေပြည်တော် စည်ပင်သာယာရေးကော်မတီမှ ကော်မတီဝင်များဖြစ်ကြသော ဦးအေးမြင့်၊ ဦးမင်းသူ၊ ဦးမျိုးတင့်၊ ဒေါ်စံပယ်ထွေး၊ အမြဲတမ်းအတွင်းဝန် ဦးမျိုးအောင်နှင့် ဌာနကြီးမှူးများ၊ ဌာနမှူးများ၊ တာဝန်ရှိသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ မဟာပရဟိတလူငယ်ဖွံ့ဖြိုးရေးဥယျာဉ် (စမတောင်) ကျောင်းဆရာတော် ဘဒ္ဒန္တရေဝတ အရှင်သူမြတ်ထံမှ ငါးပါးသီလ ခံယူဆောက်တည်ကြသည်။

ထို့နောက် မြို့တော်ဝန်နှင့် ဇနီးတို့က မဟာပရဟိတ လူငယ်ဖွံ့ဖြိုးရေးဥယျာဉ်(စမတောင်) ကျောင်းအုပ်ဆရာတော် ဘဒ္ဒန္တဉာဏိန္ဒ အရှင်သူမြတ်ထံ အခြေခံစားကုန်လေးမျိုး ဆန်အိတ် ၅၀၊ ဆီ ပိဿာ ၃၀၊ ကုလားပဲ ပိဿာ ၅၀၊ ဆား ပိဿာ ၃၀ တို့ကို ဆက်ကပ်လှူဒါန်းသည်။

ယင်းနောက် မဟာပရဟိတ လူငယ်ဖွံ့ဖြိုးရေးဥယျာဉ်(စမတောင်) ကျောင်းအုပ်ဆရာတော် ဘဒ္ဒန္တဉာဏိန္ဒ အရှင်သူမြတ်ထံမှ ဧည့်ပရိသတ်များက လှူဒါန်းမှုအစုစုတို့အတွက် သာဓုအနုမောဒနာတရား နာကြား၍ ရေစက်သွန်းချ အမျှပေးဝေပြီး 'ဗုဒ္ဓသာသနံ စိရံ တိဋ္ဌတု' သုံးကြိမ်ရွတ်ဆိုဆုတောင်းကာ အခမ်းအနားကို ရုပ်သိမ်းခဲ့သည်။

ထို့နောက် နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ မြို့တော်ဝန်နှင့် တာဝန်ရှိသူများသည် မဟာပရဟိတ လူငယ်ဖွံ့ဖြိုးရေးဥယျာဉ်အတွင်းရှိ မိဘမဲ့ရင်သွေးငယ်များအတွက် စီစဉ်ပေးထားသည့် အိပ်ဆောင်များ၊ ကျန်းမာရေး ဆေးကုသခန်း၊ ထမင်းစားဆောင်၊ စာသင်ဆောင်များသို့ သွားရောက်ကြည့်ရှု၍ ကလေးငယ်များအား ရင်းရင်းနှီးနှီး နှုတ်ဆက်ကြသည်။

မဟာပရဟိတ လူငယ်ဖွံ့ဖြိုးရေးဥယျာဉ်တွင် ဆရာတော် သံဃာတော်များအပြင် မိဘမဲ့ဘွဲ့ရရှိပြီးသူ ၂၁ ဦး၊ အဆင့်မြင့်ပညာသင်ကြားနေသူ ၄၁ ဦး၊ အထက်တန်းပညာသင်ကြားနေသူ ၈၉ ဦး၊ အလယ်တန်းပညာ သင်ကြားနေသူ ၂၀၇ ဦး၊ မူလတန်းပညာသင်ကြားနေသူ ၁၉၅ ဦး၊ မူကြိုအရွယ် ၄၀၊ တစ်နှစ်မှ သုံးနှစ်အရွယ် ၃၆ ဦး၊ တစ်နှစ်အောက်အရွယ် ၃၀၊ ဝေယျာဝစ္စ ၁၀ ဦး စုစုပေါင်း ၆၇၂ ဦးရှိကြောင်း သိရသည်။

**ဇော်မင်းအောင်(၁၀၇)**




# ကျွန်ုပ်တို့ရင်ထဲတွင် ရှင်သန်နေမယ့် ရှိတ်စပီးယားအစီအစဉ် ရန်ကုန်တက္ကသိုလ်တွင် ပြုလုပ်မည်

**ရန်ကုန် ဩဂုတ် ၁၁**

ယခုလတွင် ဗြိတိသျှကောင်စီနှင့် အင်္ဂလိပ်ဘာသာစကား အမျိုးသားဗဟိုဌာနတို့ပူးပေါင်း၍ "ထာဝရ ရှင်သန်နေမယ့် ရှိတ်စပီးယား"*(Shakespeare Lives)* အမည်ရှိ ယဉ်ကျေးမှုအစီအစဉ်ကို ဩဂုတ် ၁၆ ရက် မွန်းလွဲ ၁ နာရီမှ ညနေ ၄ နာရီအထိ ရန်ကုန်တက္ကသိုလ်ဝိဇ္ဇာခန်းမ၌ ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါအစီအစဉ်တွင် ရန်ကုန်အင်္ဂလိပ်စာဌာနမှ အငြိမ်းစားပါမောက္ခကြီးများ၊ ကထိကကြီးများ ဦးဆောင်ဆွေးနွေးသွားမည်ဖြစ်ပြီး ရန်ကုန်တက္ကသိုလ်၊ ဒဂုံတက္ကသိုလ်၊ ရန်ကုန်အရှေ့ပိုင်းတက္ကသိုလ်၊ ရန်ကုန်အနောက်ပိုင်းတက္ကသိုလ်တို့ရှိ အင်္ဂလိပ်စာဌာနအသီးသီးမှ ပါမောက္ခများ၊ ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများ ပါဝင်တက်ရောက်ကြမည်ဖြစ်ကြောင်း သိရသည်။ ယင်းဆွေးနွေးပွဲများအပြင် ရန်ကုန်တက္ကသိုလ်များရှိ အင်္ဂလိပ်စာဌာနအသီးသီးမှ ကျောင်းသား ကျောင်းသူများက ရှိတ်စပီးယားပြဇာတ်များအား ဖျော်ဖြေတင်ဆက်မှုများနှင့် ၎င်းတို့၏ အနှစ်သက်ဆုံး ရှိတ်စပီးယား အခိုက်အတန့်များကို မျှဝေခြင်းများလည်း ပါဝင်မည်ဖြစ်ကြောင်း သိရသည်။

၂၀၁၆ ခုနှစ်သည် ဝီလီယံရှိတ်စပီးယား ကွယ်လွန်သည့် နှစ် ၄၀၀ မြောက်နှစ်ပတ်လည်နှစ်ဖြစ်ကြောင်း သိရသည်။ ရှိတ်စပီးယား၏ စာပေလက်ရာများနှင့် ယဉ်ကျေးမှု၊ ပညာရေးနှင့် လူ့အဖွဲ့အစည်းအပေါ် ၎င်း၏ ဩဇာသက်ရောက်မှုတို့ကို ဂုဏ်ပြုသောအားဖြင့် ဗြိတိသျှကောင်စီနှင့် GREAT Britain campaign တို့က "ထာဝရရှင်သန်နေမယ့် ရှိတ်စပီးယား" (Shakespeare Lives) အမည်ရှိ ယဉ်ကျေးမှုအစီအစဉ်ကို ယူကေအခြေစိုက် ပရဟိတလုပ်ငန်းဖြစ်သော Voluntary Services Overseas (VOS) အပါအဝင် အခြားမိတ်ဖက်ကွန်ရက်များဖြစ်သော အနုပညာပြဇာတ်အဖွဲ့များ၊ ကျောင်းအသင်းအဖွဲ့များ၊ ပညာရှင်များ၊ ဆရာများ၊ အနုပညာရှင်များနှင့်အတူ ကမ္ဘာအရပ်ရပ်တွင် ကျင်းပလျက်ရှိကြောင်း သိရသည်။

**(မြတ်စန္ဒီ)**

ကြေးမုံ
နေ့စဉ်သတင်းစာ

စာတည်းမှူးချုပ် - ဦးခင်မောင်ကျော်ဒင်
စာတည်းများ - ဦးဝင်းနိုင်၊ ဦးစိုးစိုးနိုင်၊ ဦးစန်းအောင်
သတင်းထောက်မှူး - ဦးဌေးအောင်
ဘာသာပြန်စာတည်းများ - ဦးအောင်ထိန်၊ ဦးဇော်ဝင်း၊ အေးဝင်းစိုး၊ အောင်ကျော်ကျော်
အနုပညာစာတည်း - ခင်ခင်သက်
အားကစားစာတည်း - မေလှိုင်သင်း
ဆောင်းပါးစာတည်း - စန္ဒာဝင်း
အကြီးတန်းသတင်းထောက်များ - ဟိန်းထက်လင်း၊ နိုင်လင်းကြည်၊ ဖြိုးစန္ဒာမြင့်၊ သီသီမင်း
အငယ်တန်းသတင်းထောက်များ - အောင်ကျော်ဦး၊ ခင်ဇာလီ၊ ခင်စုစုလှိုင်၊ အေးအေးမြင့်၊
ဓာတ်ပုံသတင်းထောက် - ခင်မောင်ဝင်း
အထူးသတင်းထောက် - ဆုနှင်းလှို

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ်(၀၀၆၄၀)
ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့်
ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

ကြေးမုံ Mirror
၁၉၅၇ ခုနှစ် ၁၆ ရက် တွင် စတင်တည်ထောင်သည်။

Gmail themirror.npt@gmail.com
www.facebook.com/themirrordaily

နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၀၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၀၂၈၊ ၀၆၇-၃၆၀၃၀၊ ဖက်စ် ၀၆၇-၃၆၀၃၀
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန်နေဂျာ ၀၁-၈၆၁၀၆၈၅၊ ငွေစာရင်း ၀၁-၂၉၁၄၅၅၊ ဖြန့်ဖြူးရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅

# နိုင်ငံတော်သမ္မတ ဦးထင်ကျော် အီဂျစ်နိုင်ငံသံအမတ်ကြီးအား လက်ခံတွေ့ဆုံ



**နေပြည်တော် ဩဂုတ် ၁၁**

တာဝန်ပြီးဆုံး၍ ပြန်လည်ထွက်ခွာတော့မည့် အီဂျစ်နိုင်ငံသံအမတ်ကြီး မစ္စတာ ဟန်နီရီလ်ရဒ် မိုဝဒ်သည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးထင်ကျော်အား ယနေ့မွန်းလွဲ ၃ နာရီတွင် နေပြည်တော်ရှိ နိုင်ငံတော်သမ္မတအိမ်တော် ဧည့်ခန်းမ၌ လာရောက်တွေ့ဆုံသည်။**(ယာပုံ)**

တွေ့ဆုံပွဲသို့ ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်၊ နိုင်ငံခြားရေးဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ဦးအောင်လင်းနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

**(သတင်းစဉ်)**

# နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် တရုတ်ကွန်မြူနစ်ပါတီ နိုင်ငံတကာဆက်ဆံရေးဝန်ကြီးနှင့်အဖွဲ့အား လက်ခံတွေ့ဆုံ



**နေပြည်တော် ဩဂုတ် ၁၁**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်သည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ကွန်မြူနစ်ပါတီ နိုင်ငံတကာဆက်ဆံရေးဝန်ကြီး H.E. Mr. Song Tao နှင့် အဖွဲ့အား ယနေ့ နံနက် ၁၀ နာရီတွင် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၏ ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။**(ဝဲပုံ)**

တွေ့ဆုံစဉ် မြန်မာနိုင်ငံနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံတို့အကြား ဆက်ဆံရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာကိစ္စရပ်များကို ဆွေးနွေးကြသည်။

**(သတင်းစဉ်)**

❖

# သတ္တုတူးဖော်ရာတွင် ပတ်ဝန်းကျင်နှင့်လူမှုရေးထိခိုက်မှုများ ထည့်သွင်းစဉ်းစားမှုအားနည်းခဲ့၍ ယနေ့တွင် မလိုလားအပ်သောပြဿနာများနှင့်ကြုံတွေ့နေ

**နေပြည်တော် ဩဂုတ် ၁၁**

သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအုန်းဝင်းသည် ယနေ့နံနက် ၉နာရီတွင် နေပြည်တော် ရုံးအမှတ်(၁၉) သီရိရတနာခန်းမတွင် ကျင်းပသည့် တိုင်းဒေသကြီး/ပြည်နယ်အသီးသီးရှိ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာဝန်ကြီးများနှင့် သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး ဝန်ကြီးဌာနမှ ဌာနအကြီးအကဲများ လုပ်ငန်းညှိနှိုင်းအစည်းအဝေးသို့ တက်ရောက်၍ အဖွင့်အမှာစကား ပြောကြားသည်။**(ယာပုံ)**

ပြည်ထောင်စုဝန်ကြီးက ပြောကြားရာတွင် သတ္တုတူးဖော်ရာတွင် ပတ်ဝန်းကျင်နှင့် လူမှုရေးထိခိုက်မှုများကို ထည့်သွင်းစဉ်းစားမှု အားနည်းခဲ့ခြင်းများကြောင့် ယနေ့ချိန်ခါတွင် မလိုလားအပ်သော ပြဿနာများ၊ အခက်အခဲများ ကြုံတွေ့နေကြရပါကြောင်း၊ ဓာတ်သတ္တုသည် တစ်ကြိမ်ထုတ်ယူပြီးက ပြန်လည်ဖြည့်စွမ်းနိုင်စွမ်းမရှိသော အရင်းအမြစ်ဖြစ်၍ နောက်ပိုင်းတွင် ထုတ်လုပ်မှုများကို အကန့်အသတ်ဖြင့်သာ ခွင့်ပြုပေးတော့မည်ဖြစ်ကြောင်း၊ တူးဖော်ထုတ်လုပ်ရာတွင်လည်း သဘာဝပတ်ဝန်းကျင် ထိခိုက်ပျက်စီးမှု လျော့လာဆန်းစစ်ချက်များနှင့် လူမှုစီးပွား ဖွံ့ဖြိုးတိုးတက်မှု လေ့လာဆန်းစစ်ချက်များ၊ ပတ်ဝန်းကျင် စီမံခန့်ခွဲရေး စီမံချက်





များကိုလည်း မဖြစ်မနေ ပြုလုပ်သွားကြရမည်ဖြစ်ကြောင်း။

ယခုအခါ ဓာတ်သတ္တု တူးဖော်ထုတ်လုပ်ရန်အတွက် လုပ်ကွက်အသစ်များကို ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်း လုပ်ထုံးလုပ်နည်းများနှင့်အညီ လိုအပ်သည့် ဆန်းစစ်ခြင်းလုပ်ငန်းစဉ်များ ဆောင်ရွက်ပြီးမှသာ ခွင့်ပြုပေးလျက်ရှိပါကြောင်း၊ တိုင်းဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့များက ပူးပေါင်းကြပ်မတ် ဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း၊ ပြင်ဆင်ပြဋ္ဌာန်းခဲ့သည့် သတ္တုတွင်းဥပဒေနှင့်အညီ တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးတို့တွင် လုပ်ကွက် စိစစ်ချထားပေးရေး အဖွဲ့များကို ဖွဲ့စည်းတာဝန်ပေးအပ်သွားမည်ဖြစ်ကြောင်း၊ သဘာဝသယံဇာတ အရင်းအမြစ်များကို တူးဖော်ထုတ်လုပ်ရာတွင် ကောင်းမွန်သော စီမံခန့်ခွဲမှု စနစ်ရှိပါက ဝင်ငွေအများအပြားရရှိကာ နိုင်ငံ၏စီးပွားရေးဖွံ့ဖြိုးမှုကို အထောက်အကူပြုပြီး ဆင်းရဲနွမ်းပါးမှု လျော့ကျစေမည်ဖြစ်ကြောင်း၊ စီမံခန့်ခွဲမှုအားနည်းပါက ၎င်းအရင်းအမြစ်များသည် ဆင်းရဲနွမ်းပါးမှု၊ အကျင့်ပျက်ခြစားမှုနှင့် ပဋိပက္ခတို့ကို ဖြစ်ပွားစေမည်ဖြစ်ကြောင်း၊ ကောင်းမွန်သော စီမံခန့်ခွဲမှုစနစ် တည်ဆောက်နိုင်ရန် ပြည်ထောင်စုအစိုးရနှင့် တိုင်းဒေသကြီး/ပြည်နယ် အစိုးရအဖွဲ့များအကြား အပြုသဘောဆောင်သော ပူးပေါင်းဆောင်ရွက်မှုများ အလွန်အရေးကြီးပါကြောင်း ပြောကြားသည်။

အဆိုပါအခမ်းအနားသို့ ပြည်သူ့လွှတ်တော်နှင့် အမျိုးသားလွှတ်တော်တို့မှ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာကော်မတီမှ တာဝန်ရှိသူများ၊ တိုင်းဒေသကြီး/ပြည်နယ် အစိုးရအဖွဲ့များမှ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာဝန်ကြီးများ၊ ဝန်ကြီးဌာနမှ အမြဲတမ်းအတွင်းဝန်များ၊ ညွှန်ကြားရေးမှူးချုပ်များ၊ ဦးဆောင်ညွှန်ကြားရေးမှူးများနှင့် ဖိတ်ကြားထားသူများတက်ရောက်၍ ဝိုင်းဝန်းဆွေးနွေးခဲ့ကြသည်။

အခမ်းအနားတွင် သက်ဆိုင်ရာဌာနများက ဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံး လုပ်နည်းနှင့် ဌာနအလိုက် လုပ်ဆောင်နေမှုများကို ရှင်းလင်းတင်ပြကြသည်။

**(သတင်းစဉ်)**

# ရုပ်ရှင်သရုပ်ဆောင် ဗေလုဝနှင့်အဖွဲ့ ကျောင်းကုန်းမြို့ ကယ်ဆယ်ရေးစခန်းသို့ ဆန်အိတ် ၁၀၀ နှင့် ရေသန့်ဘူးများ လှူဒါန်း

**ကျောင်းကုန်း ဩဂုတ် ၁၁**

မြန်မာ့လူမှုဘဝတိုးတက်မြင့်မားရေး အသင်းအကြံပေး ဦးထင်လင်းဦး၊ ရုပ်ရှင်သရုပ်ဆောင် ဗေလုဝနှင့် ဦးနေမျိုးဇင်တို့ ဦးဆောင်သော အဖွဲ့သည် ယနေ့တွင် ဆန်အိတ် ၁၀၀ နှင့်ရေသန့်ဘူး ခြောက်ဘူးပါ ၁၀၅ ကတ်တို့ကို ဧရာဝတီတိုင်းဒေသကြီး ပုသိမ်ခရိုင် ကျောင်းကုန်းမြို့နယ် သဘာဝဘေးအန္တရာယ်ကာကွယ်ရေးလုပ်ငန်း အကောင်အထည်ဖော်ရေးကော်မတီ (ရေဘေးကယ်ဆယ်ရေးစခန်း)သို့ သွားရောက်လှူဒါန်းခဲ့သည်။

ကျောင်းကုန်းမြို့တွင် ရပ်ကွက်သုံးခု၊ ကျေးရွာအုပ်စု ၃၇ စု၊ ကျေးရွာ ၁၂၇ ရွာ၊ အိမ်ခြေ ၇၂၆၃ အိမ်၊ အိမ်ထောင်စု ၇၂၇၉ စု၊လူဦးရေ ၃၃၄၀၄ ဦးကို ကယ်ဆယ်ရေးစခန်း ၄၁ ခုသို့ ပြောင်းရွှေ့ပေးခဲ့ကြောင်း၊ စိုက်ပြီးလယ်ဧက ၂၂၀၇၂ ဧက ဆုံးရှုံးခဲ့ပြီး ကျေးလက်ဆေးပေးခန်းငါးခုနှင့် စာသင်ကျောင်းအားလုံး ယာယီပိတ်ထားကြောင်း သိရသည်။

**ဝင်းကြိုင်(မြန်/ဆက်)**

■



# တရုတ်နိုင်ငံ ဟယ်ပေခရိုင်ရှိ လျှပ်စစ်ဓာတ်အားပေးစက်ရုံ ပေါက်ကွဲမှုဖြစ် အနည်းဆုံးလူ ၂၁ ဦးသေဆုံး

**ပေကျင်း ဩဂုတ် ၁၁**
တရုတ်နိုင်ငံ၏ လျှပ်စစ်ဓာတ်အားပေးစက်ရုံတစ်ရုံ ပေါက်ကွဲမှုဖြစ်ပွားခဲ့ရာ အနည်းဆုံး လူ၂၁ ဦးသေဆုံးခဲ့ပြီး ငါးဦး ထိခိုက်ဒဏ်ရာရရှိခဲ့ကြောင်း နိုင်ငံပိုင်မီဒီယာ ဆင်ဟွာသတင်းတစ်ရပ်အရ သိရသည်။

အဆိုပါစက်ရုံသည် ကြံ့ခိုင်မှုနည်းပါးမှုကြောင့်ပေါက်ကွဲမှုဖြစ်ပွားခဲ့ခြင်းဖြစ်သည်။ တရုတ်နိုင်ငံ ဟယ်ပေခရိုင် အလယ်ပိုင်း ဒန်ရန်းမြို့ရှိ လျှပ်စစ်ဓာတ်အားပေးစက်ရုံသည် ဩဂုတ် ၁၁ ရက် ညနေ ၃ နာရီ မိနစ် ၂၀ ခန့်တွင် စက်ရုံ၏ ရေနွေးငွေ့ပိုက်လိုင်းများ အပူချိန်လွန်ကဲပြီး ပေါက်ကွဲခဲ့ခြင်းဖြစ်သည်။

အခင်းဖြစ်ပွားပြီးနောက် ထိခိုက်ဒဏ်ရာရရှိသူများအား နီးစပ်ရာဆေးရုံသို့ ဆေးကုသမှုခံယူရန် ပို့ဆောင်ပေးခဲ့ပြီး ကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိကြောင်း ဒေသန္တရအာဏာပိုင်များက ဆိုသည်။

တရုတ်နိုင်ငံအတွင်း လူသေဆုံးသည့်မတော်တဆထိခိုက်မှုများသည် စက်ရုံအလုပ်ရုံများတွင် မကြာခဏဖြစ်ပွားခဲ့သည်။ နိုင်ငံ့စီးပွားရေးကောင်းမွန်လာခဲ့သည့် နှစ်ပေါင်း သုံးဆယ်ကာလအတွင်း စက်ရုံမီးလောင်မှုမှစပြီး သတ္တုတွင်းလုပ်ငန်းများအထိ မတော်တဆမှုများ မကြာခဏဖြစ်ပွားလျက်ရှိသည်။ စက်ရုံအလုပ်ရုံများ ကြံ့ခိုင်မှုပိုမိုတိုးတက်စေရန် တရုတ်အာဏာပိုင်များက ကတိပြုပြောကြားသည်။

လွန်ခဲ့သည့်နှစ် ဩဂုတ်လက လူပေါင်း ၁၇၀ ကျော်သေဆုံးခဲ့သည့် တီရန်ကျင်းဆိပ်ကမ်းမြို့ ဓာတုဗေဒပစ္စည်းသိုလှောင်ရုံများပေါက်ကွဲခဲ့သည့်ဖြစ်စဉ်မှ သင်ခန်းစာယူပြီး မတော်တဆဖြစ်စဉ်များထပ်မံမဖြစ်ပွားရန် သတိရှိစွာ လုပ်ဆောင်ကြရန် သမ္မတရှီကျင့်ဖျင်က အာဏာပိုင်များအား မှာကြားထားကြောင်း သိရသည်။ **ဆင်ဟွာ။**

# တရုတ်နိုင်ငံတွင် အပူလှိုင်းကျရောက်ဖွယ်ရှိ အဝါရောင်အဆင့် သတိပေးချက်ထုတ်ပြန်ထား

**ပေကျင်း ဩဂုတ် ၁၁**
ဩဂုတ် ၁၂ ရက်(သောကြာနေ့)တွင် တရုတ်နိုင်ငံတစ်ဝန်းရှိ ပြည်နယ်အများအပြား၌ အပူလှိုင်းကျရောက်ဖွယ်ရှိခြင်းကြောင့် မိုးလေဝသဌာနက အဝါရောင်အဆင့်ရှိ သတိပေးချက်ကို ဩဂုတ် ၁၁ ရက်တွင် ထုတ်ပြန်ခဲ့ကြောင်း ယနေ့ဆင်ဟွာသတင်း၌ ဖော်ပြသည်။

တရုတ်နိုင်ငံ အနောက်မြောက်ပိုင်း ရှင်ကျန်းအူဂါကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၏ အစိတ်အပိုင်းအချို့၊ ရှန်ဆီးပြည်နယ်၊ ဟီဘေပြည်နယ် မြောက်ပိုင်း၊ ရှန်စီပြည်နယ်၊ ချုံကင်းနှင့်ဆီချွမ်ပြည်နယ်အနောက်တောင်ပိုင်း၊ တရုတ်နိုင်ငံ အရှေ့ပိုင်းနှင့်အလယ်ပိုင်းဒေသရှိ ပြည်နယ်များ၌ ဩဂုတ် ၁၂ ရက် နေ့ပိုင်းအပူချိန်များသည် ၃၅ ဒီဂရီဆဲလ်စီးယက်အထက်သို့မြင့်တက်နိုင်ကြောင်း တရုတ်အမျိုးသား မိုးလေဝသဌာနက ပြောကြားသည်။

ယင်းနေ့၌ ဒေသအချို့တွင် နေ့အပူချိန်သည် ၃၇ ဒီဂရီဆဲလ်စီးယက်မှ ၄၀ ဒီဂရီဆဲလ်စီးယက်အကြားအထိ မြင့်တက်နိုင်ကြောင်း မိုးလေဝသဌာနက ပြောကြားသည်။

တရုတ်နိုင်ငံတွင် ရာသီဥတုဆိုင်ရာ ဘေးအန္တရာယ်ကျရောက်မှုအခြေအနေများအတွက် သတိပေးချက်များ ထုတ်ပြန်ရာ၌ အရောင်လေးမျိုးခွဲခြားသတ်မှတ်ဖော်ပြလေ့ရှိသည်။ ယင်းတို့တွင် အနီရောင်အဆင့်သည် ဘေးအန္တရာယ်အကြီးမားဆုံးအဆင့်ဖြစ်ပြီး ယင်းနောက်တွင် လိမ္မော်ရောင်၊ အဝါရောင်နှင့် အပြာရောင်အဆင့် သတိပေးချက်များခွဲခြားထုတ်ပြန်လေ့ရှိသည်။
**ဆင်ဟွာ။**

# စက်ချွတ်ယွင်းမှုကြောင့် ဒဲလ်တာလေကြောင်းလိုင်းခရီးစဉ် ၂၀၀၀ ဖျက်သိမ်း

**ဂျော်ဂျီယာ ဩဂုတ် ၁၁**
ယခုသီတင်းပတ်အစောပိုင်းတွင် လျှပ်စစ်ဓာတ်အားပြတ်တောက်မှုကြောင့် ဒဲလ်တာလေကြောင်းလိုင်း၏ ကွန်ပျူတာစနစ်များ ချွတ်ယွင်းမှုကြောင့် လေကြောင်းလိုင်းခရီးစဉ် ၂၀၀၀ ခန့်ကို ဖျက်သိမ်းခဲ့ရသည်။

အမေရိကန်နိုင်ငံ ဂျော်ဂျီယာပြည်နယ်တွင် လျှပ်စစ်ဓာတ်အားပြတ်တောက်မှုကြောင့် တနင်္လာနေ့တွင် ဒဲလ်တာလေကြောင်းကုမ္ပဏီ၏ ကွန်ပျူတာစနစ်များ ချွတ်ယွင်းခဲ့ကာ ယင်းနေ့မှာပင် လေကြောင်းလိုင်းခရီးစဉ် ၁၀၀၀ ခန့် ဖျက်သိမ်းခဲ့ရသည်ဟု ဒဲလ်တာလေကြောင်းလိုင်းက ပြောကြားသည်။ အဆိုပါလေကြောင်းကုမ္ပဏီ၏ဌာနချုပ်သည် ဂျော်ဂျီယာပြည်နယ်တွင် တည်ရှိသည်။ ကွန်ပျူတာစနစ်များ ပြန်လည်ပြုပြင်နိုင်ခြင်းမရှိသည့်အတွက် နောက်ရက်တွင်လည်း လေကြောင်းလိုင်းခရီးစဉ်များ ထပ်မံဖျက်သိမ်းခဲ့ရသည်။

ခရီးစဉ်များဖျက်သိမ်းခဲ့ရသည့်အတွက် တောင်းပန်ပါကြောင်းနှင့် အရေးပေါ်လျှပ်စစ်ဓာတ်အားလိုင်းကို ပြောင်းလဲအသုံးပြုရန် ပျက်ကွက်ခဲ့ကြောင်း ဒဲလ်တာလေကြောင်းလိုင်းအမှုဆောင်အရာရှိချုပ်က အင်္ဂါနေ့က လွှင့်တင်ခဲ့သည့် ကုမ္ပဏီဝက်ဘ်ဆိုက်ဗီဒီယိုတွင် ပြောကြားသည်။

ဗုဒ္ဓဟူးနေ့နှောင်းပိုင်းတွင် လေကြောင်းလိုင်းခရီးစဉ်များ ပုံမှန်ပြန်လည်လည်ပတ်နိုင်ခဲ့သည်။

ဒဲလ်တာလေကြောင်းလိုင်းသည် အချိန်တိကျမှန်ကန်မှုအရှိဆုံး အမေရိကန်လေကြောင်းလိုင်းတစ်ခုဖြစ်ပြီး ဝန်ဆောင်မှုများကိုလည်း အမြဲတမ်းတိုးတက်ကောင်းမွန်အောင် ဆောင်ရွက်နေသည့် လေကြောင်းလိုင်းဖြစ်သည်။ သို့သော် ယခုကဲ့သို့ ခရီးစဉ်များ ဖျက်သိမ်းလိုက်ရသည့်အတွက် ၎င်းကုန်အမှတ်တံဆိပ်နှင့် စီးပွားရေးအပေါ် အနည်းငယ် ဆိုးကျိုးသက်ရောက်မှုရှိနိုင်သည်။
**အင်န်အိတ်ချ်ကေ။**
■




# ဘီ-၂ အမျိုးအစား ဗုံးကြဲလေယာဉ်သုံးစင်း ဂူအမ်ကျွန်းတွင် ဖြန့်ကြက်

**နယူးယောက် ဩဂုတ် ၁၁**
နျူကလီးယားလက်နက်များ သယ်ဆောင်နိုင်စွမ်းရှိသည့် ဘီ-၂ အမျိုးအစား ဗုံးကြဲလေယာဉ်သုံးစင်းအား ပစိဖိတ်သမုဒ္ဒရာတွင်းရှိ ဂူအမ်ကျွန်းတွင် ယာယီဖြန့်ကြက်ချထားကြောင်း အမေရိကန်မဟာဗျူဟာစစ်ဌာနချုပ်က ပြောကြားသည်။ ကိုရီးယားကျွန်းဆွယ်၌ တင်းမာမှုများ မြင့်တက်နေစဉ်အတွင်း အဆိုပါ ဗုံးကြဲလေယာဉ်သုံးစင်းအား ဖြန့်ကြက်ခြင်းဖြစ်သည်။

ဂူအမ်ကျွန်းပေါ်ရှိ အန်ဒါဆန်လေတပ်အခြေစိုက်စခန်းသို့ ဘီ-၂ အမျိုးအစား ဗုံးကြဲလေယာဉ်များ ဖြန့်ကြက်ချထားခြင်းသည် ကမ္ဘာလုံးဆိုင်ရာနှင့် ဒေသဆိုင်ရာလုံခြုံရေးအတွက် အမေရိကန်၏ ကတိပြုချက်အား အထောက်အပံ့ပေးမှုကို သရုပ်ဖော်ပြခြင်းဖြစ်ကြောင်း အမေရိကန်မဟာဗျူဟာစစ်ဌာနချုပ် ဌာနချုပ်မှူး ရေတပ်ဗိုလ်ချုပ်ကြီး စီဆယ်လ်ဟန်နေက ပြောကြားသည်။

ဘီ-၂ ဗုံးကြဲလေယာဉ်များအား သက်တမ်းတိုကာလဖြင့် ဖြန့်ကြက်ထားစဉ်အတွင်း အာရှ-ပစိဖိတ်ဒေသအတွင်း၌ ပျံသန်းလေ့ကျင့်ခြင်းများ လုပ်ဆောင်သွားမည်ဖြစ်ပြီး ဒေသအတွင်းရှိ အဓိကကျသော မဟာမိတ်များနှင့် ပူးပေါင်းကာ စွမ်းရည်မြှင့်တင်ခြင်းလုပ်ဆောင်မှုများဖြစ်ကြောင်း သတင်းတွင် ဖော်ပြသည်။

အမေရိကန်-ပစိဖိတ်ဒေသလေတပ်ဖွဲ့သည် ဩဂုတ် ၁၃ ရက်တွင် ဘီ-၁ ဘီအမျိုးအစား ဗုံးကြဲလေယာဉ်များအား ဘီ-၅၂ ဗုံးကြဲလေယာဉ်များနေရာတွင် အစားထိုးဖြန့်ကြက်သွားမည်ဖြစ်သည်။ အဆိုပါလေယာဉ်များအား ဂူအမ်ကျွန်း၏ အန်ဒါဆန်လေတပ်၌ ဖြန့်ကြက်သွားမည်ဖြစ်သည်။ ဂူအမ်ကျွန်းသည် အမေရိကန်-ပစိဖိတ် စစ်ဌာနချုပ်၏ အစိတ်အပိုင်းတစ်ရပ်ဖြစ်ပြီး အဆိုပါကျွန်း၌ ဗုံးကြဲလေယာဉ်များ စဉ်ဆက်မပြတ်ထားရှိရေးအတွက် ဖြန့်ကြက်ခြင်းဖြစ်သည်။ **ကျိုဒို။**

# ကင်ညာနိုင်ငံတွင် သစ်ပင်စိုက်အရေအတွက် ကမ္ဘာ့စံချိန်သစ်တင်ရန် ကြိုးပမ်းမည်

**နိုင်ရိုဘီ ဩဂုတ် ၁၁**
ကင်ညာနိုင်ငံသည် နို့ဝင်ဘာလ သစ်ပင်စိုက်ရာသီအချိန်အတွင်း တစ်နာရီလျှင် အပင်ပေါင်း ငါးသန်းခန့်စိုက်ပြီး ကမ္ဘာ့စံချိန်သစ်တင်ရန် ကြိုးပမ်းမည်ဖြစ်ကြောင်း ဆင်ဟွာသတင်းတစ်ရပ်အရ သိရသည်။

ထိုသို့သစ်ပင်များစိုက်ပျိုးခြင်းကြောင့် ဂေဟစနစ်များပြန်လည်ကောင်းမွန်လာမည်ဖြစ်ပြီး မြစ်ဝှမ်းများအတွင်း ရေသိုလှောင်မှုစွမ်းပကားမြင့်တက်စေရန် များစွာအထောက်အကူပြုကြောင်း သဘာဝပတ်ဝန်းကျင်နှင့် သဘာဝအရင်းအမြစ်များဌာနမှ ဂျူဒီ ဝက်ခ်ဟန်ဂူက ဆိုသည်။

ကမ္ဘာ့စံချိန်တင်သစ်ပင်စိုက်ပွဲကျင်းပခြင်းကြောင့် ရာသီဥတုဘေးအန္တရာယ်ကာကွယ်တားဆီးရေးနှင့် အစာရေစာလုံလောက်မှုများအတွက်ပါ အကျိုးဖြစ်ထွန်းစေမည်ဖြစ်ကြောင်း ၎င်းက ဆက်လက်ပြောကြားခဲ့သည်။

လက်ရှိကမ္ဘာ့စံချိန်တင်ထားသော သစ်ပင်အများဆုံးစိုက်ပျိုးရေးအဖွဲ့သည် ဖိလစ်ပိုင်နိုင်ငံမှ အစိုးရမဟုတ်သောအဖွဲ့အစည်းတစ်ခုဖြစ်သည့် **'သစ်ပင်တော်လှန်ရေး'** အဖွဲ့ဖြစ်သည်။ ၎င်းအဖွဲ့သည် ၂၀၁၄ ခုနှစ် စက်တင်ဘာလက စိုက်ပျိုးသူအရေအတွက် ၁၂၂၀၆၈ ဖြင့် သစ်ပင်ပေါင်း ၂ ဒသမ ၂၉ သန်းကို ကမ္ဘာ့စံချိန်တင်စိုက်ပျိုးထားသည်။

ယခုသစ်ပင်စိုက်ပွဲတွင် ကင်ညာနိုင်ငံ၏ လူတန်းစားမျိုးစုံပါဝင်စိုက်ပျိုးနိုင်ရေးနှင့် ပတ်ဝန်းကျင်ကို ချစ်မြတ်နိုးတတ်စေရန်ရည်ရွယ်ပြီး ကင်ညာကြက်ခြေနီအဖွဲ့နှင့် သဘာဝပတ်ဝန်းကျင်နှင့် သဘာဝအရင်းအမြစ်များဌာနတို့ ပူးပေါင်းစီစဉ်ဆောင်ရွက်မည်ဖြစ်သည်။ လုပ်အားပေးသစ်ပင်စိုက်သူပေါင်း ခုနစ်သောင်းခန့် အသုံးပြုမည်ဖြစ်သည်။ ၂၀၂၀ ပြည့်နှစ်မတိုင်မီတွင် သစ်ပင်ပေါင်း ၂ ဒသမ ၅ ဘီလီယံစိုက်ပျိုးထားရန် ရည်ရွယ်ထားပြီး Adopt-A-Tree App အွန်လိုင်းစာမျက်နှာတစ်ခုကို စိုက်ပျိုးပွဲကာလမတိုင်မီ ပြည်သူလူထုသို့ အသိပေးထားပြီးဖြစ်သည်။ သစ်ပင်တစ်ပင်စိုက်ပျိုးပါက အမေရိကန်ဒေါ်လာ ၃ ဒသမ ၅ ဒေါ်လာရရှိမည်ဖြစ်သည်။

ကင်ညာနိုင်ငံတွင် သစ်ပင်စိုက်ပျိုးမည့်နေရာများ ရွေးချယ်ပေးမည့်အပြင် ကမ္ဘာအရပ်ရပ်မှပြည်သူများ သစ်ပင်စိုက်ပျိုးရေးတွင် ပါဝင်နိုင်စေရန် ဂျီပီအက်စ်စနစ်နှင့် လူမှုနည်းပညာရပ်များအသုံးပြုထားသည်။ ဂျီပီအက်စ်စနစ်သည် သစ်ပင်စိုက်ပျိုးသူများနှင့် ၎င်းတို့စိုက်ပျိုးထားသည့် သစ်ပင်များကို အဆက်အသွယ်ရှိစေရန်ကူညီပေးမည်ဖြစ်သည်။ သို့မှသာ စိုက်ပျိုးထားသော သစ်ပင်များ စောင့်ရှောက်မှုကောင်းပြီး ကမ္ဘာ့စံချိန်သစ်တင်မည်ဖြစ်ကြောင်း သိရသည်။ **ဆင်ဟွာ။**

# ကျေးလက်နေပြည်သူများ၏ ဆင်းရဲနွမ်းပါးမှုများကို လျှော့ချနိုင်ပါက နိုင်ငံတော်၏ လူမှုရေး၊ စီးပွားရေးနှင့် နိုင်ငံရေးတည်ငြိမ်မှုများပိုမိုရရှိလာမည်

**နေပြည်တော် ဩဂုတ် ၁၁**

ဆန်စပါးအပါအဝင် သီးနှံစိုက်ပျိုးထုတ်လုပ်မှုများသည် ခေတ်မမီဘဲ မိရိုးဖလာ စိုက်ပျိုးနည်းများဖြင့် စိုက်ပျိုးလုပ်ကိုင်နေကြသောကြောင့် တစ်ဧကအထွက်နှုန်းများ ကျဆင်းနေကြောင်း လယ်ယာလုပ်ငန်းလုပ်ကိုင်သူများနှင့် လယ်လုပ်သားများသည် လယ်ယာလုပ်ငန်းများကိုစွန့်ခွာပြီး အခြားဝင်ငွေကောင်းသည့် ပြည်ပနိုင်ငံများရှိ လုပ်ငန်းများသို့ ပြောင်းရွှေ့လုပ်ကိုင်နေကြကြောင်း၊ ထိုအကြောင်းအရာများကြောင့် လယ်ယာမြေများသည် တန်ဖိုးသင့်မြေများ ဖြစ်လာရပါကြောင်း ဝေါမဲဆန္ဒနယ်မှ ဦးတင်ထွေးက ၎င်း၏အဆိုတွင် ထည့်သွင်းတင်ပြသည်။

ယနေ့နံနက် ၁၀ နာရီတွင် ကျင်းပသည့် ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး ၁၃ ရက်မြောက်နေ့တွင် ဝေါမဲဆန္ဒနယ်မှ ဦးတင်ထွေးက ကျေးလက်နေပြည်သူများ ဆင်းရဲနွမ်းပါးမှုလျှော့ချရေးနှင့် လူမှုအဆင့်အတန်း မြင့်မားရေးအတွက် လယ်ယာကဏ္ဍ ဖွံ့ဖြိုးတိုးတက်ပြီး တစ်ဧကအထွက်နှုန်း မြင့်မားလာစေရန် စိုက်ပျိုးရေးနှင့် တစ်ပိုင်တစ်နိုင်မွေးမြူရေးလုပ်ငန်းများကို တွဲဖက်လုပ်ကိုင်စေမည့် အစီအမံများအား ဦးစားပေး အကောင်အထည်ဖော်ဆောင်ရွက်ပေးပါရန် နိုင်ငံတော်အစိုးရအား တိုက်တွန်းကြောင်းအဆိုကို တင်သွင်းစဉ် ထိုသို့ ဆွေးနွေးတင်ပြခဲ့ခြင်းဖြစ်သည်။



ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး ၁၃ ရက်မြောက်နေ့ ကျင်းပစဉ်။

ဆက်လက်၍ ဦးတင်ထွေးက တစ်နိုင်ငံလုံးအတိုင်းအတာအရ သီးနှံစိုက်ဧကမှာ ၁၂ သန်းကျော်ရှိပြီး အဓိကစိုက်ပျိုးသီးနှံမှာ စပါးဖြစ်ကြောင်း၊ လယ်ယာလုပ်ငန်းကို အဓိကလုပ်ကိုင်ပြီး အသက်မွေးဝမ်းကျောင်းပြုနေကြသည့် ကျေးလက်နေပြည်သူများ၏ လူမှုစီးပွားဘဝများ မြှင့်တင်နိုင်လျှင် နိုင်ငံစီးပွားမြင့်တက်လာမည်ဖြစ်ကြောင်း၊ ခေတ်မီစိုက်ပျိုးရေးနည်းပညာများနှင့် သိပ္ပံနည်းကျစိုက်ပျိုးမှုနည်းပညာများကို အနီးကပ်ကြီးကြပ်ပညာပေးနိုင်မည့် ကျွမ်းကျင်ပညာရှင်များ ရှားပါးခြင်း၊ အထွက်ကောင်း၊ ဈေးကွက်ဝင်၊ မျိုးကောင်းမျိုးသန့် ထုတ်လုပ်နိုင်သည့် စိုက်ကွင်းစိုက်ကွက်များ လုံလောက်မှုမရှိသလောက်နည်းပါးခြင်းနှင့် တောင်သူများအနေဖြင့် ရရာမျိုးများဖြင့် စိုက်ပျိုးနေရသည့်အတွက် အထွက်နှုန်းကျဆင်းနေခြင်း၊ ရာသီဥတုဖောက်ပြန်မှုဒဏ် ခံနိုင်ရည်ရှိသည့် မျိုးစေ့များထုတ်လုပ်ဖြန့်ဖြူးပေးနိုင်မှု နည်းပါးခြင်း၊ စိုက်ပျိုးသီးနှံများ သဘာဝဘေးဒဏ်ကြောင့် ပျက်စီးဆုံးရှုံးမှုများ ကြုံတွေ့ရသည့်အခါ သီးနှံအာမခံဥပဒေ ပြဋ္ဌာန်းထားခြင်းမရှိသည့်အတွက် ပေးလျော်နိုင်မှုမရှိခြင်းတို့ကြောင့် လယ်သမားများ နစ်နာဆုံးရှုံးမှု အများအပြားရှိနေခြင်းဖြစ်ကြောင်း။

ကမ္ဘာ့နိုင်ငံများတွင် ခေတ်မီအော်ဂဲနစ်နည်းဖြင့် စိုက်ပျိုးရေးတွင် များစွာအကျိုးသက်ရောက်မှုရှိနေကြသော်လည်း မိမိတို့နိုင်ငံတွင် အသိပညာပေးမှုအားနည်းပြီး ရရာမြေဩဇာများကို သုံးစွဲနေရခြင်း၊ လယ်ယာလုပ်ငန်းကို အဓိကအထောက်အကူပြုသည့် ရေသွင်းရေထုတ် ချောင်းမြောင်းများ တူးဖော်ရာတွင် ကြီးကြပ်မှုအားနည်းသည့်အတွက် ထိရောက်မှုမရှိခြင်း၊ လယ်သမားများအနေဖြင့် အထွက်နှုန်းကျဆင်းမှုကြောင့် စိုက်ပျိုးစရိတ် ချေးငွေရရှိသော်လည်း လိုအပ်သည့် သွင်းအားစုများအဖြစ် မသုံးစွဲနိုင်ဘဲ အကြွေးများဆပ်နေရသည့်အတွက် လယ်ယာလုပ်ငန်း၌ အထောက်အကူမပြုနိုင်ခြင်း၊ လယ်ယာလုပ်ငန်းနှင့် တစ်ပိုင်တစ်နိုင် မွေးမြူရေးလုပ်ငန်းများလုပ်ကိုင်ရာတွင် အသိပညာပေးမှုများနှင့် တစ်ဦးချင်းဝင်ငွေရရှိရန် စီမံပေးမှုအားနည်းနေခြင်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဦးစီးဌာန၏ မြစိမ်းရောင်စီမံကိန်းနှင့် တိရစ္ဆာန်မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန၏ အသားတိုးလုပ်ငန်း ထိရောက်အောင်မြင်မှုမရှိခြင်းတို့ကို ဖြည့်ဆည်းပေးပြီး စိုက်ပျိုးရေးနှင့်တွဲဖက်၍ တောင်သူများ တစ်ပိုင်တစ်နိုင် မွေးမြူရေးလုပ်ငန်းများ လုပ်ကိုင်နိုင်ရန် သက်ဆိုင်ရာဝန်ကြီးဌာနအနေဖြင့် ဦးစားပေးအစီအမံများ ပြုလုပ်ဖော်ဆောင်ပေးမည်ဆိုပါက ကျေးလက်နေပြည်သူများ၏ ဆင်းရဲနွမ်းပါးမှုများ သိသာစွာလျော့နည်းလာမည်ဖြစ်ကြောင်း ဆွေးနွေးသည်။

ထို့ပြင် ကျေးလက်နေပြည်သူများ၏ ဆင်းရဲနွမ်းပါးမှုကိုလျှော့ချနိုင်ပါက နိုင်ငံတော်၏ လူမှုရေး၊ စီးပွားရေးနှင့် နိုင်ငံရေးများ ပိုမိုတည်ငြိမ်လာမည်ဖြစ်ကြောင်း လယ်ယာစိုက်ပျိုးရေးလုပ်ငန်း၏ ပကတိအခြေအနေမှန်များကို သိရှိနိုင်ရန်အတွက် တောင်သူလယ်သမားများ၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနနှင့် စိုက်ပျိုးရေးလုပ်ငန်းများတွင် ကျွမ်းကျင်ပြီး အတွေ့အကြုံရှိသည့် အငြိမ်းစားဝန်ထမ်းဟောင်းများပါဝင်သည့် နှီးနှောဖလှယ်ပွဲများ ပြုလုပ်ပေးနိုင်ရန် လိုအပ်မည်ဖြစ်ကြောင်း ဆွေးနွေးခဲ့သည်။

ထို့နောက် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက အဆိုနှင့်စပ်လျဉ်း၍ လွှတ်တော်က လက်ခံဆွေးနွေးရန် သဘောတူကြောင်း ကြေညာသည်။

**(သတင်းစဉ်)**

❖

# မြန်မာ-ဘင်္ဂလားဒေ့ရှ် ပင်လယ်နယ်နိမိတ်မျဉ်းအား ရေပုံပေါ်တွင် နှစ်နိုင်ငံသဘောတူ အတည်ပြုရေးဆွဲနိုင်ရေးဆောလျင်စွာဆောင်ရွက်ရန်လို
# မြန်မာနိုင်ငံလူဦးရေ၏ ၁၀ ပုံ တစ်ပုံရှိသည့် သက်ကြီးရွယ်အိုများကို ကြည့်ရှုစောင့်ရှောက်ရန် မျိုးဆက်သစ်များနှင့် နိုင်ငံတော်တွင် တာဝန်ရှိ

**နေပြည်တော် ဩဂုတ် ၁၁**

ယနေ့ကျင်းပသည့် ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး ၁၃ ရက်မြောက်နေ့တွင် "သက်ကြီးရွယ်အိုများဆိုင်ရာ ဥပဒေကြမ်း" နှင့် "မြန်မာ့ပိုင်နက်ပင်လယ်နှင့် ပင်လယ်ဇုန်များဥပဒေကြမ်း"တို့နှင့်စပ်လျဉ်း၍ လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးကြပြီး ဆွေးနွေးချက်များနှင့်စပ်လျဉ်းပြီး အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီက ပြန်လည်ကြားနာရန် ဆုံးဖြတ်သည်။

"မြန်မာ့ပိုင်နက် ပင်လယ်နှင့် ပင်လယ်ဇုန်များဥပဒေကြမ်း"နှင့်စပ်လျဉ်း၍ တပ်မတော်သားကိုယ်စားလှယ် ဗိုလ်မှူးအောင်ကျော်ဖြိုးက မိမိတို့နိုင်ငံသည် ရှည်လျားသော ပင်လယ်ကမ်းရိုးတန်းနှင့် ကျွန်းပေါင်းများစွာကို ပိုင်ဆိုင်ထားသည့် နိုင်ငံဖြစ်ပါကြောင်း၊ ထို့ကြောင့် နိုင်ငံပိုင် ပိုင်နက်ပင်လယ်ပြင်မှ ရေပေါ်ရေအောက် သယံဇာတများ၊ ရေနံသဘာဝဓာတ်ငွေ့စသည့် စီးပွားရေးလုပ်ငန်းများစွာကို စနစ်တကျထိန်းသိမ်းရမည်ဖြစ်ပါကြောင်း၊ ကုန်းမြေပေါ်တွင်ရှိသည့် ကျွန်းသစ်၊ အဖိုးတန်ကျောက်မျက်ရတနာများသည်လည်း ကြာလာသည်နှင့်အမျှ ရှားပါးစပြုနေပြီဖြစ်ပါကြောင်း၊ ပင်လယ်ပြင်ရေပိုင်နက်မှ ရှာဖွေမထုတ်လုပ်ရသေးသည့် ရေနံသဘာဝဓာတ်ငွေ့၊ ဓာတ်သတ္တုများကို ပိုင်ပိုင်နိုင်နိုင်ရှာဖွေထုတ်လုပ်ရန်အတွက် ဥပဒေနှင့်အညီ ဆောင်ရွက်နိုင်ရန် ယခုတင်ပြသည့် မြန်မာ့ပိုင်နက်ပင်လယ်နှင့် ပင်လယ်ဇုန်များဥပဒေသည် အရေးကြီးပါကြောင်း။

မြန်မာ-ဘင်္ဂလားဒေ့ရှ် နှစ်နိုင်ငံ သက်ဆိုင်ရာဝန်ကြီးဌာနများအနေဖြင့် ပင်လယ်ပြင် ဥပဒေဆိုင်ရာခုံရုံးမှ ဆုံးဖြတ်ချက်ပေးခဲ့သည့် ပင်လယ်နယ်နိမိတ်မျဉ်းအား ရေပုံပေါ်တွင် နှစ်နိုင်ငံသဘောတူ အတည်ပြုရေးဆွဲခြင်း ပြုလုပ်နိုင်ရေး ဆောလျင်စွာဆောင်ရွက်ရန် လိုအပ်ပါကြောင်း၊ အဆိုပါမျဉ်းနှင့် ဆက်စပ်လျက်ရှိသော ပင်လယ်ဇုန်များတွင် ရေပေါ်ရေအောက် သယံဇာတရှာဖွေခြင်းနှင့် နှစ်နိုင်ငံ ပိုင်နက်ရေပြင် ဖြတ်သန်းမှုအစရှိသော ကိစ္စရပ်များတွင် တိတိကျကျဖော်ပြထားခြင်း မရှိသဖြင့် နှစ်နိုင်ငံ လိုက်နာဆောင်ရွက်ရမည့် အချက်များအား ဆွေးနွေးညှိနှိုင်း သဘောတူလက်မှတ်ရေးထိုးရန် လိုအပ်ကြောင်း ဆွေးနွေးသည်။

ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၅)မှ ဦးမောင်မောင်အုန်းက ကမ်းရိုးတန်းတစ်လျှောက်တွင် ပင်လယ်ဆိပ်ကမ်းများဖြစ်သော စစ်တွေ၊ ကျောက်ဖြူ၊ သံတွဲ၊ ပုသိမ်၊ ရန်ကုန်၊ မော်လမြိုင်၊ ထားဝယ်၊ မြိတ်နှင့် ကော့သောင်းတို့အပြင် ထားဝယ်နှင့် ရခိုင်ဒေသတို့၌ ရေနက်ဆိပ်ကမ်းများ မကြာမီပေါ်ပေါက်လာမည်ဖြစ်ကြောင်း၊ လက်ရှိအခြေအနေအရ သင်္ဘောစင်းရေ ၂၀၀၀ခန့်သည် နေ့စဉ်ထိုဆိပ်ကမ်းများသို့ ဝင်ထွက်နေကြကြောင်း၊ အဆိုပါသင်္ဘောများမှ ရေထုညစ်ညမ်းမှု၊ လေထုညစ်ညမ်းမှုများကိုဖြစ်စေသည့် စက်သုံးဆီများနှင့် အန္တရာယ်ရှိသော ကုန်ပစ္စည်းများ၊ သင်္ဘောအင်ဂျင်မှ မီးခိုးများထုတ်လွှတ်နေပါကြောင်း၊ ထို့ကြောင့် ရေထုနှင့် လေထု ညစ်ညမ်းမှုထိန်းသိမ်းရေးအတွက် တားမြစ်ချက်များအဖြစ် MARPOL 73/78 Annex I to VI အထိ ထုတ်ပြန်ခဲ့ပါကြောင်း၊ အထက်ပါအချက်များနှင့် လိုက်လျောညီထွေရှိသည့် ကန့်သတ်နေရာများ၊ ဇုန်များကို အနာဂတ်အတွက် ရည်ရွယ်ကာစီမံထားသင့်ပါကြောင်း။

ကုန်တင်သင်္ဘောများအတွက် ညစ်ညမ်းမှုတားဆီးသော ဥပဒေများနှင့် ဇုန်များ သတ်မှတ်သကဲ့သို့ ရေထွက်သယံဇာတ မလိုအပ်ဘဲ ပြုန်းတီးမှုမရှိစေရန် မြန်မာ့ပိုင်နက်အတွင်းတွင် စနစ်တကျ သုတေသနပြုလုပ်ကာ ဇုန်များခွဲထားသင့်ပါကြောင်းနှင့် ဖွံ့ဖြိုးမှုကို ဦးစားပေးဆောင်ရွက်ပြီး သဘာဝအရင်းအမြစ်၊ အမွေအနှစ်များကာကွယ်ကြရန် တိုက်တွန်းလိုကြောင်း ဆွေးနွေးသည်။

"သက်ကြီးရွယ်အိုများဆိုင်ရာ ဥပဒေကြမ်း"နှင့်စပ်လျဉ်း၍ စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၄)မှ ဦးလှဦးက ဥပဒေသည် ကျင့်သုံးနေသည့် ခေတ်စနစ်နှင့်အညီ လိုက်လျောညီထွေရှိရန် စေ့စပ်သေချာစွာ ပြဋ္ဌာန်းသင့်ပါကြောင်း၊ ဒီမိုကရေစီနိုင်ငံများတွင် ဥပဒေသည် နိုင်ငံသူ နိုင်ငံသားများအတွက် ခိုင်မာသည့် အကာအကွယ်နံရံတစ်ခုဖြစ်ရမည်ဖြစ်ပါကြောင်း။

သက်ကြီးရွယ်အိုများ၏ ဘဝနောက်ဆုံးခရီးတွင် အားကိုးရာမဲ့နေကြပြီး သူတစ်ပါး အကူအညီလိုအပ်နေချိန်တွင် သက်ကြီးရွယ်အိုဥပဒေသည် ကူညီမြှင့်တင်စောင့်ရှောက်နိုင်မည့် ဥပဒေဖြစ်သောကြောင့် ထောက်ခံပါကြောင်း ဆွေးနွေးသည်။

ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၃)မှ ဒေါ်ရွှေရွှေစိန်လတ်က မိမိတို့နိုင်ငံ၏ လူမှုကာကွယ်စောင့်ရှောက်မှုသည် အာဆီယံဒေသတွင် အနည်းဆုံးဖြစ်ပါကြောင်း၊ အာဆီယံကြေညာချက်များနှင့် ကမ္ဘာလုံးဆိုင်ရာစီမံချက်တစ်ခုဖြစ်သည့် ရေရှည်ဖွံ့ဖြိုးတိုးတက်သည့် စီမံချက်ပန်းတိုင်များသည် အရေးပေါ်အခြေအနေအပါအဝင် ဆင်းရဲနွမ်းပါးမှုများနှင့် နိုင်ငံတွင်စီးပွားရေးအကျပ်အတည်း ဖြစ်ပေါ်လာသည့်အခါ များစွာအထောက်အကူရပါကြောင်း။

သက်ကြီးရွယ်အိုဆိုင်ရာ ဥပဒေကြမ်းသည် ၂၀၁၃ခုနှစ် အာဆီယံကြေညာချက်၊ မြန်မာနိုင်ငံ၏ ၂၀၁၄ခုနှစ် လူမှုကာကွယ်စောင့်ရှောက်ရေး အမျိုးသားအဆင့် မဟာဗျူဟာစီမံချက်နှင့် ရေရှည်ဖွံ့ဖြိုးတိုးတက်စေမည့် စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ရေးပန်းတိုင်များနှင့်ကိုက်ညီသည့်အတွက် ထောက်ခံပါကြောင်း၊ သို့သော်လည်း ဥပဒေကြမ်းတွင် လိုအပ်ချက်များရှိနေပါသဖြင့် ဖြည့်စွက်ပြင်ဆင်ရန် လိုအပ်ပါကြောင်း ဆွေးနွေးသည်။

တနင်္သာရီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၀)မှ ဦးစိုးသိန်းက ၂၀၁၄ ခုနှစ် လူဦးရေသန်းခေါင်စာရင်းအရ မြန်မာနိုင်ငံတွင် သက်ကြီးရွယ်အို ၅ သန်းခန့်ရှိနေသည်ကို တွေ့ရပါကြောင်း၊ လက်ရှိအချိန်တွင် ပိုတိုးနေမည်ဖြစ်ပါကြောင်း၊ မြန်မာနိုင်ငံလူဦးရေ၏ ဆယ်ပုံတစ်ပုံရှိသည့် သက်ကြီးရွယ်အိုများကို ကြည့်ရှုစောင့်ရှောက်ရန် ငယ်ရွယ်သူမျိုးဆက်သစ်များနှင့် နိုင်ငံတော်တွင် တာဝန်ရှိပါကြောင်း၊ ၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေတွင် နိုင်ငံတော်သည် သက်ကြီးရွယ်အို အိုမင်းမစွမ်းများကို ကြည့်ရှုစောင့်ရှောက်ရမည်ဟု ပြဋ္ဌာန်းထားပါကြောင်း၊ ဤဥပဒေသည် သက်ကြီးရွယ်အိုများအတွက် အလိုအပ်ဆုံးဖြစ်သည့်အပြင် မိမိတို့ကိုယ်တိုင် အိုမင်းမစွမ်းဖြစ်သည့်အခါ ဤဥပဒေသည် မိမိတို့အတွက် ဖြစ်ပါကြောင်း။



ဗိုလ်မှူးအောင်ကျော်ဖြိုး



လွှတ်တော်ကိုယ်စားလှယ် ဦးစိုးသိန်း

သက်ကြီးရွယ်အိုနှင့် အိုမင်းမစွမ်းသူများကို ကူညီထောက်ပံ့ပြီး လုံခြုံစိတ်ချရသော အကာအကွယ်များပေးနိုင်ရန် ပြဋ္ဌာန်းထားသည့် သက်ကြီးရွယ်အိုများဆိုင်ရာဥပဒေကို ပိုမိုကောင်းမွန်စေရန်၊ ပြည့်စုံစေရန် ရည်ရွယ်ချက်ဖြင့် ဆွေးနွေးခြင်းဖြစ်ကြောင်း ဆွေးနွေးသည်။

ယနေ့အစည်းအဝေးတွင် မြန်မာနိုင်ငံအတွင်း တိုင်းဒေသကြီးနှင့်ပြည်နယ်အနှံ့အပြားတွင် မိုးသည်းထန်စွာရွာသွန်းမှုကြောင့် မြစ်ရေမြင့်တက်ပြီး ရေကြီးရေလျှံမှုများဖြစ်ပွားကာ ရေဘေးသင့်ပြည်သူများ၏ အဆောက်အအုံ၊ ပစ္စည်းဥစ္စာများ၊ လယ်ယာ၊ ကျွဲ၊ နွား တိရစ္ဆာန်များ ပျက်စီးဆုံးရှုံးခဲ့ရသဖြင့် လတ်တလော ရပ်တည်နိုင်ရေးအတွက် အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များက ၎င်းတို့၏ တစ်နေ့တာ နေ့တွက်စရိတ်ကို စုပေါင်းလှူဒါန်းခဲ့ကြသည်။

ရရှိသောအလှူငွေများကို ရေဘေးအန္တရာယ်ကျရောက်သည့် ဒေသများရှိ ရေဘေးသင့်ပြည်သူများ အသုံးပြုနိုင်ရန်အတွက် အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီသို့ ပေးပို့လှူဒါန်းသွားမည်ဖြစ်ကြောင်း သိရသည်။

ထို့ပြင် ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိမ်းကြီးက "သိပ္ပံ၊ နည်းပညာနှင့် ဆန်းသစ်တီထွင်မှုဥပဒေကြမ်း"အား လက်ခံဆွေးနွေးရန် အဆိုတင်သွင်းရာ လွှတ်တော်က သဘောတူကြောင်း ဆုံးဖြတ်ခဲ့သည်။

**(သတင်းစဉ်)**

## ပြည်သူ့သဘောထားစင်မြင့်

*တိုင်းပြည်၏နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးစသည်တို့နှင့်စပ်လျဉ်း၍ ရှုထောင့်စုံမှ သဘောထားအမြင်စုံတို့ကို အများပြည်သူသို့ တင်ပြပေးနိုင်ရန် ဤကဏ္ဍကို ဖွင့်လှစ်ခြင်းဖြစ်၍ စိတ်ဝင်စားသူ မည်သူမဆို ပါဝင်ရေးသားရန် ဖိတ်ခေါ်ပါသည်။ သို့သော် ကြမ်းတမ်းပြင်းထန်သော အယူအဆ၊ အရေးအသားများကိုမူ သတင်းစာ၏မူဝါဒအရ ဖော်ပြပေးနိုင်မည်မဟုတ်ကြောင်းနှင့် ဤကဏ္ဍတွင်ပါရှိသမျှတို့သည် သက်ဆိုင်ရာဆောင်းပါးရှင်အသီးသီး၏ အာဘော်များသာဖြစ်ပါကြောင်း အစီရင်ခံအပ်ပါသည်။ (စာတည်းအဖွဲ့)*

# အစိုးရသစ်၏ ရက် ၁၀၀ စီမံချက်စစ်တမ်း

## ပြည်သွေးနိုင်

၂၀၁၅ နိုဝင်ဘာ ၈ ရက် ရွေးကောက်ပွဲကြီးတွင် အပြတ်အသတ် အနိုင်ရရှိခဲ့သော အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်သည် ၂၀၁၆ ခုနှစ် မတ်လ ၃၀ ရက်နေ့တွင် အစိုးရတစ်ရပ်ကို ဦးဆောင်ဖွဲ့စည်းခဲ့ပါသည်။ အစိုးရတာဝန်များလွှဲပြောင်းယူပြီး မကြာမီမှာပင် မြန်မာနှစ်ကူးသင်္ကြန်ကာလ ရုံးပိတ်ရက်ရှည်နှင့် တည့်တည့်တိုးခဲ့ရကာ အစိုးရလုပ်ငန်းတာဝန်များကို ဧပြီလကုန်ပိုင်းမှသာ စတင်ဆောင်ရွက်နိုင်ခဲ့သည်ကို တွေ့ရပါသည်။ ထိုကာလတွင် အစိုးရသစ်သည် ရက် ၁၀၀ စီမံချက်ကို စတင်ကြေညာခဲ့ပါသည်။ ဆက်တိုက်ဆိုသလိုပင် ဝန်ကြီးဌာနများအလိုက် ရက် ၁၀၀ အတွင်း ဆောင်ရွက်မည့်လုပ်ငန်းစဉ်များကို နိုင်ငံပိုင်သတင်းစာများမှတစ်ဆင့် ဖော်ပြခဲ့ပါသည်။

ရက် ၁၀၀ စီမံချက်သည် မြန်မာနိုင်ငံနှင့် မြန်မာပြည်သူများအဖို့ အသစ်အဆန်းဖြစ်ပါသည်။ ယခင်အစိုးရအဆက်ဆက်တွင် အစိုးရသစ်၏ ရက် ၁၀၀ ဆိုသည်မျိုး ကြားပင်မကြားခဲ့ဖူးဟုဆိုရပါမည်။ ဖွံ့ဖြိုးတိုးတက်ပြီး ဒီမိုကရေစီအသားကျနေသည့် နိုင်ငံများတွင်မူ အစိုးရသစ်များအနေဖြင့် ပထမနေ့ (Day 1) တွင် ဘာလုပ်မည်၊ ဒုတိယနေ့ (Day 2) တွင် ဘာဆောင်ရွက်မည်စသည်ဖြင့် ရက်ပေါင်း ၁၀၀ အတွင်း ဆောင်ရွက်မည့် အစီအစဉ်များကို ကြိုတင်ရေးဆွဲထားလေ့ရှိပါသည်။ အများအားဖြင့် မဲဆွယ်စည်းရုံးရေးကာလ (Campaign) တွင် ပြောကြားခဲ့သော ပေးခဲ့သောကတိများကို အခြေပြုပြီး ရက် ၁၀၀ အတွင်း အကောင်အထည်ဖော်ကြလေ့ရှိပါသည်။

အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် ဦးဆောင်ဖွဲ့စည်းခဲ့သော အစိုးရသစ်၏ ရက် ၁၀၀ စီမံချက်သည် အစိုးရအဖွဲ့အနေဖြင့် လုပ်ဆောင်မည့် လုပ်ငန်းစဉ်များဆိုသည်ထက် ဝန်ကြီးဌာနများအလိုက် ဆောင်ရွက်မည့်လုပ်ငန်းစီမံချက်များအဖြစ် ဖော်ပြခဲ့သည်ကို တွေ့ရပါသည်။ ရက် ၁၀၀ စီမံချက်ကို လေ့လာကြည့်သောအခါ ထူးခြားသည့် လုပ်ငန်းစဉ်မျိုးမတွေ့ရဘဲ ယေဘုယျဆန်လွန်းသည့် ဌာနတွင်း ပုံမှန်လုပ်ဆောင်ချက်များကို ရက် ၁၀၀ အတွင်း ဆောင်ရွက်မည့်လုပ်ငန်းစဉ် စီမံချက်များအဖြစ် ဖော်ပြထားသည်ကို တွေ့ရပါသည်။ ရက် ၁၀၀ အတွင်း ဆောင်ရွက်မည့်လုပ်ငန်းစဉ်များတွင် ပြည်ထဲရေးဝန်ကြီးဌာနအနေဖြင့် ၁၂ ခု၊ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနအနေဖြင့် ၁၂ ခု၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနအနေဖြင့် ကိုးခု စသည်ဖြင့် ဆောင်ရွက်မည့်လုပ်ငန်းများကို ဖော်ပြထားပါသည်။ ဝန်ကြီးဌာနများအလိုက် ရက် ၁၀၀ စီမံချက်များသည် ငါးသိုင်းများဟင်းဟုန်ဆိုသလိုဖြစ်နေပြီး ပစ်မှတ် (Target) များ ဝေဝါးနေသည့်အတွက် ထိထိရောက်ရောက် အကောင်အထည်ဖော်မှုအပိုင်းတွင် အားနည်းနေခဲ့ပါသည်။ ဖြစ်သင့်သည်မှာ ထိရောက်ပြီး ထင်သာမြင်သာရှိသည့် ကိစ္စရပ်များကို အသေအချာရွေးချယ်သင့်ပါသည်။ ဥပမာပြဆိုရသော် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၏ ရက် ၁၀၀ စီမံချက်တွင် ဆောင်ရွက်မည့် လုပ်ငန်းစဉ်လေးခုကို ဖော်ပြထားပါသည်။ အမှတ်စဉ် (၃)တွင် စိုက်ပျိုးရေရရှိရေး၊ ကီလိုဝပ်နာရီသန်းပေါင်း ၁၇၀ ထုတ်လုပ်နိုင်မည်ဖြစ်သော ရေလှောင်တမံစီမံကိန်း ဓာတ်အားပေးစက်ရုံ ရက် ၁၀၀ အတွင်း တည်ဆောက်မည်ဟု ဖော်ပြထားပါသည်။ အမှန်တကယ် တည်ဆောက်နိုင်ခဲ့ပါသလော မေးခွန်းထုတ်စရာဖြစ်ပါသည်။

လယ်ယာကဏ္ဍတစ်ခုတည်းတွင်ပင် အရေးတကြီးလုပ်ဆောင်စရာများစွာရှိပါသည်။ မြေသိမ်း၊ ယာသိမ်း၊ လယ်ယာမြေပိုင်ဆိုင်မှု အငြင်းပွားမှုပြဿနာများမှာ ဦးစားပေး ဖြေရှင်းရမည့်လုပ်ငန်းစဉ် ဖြစ်သင့်ပါသည်။ ထို့အတူ အဘက်ဘက်မှ နိမ့်ကျကျန်ရစ်ခဲ့သော နည်းပညာတိုးတက်ရေးအတွက် မည်သို့ဆောင်ရွက်မည်၊ လယ်ယာထွက်သီးနှံများ ဈေးကွက်ရရှိရေးအတွက် မည်သို့ဆောင်ရွက်မည် စသည့်အကြောင်းအချက်များ ရက် ၁၀၀ ဦးစားပေး လုပ်ငန်းစဉ်များတွင် ပါဝင်သင့်လှပါသည်။ ထိုအခြေခံပြဿနာများကို မကိုင်တွယ်မဖြေရှင်းနိုင်ပါက လယ်ယာကဏ္ဍတိုးတက်လာမည် မဟုတ်ပါ။ ထို့နည်းတူ နိုင်ငံလူဦးရေ၏ ၇၀ ရာခိုင်နှုန်း ဆက်နွှယ်ပါဝင်နေသော လယ်ယာကဏ္ဍ (ကျေးလက်ဒေသ) မဖွံ့ဖြိုး၊ မတိုးတက်သမျှ နိုင်ငံအတွက် စစ်မှန်သော ဖွံ့ဖြိုးတိုးတက်မှု ရရှိနိုင်လိမ့်မည်မဟုတ်ဟု ယုံကြည်ပါသည်။ သို့ဖြစ်၍ လယ်ယာကဏ္ဍကို အစိုးရသစ်အနေဖြင့် အလေးထားအားစိုက်ဆောင်ရွက်သင့်သည်ဟု အကြံပြုလိုပါသည်။ ဒုတိယဥပမာတစ်ခုမှာ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၏ ရက် ၁၀၀ အတွင်း လုပ်ငန်းဆောင်ရွက်မှု လုပ်ငန်းစဉ်အမှတ် (၁၀)တွင် နာမည်မည်းစာရင်း (Black List)စာရင်းရေးသွင်းထားသူများအား ဥပဒေလုပ်ထုံးလုပ်နည်းများနှင့်အညီ ဖြေလျှော့ဆောင်ရွက်ပေးမည်ဟု ဆိုထားသော်လည်း ပြီးခဲ့သည့် သီတင်းပတ်အတွင်း အမေရိကန်ပြည်ထောင်စုမှ မြန်မာနိုင်ငံသို့ ပြန်လာသော ကျောင်းသားခေါင်းဆောင်တစ်ဦးဖြစ်သူ ကိုမောင်မောင်ဝမ်း ပြည်ဝင်ခွင့်မရသည့်ကိစ္စမှာ ထောက်ပြဝေဖန်စရာဖြစ်နေပြန်ပါသည်။

သို့ဖြစ်၍ ရက် ၁၀၀ စီမံချက်အတွင်း ဘာတွေဆောင်ရွက်နိုင်ခဲ့သလဲ ဆိုသော် လက်ဆုပ်လက်ကိုင်ပြစရာ (Tangible Result) မထွက်ပေါ်ခဲ့ဟုသာဆိုရပါလိမ့်မည်။ ထိုသို့ဖြစ်ခဲ့ရခြင်းမှာ အဓိကအကြောင်းနှစ်ချက်ရှိသည်ဟု မြင်ပါသည်။ ပထမတစ်ခုမှာ ဝန်ကြီးဌာနအသီးသီးအပါအဝင် အစိုးရယန္တရားမှာ ယခင်အစိုးရတည်ဆောက်သွားခဲ့သော ယန္တရားအဟောင်းကြီးဖြစ်ပါသည်။ ထိုယန္တရားကြီးကို ဦးဆောင်မည့်ဝန်ကြီးတစ်ဦးတည်းသာ နိုင်ငံရေးဘက်မှ တစ်နည်းအားဖြင့် အနိုင်ရပါတီမှ ရွေးချယ်စေလွှတ်လိုက်သူဖြစ်နေပါသည်။ ထိုပျက်စီးယိုယွင်းနေသော ဗျူရိုကရေစီယန္တရားကြီးကို အသုံးပြုမောင်းနှင်ရသည်မှာ မည်သို့မျှ ခရီးတွင်နိုင်လိမ့်မည်မဟုတ်ပါ။

ဒုတိယအချက်မှာ မူဝါဒ (Policy) ပိုင်း အားနည်းမှုကြောင့် ဖြစ်နိုင်ပါသည်။ အနိုင်ရပါတီဖြစ်သည့် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်တွင် အစိုးရတစ်ရပ်ဦးဆောင်ဖွဲ့စည်းခွင့်ရပါက မည်ကဲ့သို့ဆောင်ရွက်မည်ဆိုသည့် အသေးစိတ်အစီအစဉ်များ၊ မူဝါဒများ ချမှတ်ပြင်ဆင်သည့်အပိုင်းတွင် အားနည်းခဲ့သည့်အတွက် ဖြစ်နိုင်ပါသည်။

သို့ဆိုလျှင် အစိုးရသစ်တွင် ထူးခြားသည့်ဆောင်ရွက်ချက်များ၊ အောင်မြင်သည့် လုပ်ဆောင်ချက်များ မရှိဘူးလားဟု မေးစရာရှိပါသည်။ ထူးခြားသည့် လုပ်ဆောင်ချက်များရှိပါသည်။ ယင်းတို့မှာ (၁) နိုင်ငံရေးအကျဉ်းသားများ လွှတ်ပေးခြင်း၊ (၂) ဖိနှိပ်သည့် ခေတ်မမီတော့သည့် ဥပဒေတချို့ ဖျက်သိမ်းပေးခြင်း၊ (၃) ငြိမ်းချမ်းရေးအတွက် (၂၁) ရာစုပင်လုံညီလာခံကြီးဖြစ်ပေါ်လာအောင် ကြိုးပမ်းဆောင်ရွက်နေခြင်း၊ (၄) ပထဝီနိုင်ငံရေးကို သတိထားကျင့်သုံးနိုင်ခြင်း၊ (၅) အာဆီယံအဖွဲ့ကြီးအတွင်း ခေါင်းဆောင်မှုနေရာရလာခြင်းနှင့် အသိအမှတ်ပြုခံလာရခြင်းတို့မှာ အစိုးရသစ်၏ အောင်မြင်သော လုပ်ဆောင်ချက်ကောင်းများဖြစ်ပါသည်။ သို့သော် အံ့ဩစရာကောင်းသည်မှာ ယင်းအချက်များသည် ဝန်ကြီးဌာနအလိုက် အကောင်အထည်ဖော်ဆောင်မည့် ရက် ၁၀၀ စီမံချက်တွင် မပါဝင်ခြင်းပင်ဖြစ်ပါသည်။

ထို့အပြင် အရေးပါသော စီးပွားရေးကဏ္ဍတွင်လည်း သိသာထင်ရှားသော ပြုပြင်ပြောင်းလဲမှုများနှင့် တိုးတက်သည့်ဆောင်ရွက်ချက်များမှာလည်း အားရဖွယ်မရှိလှဟုပင်ဆိုရပါမည်။ အထူးသဖြင့် အစိုးရသစ်၏ စီးပွားရေးမူဝါဒသစ်ကို စိတ်ဝင်တစားစောင့်ကြည့်လေ့လာနေခဲ့ကြပါသည်။ အစိုးရသစ်အနေဖြင့် အသေးစားနှင့် အလတ်စားစက်မှုလုပ်ငန်းများ(SME)နှင့် ပတ်သက်သည့်သဘောထား၊ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု (FDI) တက်လာအောင် မည်သို့ဆောင်ရွက်မည်နည်း၊ မြန်မာ့စီးပွားရေးလုပ်ငန်းအများစုကို လက်ဝါးကြီးအုပ်ချုပ်ကိုင်ထားသည့် မြန်မာနိုင်ငံသား လုပ်ငန်းရှင်ကြီးများ (ခရိုနီကြီးများ) ကို မည်သို့ကိုင်တွယ်မည်နည်း စသည့်မူဝါဒသဘောထား သိသာထင်ရှားစွာ မတွေ့ခဲ့ရသည်မှာ ဝမ်းနည်းဖွယ်ရာဖြစ်ပါသည်။ ရက် ၁၀၀ ကာလ နောက်ဆုံးပိုင်းတွင် ထွက်ပေါ်လာသော စီးပွားရေးမူဝါဒမှာလည်း ယေဘုယျဆန်လွန်းပြီး အသေးစိတ်အချက်အလက်များ မပါဝင်ဟု ဝိုင်းဝန်းဝေဖန်ခြင်း ခံခဲ့ရပါသည်။

မည်သို့ပင်ဖြစ်စေ အစိုးရသစ်သည် ရက် ၁၀၀ အတွင်း စိတ်စေတနာအပြည့်ဖြင့် ကြိုးပမ်းဆောင်ရွက်ခဲ့သည်ကို အသိအမှတ်ပြုရပါမည်။ သို့သော် နှစ်ပေါင်း ၅၀ ကျော်ကာလ ကဏ္ဍပေါင်းစုံ ယိုယွင်းပျက်စီးခဲ့ရသည့်အတွက် အစိုးရသစ်အနေဖြင့် ပြင်ဆင်ဆောင်ရွက်လိုသော်လည်း ဝန်နှင့်အားမမျှသည့် အနေအထားနှင့် ရင်ဆိုင်နေရမည်မှာ သေချာလှပါသည်။ ဟန်းနီးမွန်းကာလ အလွန် ရေရှည်တွင် ပြည်သူအများသည် အစိုးရသစ်အပေါ်တွင် စီးပွားရေးမည်မျှ တိုးတက်ချောင်လည်လာအောင် ဆောင်ရွက်ပေးနိုင်သနည်းဆိုသည့် ပေတံနှင့် တိုင်းတာမည်မှာ သေချာလှပါသည်။ ငြိမ်းချမ်းရေးသည် တိုင်းပြည်အတွက် အသက်တမျှအရေးကြီးသည်မှာ မှန်သော်လည်း စီးပွားရေးကိစ္စသည်လည်း အလေးထားရမည့်ကိစ္စရပ်ဖြစ်ပါသည်။ ထို့အတူ ကင်ဆာရောဂါသဖွယ် အမြစ်တွယ်ဒုက္ခပေးနေသော အကျင့်ပျက်ခြစားမှု၊ လာဘ်ပေး လာဘ်ယူမှုကိစ္စများကိုလည်း ထိရောက်စွာကိုင်တွယ်ဖြေရှင်းရန်လည်း လိုအပ်လျက်ရှိပါသည်။ ။

## ပြန်ကြားရေးဝန်ကြီးဌာန သတင်းထုတ်ပြန်ချက်

### ပုံနှိပ်ခြင်း၊ ထုတ်ဝေခြင်းနှင့် သတင်းအေဂျင်စီလုပ်ငန်းများအား ခွင့်ပြုပေးမှုအခြေအနေ

ပြန်ကြားရေးဝန်ကြီးဌာနသည် ပြည်ထောင်စုအစိုးရ၏ သဘောတူညီချက်ဖြင့် ပုံနှိပ်ခြင်းနှင့် ထုတ်ဝေခြင်းလုပ်ငန်း နည်းဥပဒေများကို အမိန့်ကြော်ငြာစာအမှတ် (၄၈/ ၂၀၁၄) ဖြင့် ၂၀၁၄ ခုနှစ် အောက်တိုဘာလ ၁၀ ရက်နေ့တွင် ထုတ်ပြန်ခဲ့ပြီးနောက် လုပ်ငန်းအသိအမှတ်ပြုလက်မှတ် လျှောက်ထားလာပါက ပုံနှိပ်ခြင်းနှင့် ထုတ်ဝေခြင်းလုပ်ငန်း နည်းဥပဒေများ နှင့်အညီ စိစစ်၍ လုပ်ငန်းအသိအမှတ်ပြုလက်မှတ် များကို ခွင့်ပြုပေးလျက်ရှိပါသည်။

ထိုသို့ဆောင်ရွက်ပေးခဲ့ရာ (၈-၈-၂၀၁၆) ရက် နေ့ကပြုလုပ်သော ပြန်ကြားရေးဝန်ကြီးဌာန စီမံခန့်ခွဲ ရေးကော်မတီအစည်းအဝေးတွင် (၁၁-၇-၂၀၁၆) ရက်နေ့မှ (၂၂-၇-၂၀၁၆) ရက်နေ့အထိ လုပ်ငန်း အသိအမှတ်ပြုလက်မှတ် လျှောက်ထားလာသည့် ပုံနှိပ်ခြင်းလုပ်ငန်းအတွက် အသစ်လျှောက်ထားသူ နှစ်ဦး၊ ထုတ်ဝေခြင်းလုပ်ငန်းအတွက် အသစ်လျှောက်ထားသူ ဂျာနယ်တစ်ဦး၊ မဂ္ဂဇင်းတစ်ဦး၊ အထွေထွေ ၁၀ ဦး ပေါင်း ၁၂ ဦးနှင့် သတင်းအေဂျင်စီ လုပ်ငန်းလုပ်ကိုင်လိုသူ နှစ်ဦးတို့အား ခွင့်ပြုပေးခဲ့ပါသည်။

ပုံနှိပ်ခြင်းနှင့် ထုတ်ဝေခြင်းလုပ်ငန်း နည်းဥပဒေများပြဋ္ဌာန်းသည့် (၁၀-၁၀-၂၀၁၄) ရက်နေ့မှစ၍ ယနေ့အထိ ပုံနှိပ်ခြင်းလုပ်ငန်း ၁၃၅၂ ဦး၊ ထုတ်ဝေခြင်းလုပ်ငန်း ၁၈၆၀ ဦးနှင့် သတင်းအေဂျင်စီလုပ်ငန်း ၄၄ ဦး စုစုပေါင်း ပုံနှိပ်ခြင်း၊ ထုတ်ဝေခြင်းနှင့် သတင်းအေဂျင်စီလုပ်ငန်း ၃၂၅၆ ဦးအား အသိအမှတ်ပြုလက်မှတ်များ စိစစ်ခွင့်ပြုပေးခဲ့ပါသည်။

ပုံနှိပ်သက်တမ်းတိုး လျှောက်ထားသူ တစ်ဦးနှင့် ဂျာနယ်လျှောက်ထားလာသူ တစ်ဦးတို့အား အချက်အလက်များ စိစစ်ဆောင်ရွက်ဆဲဖြစ်ကြောင်း သတင်းထုတ်ပြန်အပ်ပါသည်။

**ပြန်ကြားရေးဝန်ကြီးဌာန**

## အစိုးရသစ်၏ ပထမရက် ၁၀၀ ကာလအတွင်းဆောင်ရွက်ခဲ့မှုများနှင့် ပတ်သက်သည့် သတင်းစာရှင်းလင်းပွဲများပြုလုပ်မည့် အစီအစဉ်ထုတ်ပြန်

**နေပြည်တော် ဩဂုတ် ၁၁**

အစိုးရသစ်၏ ပထမရက် ၁၀၀ ကာလအတွင်း ဆောင်ရွက်ခဲ့မှုများနှင့်ပတ်သက်သည့် သတင်းစာရှင်းလင်းပွဲကို ဩဂုတ် ၁၂ ရက်မှစတင်၍ နေပြည်တော်ရှိ ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီးရုံး စုပေါင်းအစည်းအဝေးခန်းမ၌ အပတ်စဉ်ပြုလုပ်သွားမည်ဖြစ်ပြီး ဩဂုတ် ၁၂ ရက် မွန်းလွဲ ၁ နာရီတွင် နိုင်ငံခြားရေးဝန်ကြီးဌာန၊ နယ်စပ်ရေးရာဝန်ကြီးဌာန၊ လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာနတို့က ရှင်းလင်းဖြေကြားသွားမည်ဖြစ်သည်။

သတင်းစာရှင်းလင်းပွဲများကို အပတ်စဉ်အောက်ပါအတိုင်း ဆက်လက်ကျင်းပသွားရန် လျာထားကြောင်းနှင့် အခြေအနေပေါ်မူတည်ပြီး အပြောင်းအလဲရှိပါကလည်း အချိန်မီအသိပေးသွားမည်ဖြစ်ကြောင်း သိရသည်။

(က) ဩဂုတ် ၁၆ ရက်တွင် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ ပြည်ထဲရေးဝန်ကြီးဌာန၊ ဆောက်လုပ်ရေးဝန်ကြီးဌာန၊

(ခ) ဩဂုတ် ၁၉ ရက်တွင် သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန၊ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီး ဌာန၊ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန၊

(ဂ) ဩဂုတ် ၂၃ ရက်တွင် ပြန်ကြားရေးဝန်ကြီးဌာန၊ စက်မှုဝန်ကြီးဌာန၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန၊ ပညာရေးဝန်ကြီးဌာန၊

(ဃ) ဩဂုတ် ၂၆ ရက်တွင် နိုင်ငံတော်အတိုင်ပင်ခံရုံးဝန်ကြီးဌာန၊ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၊ ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန၊ တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန၊

(င) ဩဂုတ် ၃၀ ရက်တွင် အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၊ ပြည်ထောင်စုရှေ့နေချုပ်ရုံး၊ ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး၊ ပြည်ထောင်စုရာထူးဝန်အဖွဲ့။

သတင်းစာရှင်းလင်းပွဲများသို့ တက်ရောက်သတင်းရယူလိုသည့် သတင်းဌာနများအနေဖြင့် ပြန်ကြားရေးဝန်ကြီးဌာန၊ ပြည်တွင်း/ပြည်ပဆက်ဆံရေးနှင့် သတင်းပြန်ကြား ရေးဌာနခွဲ၊ အီးမေးလ် ir.pso.moi2015@gmail.com သို့ လိပ်မူ၍ အမည်၊ မှတ်ပုံတင်အမှတ်၊ သတင်းဌာန၊ ဆက်သွယ်ရန်ဖုန်းနံပါတ်၊ လိပ်စာ(အီးမေးလ်လိပ်စာ) တို့ကို ပြည့်စုံမှန်ကန်စွာ ဖြည့်စွက်ပြီး ဩဂုတ် ၁၂ ရက်မှစ၍ စာရင်းပေးသွင်းနိုင်ကြောင်း သိရှိရသည်။

**(သတင်းစဉ်)**

## ကယ်ဆယ်ရေးနှင့်ပြန်လည်ထူထောင်ရေး

**❂ ရှောင်လွှဲမရသည့် သဘာဝဘေးမှ** ပြန်လည်ထူထောင်ရေးလုပ်ငန်းများအတွက်လည်း ကြိုးစားဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ပြောကြားသည်။

ယင်းနောက် မိုးညိုမြို့နယ် ရေဘေးကယ်ဆယ်ရေးစခန်း ၂၇ ခုရှိ ရေဘေးသင့်ပြည်သူများအား ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့က ထောက်ပံ့သည့် ငွေကျပ် ၄၇၂၅၆၅၀၀၊ အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုရန်ပုံငွေမှ ထောက်ပံ့သည့် ငွေကျပ် ၂၃၂၃၄၇၀၀၊ ပညာရေးဝန်ကြီးဌာနက ထောက်ပံ့သည့် ဗလာစာအုပ် ၉၆၃၅ ဒါဇင်၊ ဧရာဝတီဖောင်ဒေးရှင်းက လှူဒါန်းသည့် ဆန် ၃၀၅ အိတ်နှင့် ဆီ ၆၀၅ ပိဿာ၊ တောင်ပိုင်းတိုင်း စစ်ဌာနချုပ်က ထောက်ပံ့သည့် ဆန် ၂၅ အိတ်နှင့် ဆီပိဿာ ၅၀ တို့ကို ပေးအပ်သည်။

အဆိုပါထောက်ပံ့ပေးသည့် ရိက္ခာပစ္စည်းများအား ဒေသဆိုင်ရာအုပ်ချုပ်ရေးအဖွဲ့အစည်းများ၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနနှင့် လူမှုအဖွဲ့အစည်းများပူးပေါင်း၍ ရေဘေးသင့်ပြည်သူများလက်ဝယ်သို့ အမြန်ဆုံးရောက်ရှိရေး ဆောင်ရွက်ပေးလျက်ရှိသည်။

ယင်းနောက် ဒုတိယသမ္မတသည် ရေကင်းမြို့ ဘုရားကြီးကုန်းခအောင်းပင် တာကျိုးပေါက်မှုနှင့် ရေတိုက်စားမှုကြောင့် ပြတ်တောက်သွားသည့် တာပွန်-နတ်တလင်း-



ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူ မိုးညိုမြို့ ရေဘေးကယ်ဆယ်ရေးစခန်းတွင် ရေဘေးသင့်ပြည်သူများအတွက် ထောက်ပံ့ငွေများပေးအပ်စဉ်။ (သတင်းစဉ်)


မင်းလှ-မိုးညို ဆက်သွယ်ထားသည့် တာပျက်စီးမှုတို့ကို ကြည့်ရှုစစ်ဆေးပြီး စိုက်ပျိုးမြေများ ထိခိုက်ပျက်စီးမှု လျော့နည်းစေရေးအတွက် အမြန်ပြန်လည်ပြုပြင်နိုင်ရန် လိုအပ်သည်များကို ပံ့ပိုးပေးခဲ့သည်။

ဆက်လက်၍ ရေကင်းမြို့တိုက်နယ်ပြည်သူ့ဆေးရုံသို့ ရောက်ရှိရာ တာဝန်ရှိသူများက ဆေးရုံဝင်းအတွင်း ရေဝင်ရောက်နေမှု၊ ဆေးပစ္စည်းနှင့် ဆေးဝါးများ စနစ်တကျ ထိန်းသိမ်းထားရှိမှုနှင့် လူနာများအား ဆေးဝါးကုသပေးနေမှုအခြေအနေကို ရှင်းလင်းတင်ပြကြသည်။


တင်ပြချက်များအပေါ် ဒုတိယသမ္မတက မြွေဆိပ်ဖြေဆေးများကို လိုအပ်သည့်အချိန် အသုံးပြုနိုင်ရန် စီစဉ်ထားရှိရေး၊ ရေကြောင့်ဖြစ်ပွားသည့် ကူးစက်ရောဂါများ ဖြစ်ပွားမှုမရှိစေရေးနှင့် တစ်ကိုယ်ရေသန့်ရှင်းမှု အသိပညာပေးရေးလုပ်ငန်းများ ဆောင်ရွက်ရန်မှာကြားပြီး ဆေးရုံတက်ရောက်ကုသနေသည့် လူနာများကို အားပေးစကားပြောကြားကာ ထောက်ပံ့ငွေများ ပေးအပ်သည်။

ထို့နောက် မိုးညိုမြို့နယ် ကျွန်းညိုကျေးရွာအုပ်စု ရေဘေးသင့်ပြည်သူများကို အားပေးစကားပြောကြားကာ ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်ခဲ့သည်။ **(သတင်းစဉ်)**


## ပုသိမ်၊ မအူပင်၊ ဟင်္သာတ၊ ဇလွန်နှင့် ငါးသိုင်းချောင်းမြို့များ၏ စိုးရိမ်ရေမှတ်ကျော်လွန်နေမှုအခြေအနေ





ပုသိမ်မြို့ ငဝန်မြစ်ရေအခြေအနေ (စင်တီမီတာ)





မအူပင်မြို့ တိုးမြစ်ရေအခြေအနေ (စင်တီမီတာ)




ဇလွန်မြို့ ဧရာဝတီမြစ်ရေအခြေအနေ (စင်တီမီတာ)




ငါးသိုင်းချောင်းမြို့ ငဝန်မြစ်ရေအခြေအနေ (စင်တီမီတာ)




ဟင်္သာတမြို့ ဧရာဝတီမြစ်ရေအခြေအနေ (စင်တီမီတာ)

# ရေလှောင်တမံကြီးများနှင့် ရေလှောင်တမံများ ကျိုးပေါက်မှုမရှိ၊ ရေကင်းများချထားပြီး စောင့်ကြပ်ကြည့်ရှုလျက်ရှိ

**နေပြည်တော် ဩဂုတ် ၁၁**

မြန်မာနိုင်ငံတစ်ဝန်းတွင် မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် ဆည်တာတမံများ ကျိုးပေါက်မှုမရှိစေရေး ရေကင်းများချထားပြီး စောင့်ကြပ်ကြည့်ရှုဆောင်ရွက်လျက်ရှိရာ ယနေ့နံနက် ၉ နာရီ တိုင်းထွာချက်အရ ရေလှောင်တမံကြီး ၂၄ ခုတွင် သတ်မှတ်ရေလှောင်ပမာဏပြည့်မီသဖြင့် ရေပိုလွှဲများမှ ရေကျော်ကျလျက်ရှိပြီး တာတမံများ ကျိုးပေါက်မှုမရှိကြောင်း စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနမှ သိရသည်။

### သတ်မှတ်ရေလှောင်ပမာဏပြည့်မီသဖြင့် ရေပိုလွှဲမှ ရေကျော်ကျလျက်ရှိသည့် ရေလှောင်တမံကြီးများ

| စဉ် | ဆည်အမည် | နေရာ/ဒေသ | ကန်ရေပြည့် ရေလှောင်ပမာဏ (ဧကပေ) | ရေပိုလွှဲမှ ရေကျော်ကျမှု (ပေ) |
|---|---|---|---|---|
| ၁။ | ရေဘုတ်ရေလှောင်တမံ | ကရင်- လှိုင်းဘွဲ့မြို့ | ၂၈၄၇၄ | ၀. ၉၀' |
| ၂။ | လိုင်ဗားရေလှောင်တမံ | ချင်း- ဖလမ်းမြို့ | ၁၉၅၄ | ၀. ၄၀' |
| ၃။ | ရာဇဂြိုဟ်ရေလှောင်တမံ | စစ်ကိုင်း- ကလေးမြို့ | ၅၂၀၀၀ | ၂. ၄၀' |
| ၄။ | မင်းရဲရေလှောင်တမံ | ပဲခူး-အုတ်တွင်းမြို့ | ၂၃၅၀ | ၀. ၂၀' |
| ၅။ | ဘောနီရေလှောင်တမံ | ပဲခူး- ဒိုက်ဦးမြို့ | ၃၅၂၀၀ | ၀. ၃၀' |
| ၆။ | ပျဉ်ပုံကြီးရေလှောင်တမံ | ပဲခူး- ဒိုက်ဦးမြို့ | ၁၁၁၃၀ | ၀. ၆၀' |
| ၇။ | မဇင်းရေလှောင်တမံ | ပဲခူး- ပဲခူးမြို့ | ၂၆၁၈၆ | ၁. ၁၀' |
| ၈။ | ဇလက်ထော်ရေလှောင်တမံ | ပဲခူး- ပဲခူးမြို့ | ၁၈၉၁၂ | ၁. ၂၀' |
| ၉။ | ရွှေပြည်(၃) ရေလှောင်တမံ | ပဲခူး- ပဲခူးမြို့ | ၃၇၀၀ | ၀. ၁၀' |
| ၁၀။ | တောင်နဝင်းရေထိန်းတမံ | ပဲခူး- ပေါက်ခေါင်းမြို့ | ၂၁၁၉၆ | ၀. ၈၂' |
| ၁၁။ | ဝဲကြီးရေလှောင်တမံ | ပဲခူး- ပေါင်းတည်မြို့ | ၂၅၂၀၀၀ | ၀. ၅၀' |
| ၁၂။ | သဲကောရေလှောင်တမံ | ပဲခူး- လက်ပံတန်းမြို့ | ၅၂၅၀၀ | ၁. ၀၀' |
| ၁၃။ | ဆဒ္ဒန်ရေလှောင်တမံ | မကွေး- မြို့သစ်မြို့ | ၂၅၀၀၀ | ၀. ၃၀' |
| ၁၄။ | မုန်းချောင်းရေလှောင်တမံ | မကွေး- စေတုတ္တရာမြို့ | ၆၇၄၄၀၇ | ၄. ၉၀' |
| ၁၅။ | မန်းချောင်းရေလှောင်တမံ | မကွေး- ငဖဲမြို့ | ၁၂၀၀၀၀ | ၁. ၂၀' |
| ၁၆။ | ကြီးအုံကြီးဝရေလှောင်တမံ | မကွေး- ပွင့်ဖြူမြို့ | ၃၁၉၇၀၀ | ၆. ၄၀' |
| ၁၇။ | မြစ်သာရေလှောင်တမံ | မကွေး- ဂန့်ဂေါမြို့ | ၃၇၇၆၀၀ | ၁. ၁၀' |
| ၁၈။ | တောင်ခရမ်းရေလှောင်တမံ | မကွေး- ဂန့်ဂေါမြို့ | ၁၁၇၂၆ | ၀. ၄၀' |
| ၁၉။ | မဒေးရေလှောင်တမံ | မကွေး -ကံမမြို့ | ၅၃၉၀၈ | ၀. ၂၀' |
| ၂၀။ | ဝါးပါးရေလှောင်တမံ | မွန်- သထုံမြို့ | ၄၁၅၀ | ၀. ၅၀' |
| ၂၁။ | ရှောက်ချောင်းရေလှောင်တမံ | ရခိုင်- ကျောက်တော်မြို့ | ၁၁၄၀ | ၁. ၄၀' |
| ၂၂။ | မုံးရင်ရေလှောင်တမံ | ရှမ်းမြောက်- နမ္မတူမြို့ | ၂၅၉၀၀ | ၀. ၈၅' |
| ၂၃။ | နန်ကာသူရေလှောင်တမံ | ဧရာဝတီ- အင်္ဂပူမြို့ | ၄၀၄၈၇ | ၀. ၈၀' |
| ၂၄။ | ကညင်ရေလှောင်တမံ | ဧရာဝတီ- အင်္ဂပူမြို့ | ၁၄၅၀၀၀ | ၁. ၄၀' |

**(သတင်းစဉ်)**

## ကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေး



ဧရာဝတီတိုင်းဒေသကြီး ညောင်တုန်းမြို့နယ် အလယ်ကျွန်းကျေးရွာမှ ရေဘေးသင့်ပြည်သူများအား ရန်ကုန်တိုင်းစစ်ဌာနချုပ်မှ တပ်မတော်သားများ တပ်မတော်လှေများဖြင့် သွားရောက်ကာ စားသောက်ဖွယ်ရာများ ထောက်ပံ့ပေးအပ်စဉ်။

(တပ်မတော်ကာကွယ်ရေး ဦးစီးချုပ်ရုံးဖေ့စ်ဘွတ်)



မန္တလေးတိုင်းဒေသကြီး အမရပူရမြို့နယ် ရွှေလေးရွာရှိ ရေဘေးသင့်ပြည်သူများအား အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်မှ တပ်မတော်သားများ ကူညီရွှေ့ပြောင်းပေးကြစဉ်။



ပဲခူးတိုင်းဒေသကြီး ပြည်ခရိုင် ပန်းတောင်းမြို့နယ် ဆိတ်တဲကျေးရွာရှိ ရေဘေးသင့်ပြည်သူများအား ဩဂုတ် ၇ ရက်က ရထားရဲတပ်ဖွဲ့ အမှတ်(၁၉)တပ်ခွဲ ပြည်ရထားရဲစခန်းမှ စခန်းမှူး ရဲအုပ်ကျော်မင်းဦးနှင့်အဖွဲ့ အစားအစာနှင့် ဆေးဝါးများ သွားရောက်လှူဒါန်းစဉ်။

(ရဲပြန်ကြား)



ရန်ကုန်တိုင်းဒေသကြီး ရဲတပ်ဖွဲ့ ဒုတိယ တိုင်းရဲတပ်ဖွဲ့မှူး ရဲမှူးကြီးမျိုးဆွေ ရန်ကုန်မြောက်ပိုင်းခရိုင် နယ်မြေရဲစခန်းများမှ ရေဘေးရှောင်မိသားစုများအား ထောက်ပံ့ငွေနှင့် စားသောက်ဖွယ်ရာများ ထောက်ပံ့ပေးအပ်စဉ်။

(ရဲပြန်ကြား)

## တိုင်းဒေသကြီး/ပြည်နယ်အသီးသီး၌ ရေဘေးဖြစ်ပွားနေမှုနှင့် ဩဂုတ် ၁၁ ရက်အထိ ထောက်ပံ့ပေးမှုအခြေအနေ

**နေပြည်တော် ဩဂုတ် ၁၁**

၂၀၁၆ ခုနှစ် ဇူလိုင်လလယ်ခန့်မှ စတင်ဖြစ်ပွားလျက်ရှိသော ရေကြီးရေလျှံမှုများကြောင့် တိုင်းဒေသကြီး/ပြည်နယ်အချို့တွင် ပြည်သူများအား ဘေးလွတ်ကင်းရာနေရာများသို့ ယာယီပြောင်းရွှေ့နေရာချထားပေးမှုများရှိခဲ့ရာ ဩဂုတ် ၁၁ ရက်အထိ အိမ်ထောင်စု ၉၈၀၀၀ ကျော်မှ လူဦးရေ ၄၂၀၀၀၀ ကျော်ကို ဘေးလွတ်ရာနေရာများသို့ ပြောင်းရွှေ့နေရာချထားပေးခဲ့ရပြီး လူခြောက်ဦး သေဆုံးခဲ့သည်။

ရေကြီးရေလျှံမှုများအနေဖြင့် စစ်ကိုင်းတိုင်းဒေသကြီးတွင် မြို့နယ် ၁၂ မြို့နယ်၊ မန္တလေးတိုင်းဒေသကြီးတွင် မြို့နယ် ၁၂ မြို့နယ်၊ မကွေးတိုင်းဒေသကြီးတွင် မြို့နယ် ၁၄ မြို့နယ်၊ ပဲခူးတိုင်းဒေသကြီးတွင် မြို့နယ် ကိုးမြို့နယ်၊ ဧရာဝတီတိုင်းဒေသကြီးတွင် မြို့နယ် ၁၂ မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီးတွင် မြို့နယ် သုံးမြို့နယ်နှင့် မွန်ပြည်နယ်တို့တွင် ရေဘေးဒဏ်ခံစားခဲ့ရပြီး ပဲခူးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီးနှင့် ရန်ကုန်တိုင်းဒေသကြီးတို့မှအပ ကျန်တိုင်းဒေသကြီးများနှင့် ပြည်နယ်တို့တွင် ရေများပြန်လည်ကျဆင်းသွားပြီဖြစ်သည်။

အဆိုပါရေဘေးဒဏ်ခံစားခဲ့ရသည့် ပြည်သူများအတွက် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနမှ ကူညီထောက်ပံ့မှုများ ဆောင်ရွက်လျက်ရှိရာ ဇူလိုင် ၁၅ ရက်မှ ဩဂုတ် ၁၁ ရက်ထိ ဆန်၊ ခေါက်ဆွဲ၊ ရေသန့်၊ ငါးသေတ္တာ၊ ရေသန့်ဆေးပြား၊ ကယ်ဆယ်ရေးပစ္စည်းများ၊ မိုးကာစ၊ ရေမျောပါပျက်စီးသည့်အိမ်များအတွက်ထောက်ပံ့မှု၊ သေဆုံးသူထောက်ပံ့မှုများအတွက် စုစုပေါင်းတန်ဖိုး ကျပ်သိန်းပေါင်း ၄၆၈၀ ကျော် ထောက်ပံ့ပေးခဲ့ပြီးဖြစ်ကြောင်း၊ သက်ဆိုင်ရာ တိုင်းဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့များ၊ ခရိုင်၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနများ၊ လူမှုရေးအဖွဲ့အစည်းများနှင့်ပူးပေါင်း၍ ထောက်ပံ့မှုများ ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **(သတင်းစဉ်)**



ရေဘေးသင့်ပြည်သူများသို့ ထောက်ပံ့မည့် ပစ္စည်းများအား တွေ့ရစဉ်။

## ကန်ကြီးထောင့်မြို့နယ် ရွှေမြင်တင်ကျေးရွာရှိ ရေဘေးသင့်ပြည်သူများအား ထောက်ပံ့ပစ္စည်းများပေးအပ်

**နေပြည်တော် ဩဂုတ် ၁၁**

ဧရာဝတီတိုင်းဒေသကြီး ကန်ကြီးထောင့်မြို့နယ် ရွှေမြင်တင်ကျေးရွာရှိ ရေဘေးသင့်ပြည်သူများအား ထောက်ပံ့ပစ္စည်းများပေးအပ်ခြင်းကို ဩဂုတ် ၁၀ ရက် မွန်းလွဲပိုင်းက ကျေးရွာရှိသီရိဝဏ္ဏမော်ရုံ၌ပြုလုပ်ရာ အနောက်တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်တေဇကျော်နှင့် တာဝန်ရှိသူများ တက်ရောက်၍ ရေဘေးသင့်အိမ်ထောင်စု ၁၂၆ စု၊ လူဦးရေ ၄၁၉ ဦးအတွက် ဆန်အိတ် ၂၀၊ ရေသန့်ကတ် ၅၀ နှင့် စားသောက်ဖွယ်ရာများ ပေးအပ်သည်။

ထို့နောက် ယာယီကယ်ဆယ်ရေးစခန်းဖွင့်လှစ်ထားသော နေရာများရှိ ရေဘေးသင့်ပြည်သူများအား သွားရောက်တွေ့ဆုံအားပေးပြီး အောင်ရတနာသိဒ္ဓိကျောင်းတိုက် ဆရာတော် ဘဒ္ဒန္တတေဇနိယ အားဖူးမြော်၍ ဝါဆိုသင်္ကန်း၊ နဝကမ္မအလှူငွေနှင့် တစ်ဖွန်းဆန်၊ တစ်ဆုပ်ဆန်တို့ကို ဆက်ကပ်လှူဒါန်းခဲ့ကြောင်း သိရသည်။ **(သတင်းစဉ်)**

## အမရပူရမြို့နှင့် ပွင့်ဖြူမြို့တို့၌ ရေဘေးပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်

**နေပြည်တော် ဩဂုတ် ၁၁**

မန္တလေးတိုင်းဒေသကြီးနှင့် မကွေးတိုင်းဒေသကြီးအတွင်း ရေပြန်လည်ကျဆင်းသွားသည့်နေရာများ၌ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်မှ နယ်မြေခံတပ်မတော်သားများက ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိရာ ဩဂုတ် ၁၁ ရက်တွင် အမရပူရမြို့နယ် ရွှေကြက်ယက်ကျေးရွာအုပ်စု ရွှေလေးကျေးရွာရှိ အခြေခံပညာမူလတန်းကျောင်း၊ ပွင့်ဖြူမြို့နယ် ကွဲတိကျေးရွာရှိ ဇမ္ဗူမိတမုဒြောစေတီတော်နှင့် ကြူတောကျေးရွာရှိ အခြေခံပညာမူလတန်းကျောင်းတို့၌ သန့်ရှင်းရေးဆောင်ရွက်ပေးခြင်း၊ ကြူတောကျေးရွာရှိ ရေဘေးသင့်ပြည်သူများ၏ ကလေးများအား ဇီးဖြူပင်ကျေးရွာ ဘုန်းကြီးကျောင်းသို့ လှေများဖြင့် ရွှေ့ပြောင်းပေးခြင်းနှင့် လိုအပ်သည့်ကျန်းမာရေးစောင့်ရှောက်မှုပေးခြင်းတို့ကို နယ်မြေခံတပ်မတော်သားများက ဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သို့ ဒဂုံတက္ကသိုလ် နိုင်ငံတကာဆက်ဆံရေးပညာဌာနမှ ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများ လာရောက်လေ့လာ

**နေပြည်တော် ဩဂုတ် ၁၁**

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးလှသိန်းနှင့် ကော်မရှင်အဖွဲ့ဝင်များ၊ အတွင်းရေးမှူးနှင့် တာဝန်ရှိသူများသည် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သို့ လာရောက်လေ့လာသော ဒဂုံတက္ကသိုလ် နိုင်ငံတကာဆက်ဆံရေးပညာဌာနမှ ပါမောက္ခ ဒေါက်တာ ဒေါ်ငယ်ငယ် ဦးဆောင်သည့် ဆရာ ဆရာမ ရှစ်ဦးနှင့် ကျောင်းသား ကျောင်းသူ ၁၅၂ ဦးတို့အား ယနေ့ မွန်းလွဲ ၂ နာရီခွဲတွင် နေပြည်တော်ရှိ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံး အစည်းအဝေးခန်းမ၌ တွေ့ဆုံသည်။

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် ဥက္ကဋ္ဌက မိတ်ဆက်အမှာစကားပြောကြားရာတွင် ကော်မရှင်အနေဖြင့် ရွေးကောက်ပွဲကန့်ကွက်လွှာအမှုများအား ခုံအဖွဲ့ (၄)ဖွဲ့ ဖွဲ့၍ စစ်ဆေးဆောင်ရွက်လျက်ရှိကြောင်း၊ ရွေးကောက်ပွဲဆိုင်ရာဥပဒေ၊ နည်းဥပဒေများကိုလည်း လုပ်ငန်းစဉ်များ ပိုမိုရှင်းလင်းလွယ်ကူစေရန်နှင့် ပွင့်လင်းမြင်သာမှုရှိစေရန် Stakeholder အားလုံးပါဝင်သော ပြန်လည်သုံးသပ်ဆွေးနွေးမှုလုပ်ငန်းစဉ်ကို ဆောင်ရွက်လျက်ရှိကြောင်း၊ ကျောင်းသား ကျောင်းသူများအနေဖြင့် နောင်တစ်ချိန် နိုင်ငံတော်၏တာဝန်များကို ဆောင်ရွက်ကြရမည်ဖြစ်၍ ကြိုးစားကြစေလိုကြောင်း ပြောကြားသည်။

ဆက်လက်၍ ကော်မရှင်ရုံးမှ တာဝန်ရှိသူများက ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် ဆိုင်ရာများ၊ ၂၀၁၅ ခုနှစ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲနှင့် စပ်လျဉ်းသည့် ဗဟုသုတဖြစ်ဖွယ်အချက်အလက်များနှင့် ရွေးကောက်ပွဲကန့်ကွက်လွှာအမှုများ စစ်ဆေးကြားနာနေမှုတို့ကို ရှင်းလင်းပြောကြားသည်။

ယင်းနောက် ကျောင်းသား ကျောင်းသူများ၏ မေးမြန်းချက်များကို ကော်မရှင်အဖွဲ့ဝင်များနှင့် အတွင်းရေးမှူးတို့က ပြန်လည်ရှင်းလင်းဖြေကြားပြီး ကော်မရှင်ဥက္ကဋ္ဌက နိဂုံးချုပ်အမှာစကားပြောကြားသည်။ **(သတင်းစဉ်)**

---

**✻ နိုင်ငံရေးမှ**

ဒေါက်တာတင်မျိုးဝင်းက "ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ-(၂၁) ရာစုပင်လုံမှာ နိုင်ငံတော်အစိုးရအနေနဲ့ အားလုံးပါဝင်ရေးမူကို လက်ကိုင်ထားပြီး အကြိုပြင်ဆင်ရေးကော်မတီနဲ့ အဖွဲ့ဝင်အားလုံးက ကြိုးပမ်းဆောင်ရွက်နေပါတယ်။ ဒီနေ့မှာတော့ နိုင်ငံရေးဆွေးနွေးပွဲမူဘောင်ပြန်လည်သုံးသပ်ခြင်းကို နိုင်ငံရေးပါတီတွေကို ကိုယ်စားပြုတဲ့အဖွဲ့နဲ့ဆွေးနွေးမယ်။ နောက်တစ်နေ့မှာ NCA လက်မှတ်ထိုးထားတဲ့ တိုင်းရင်းသားခေါင်းဆောင်တွေရယ်၊ လက်မှတ်မထိုးရသေးတဲ့ခေါင်းဆောင်တွေနဲ့လည်း ဆွေးနွေးကြဖို့ဖြစ်ပါတယ်။ ၁၃ ရက်နေ့ကျရင်တော့ အစိုးရ၊ လွှတ်တော်၊ တပ်မတော်ကိုယ်စားပြုကိုယ်စားလှယ်တွေရယ်၊ နိုင်ငံရေးပါတီတွေကိုကိုယ်စားပြုတဲ့ အဖွဲ့တွေရယ်၊ နောက် လက်မှတ်ထိုးထားတဲ့ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းတွေ၊ မထိုးထားတဲ့အဖွဲ့တွေအားလုံးနဲ့ဆွေးနွေးပါမယ်။ ရလဒ်တွေကို ကျွန်တော်တို့ကဩဂုတ် ၁၅ ရက်နေ့မှာ ပြုလုပ်မယ့် UPDJC အစည်းအဝေးမှာ ဆွေးနွေးညှိနှိုင်း အတည်ပြုကြမှာဖြစ်ပါတယ်။ အားလုံးပါဝင်ရေးအတွက် ကျွန်တော်တို့က ကြိုးစားဆောင်ရွက်နေသလို ညီလာခံအပြီးမှာလည်း နိုင်ငံရေးဆွေးနွေးပွဲတွေ ဆက်လက်ကျင်းပဖို့ မျှော်လင့်ထားပါတယ်"ဟု ပြောကြားသည်။

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီးရာပြည့်က "ကျွန်တော်တို့ဆွေးနွေးမယ့် နိုင်ငံရေးဆွေးနွေးမှုမူဘောင်ဟာ အလွန်အရေးကြီးပါတယ်။ လက်ရှိ တိုင်းရင်းသားတွေ ကြုံတွေ့နေရတဲ့ ပြဿနာအရပ်ရပ်ဟာ နိုင်ငံရေးပြဿနာဖြစ်ပါတယ်။ ဒီဟာကို ကျွန်တော်တို့က နိုင်ငံရေးတွေ့ဆုံဆွေးနွေးမှုတွေနဲ့ပဲ အဖြေရှာမယ်ဆိုပြီး NCA ကိုပဲ အခြေခံမူနဲ့သတ်မှတ်ထားပါတယ်။ ဒီတော့ ကျွန်တော်တို့က စစ်ရေးနည်းလမ်းနဲ့ အဖြေမရှာဘူး။ နိုင်ငံရေးတွေ့ဆုံဆွေးနွေးမှုနဲ့ပဲ အဖြေရှာမယ်လို့ မူဘောင်အနေနဲ့သတ်မှတ်ထားပြီးဖြစ်ပါတယ်။ NCA လက်မှတ်ထိုးပြီးရက်ပေါင်း ၆၀ အတွင်းမှာရေးဆွဲထားတဲ့ နိုင်ငံရေးဆွေးနွေးမှုမူဘောင်ရှိပါတယ်။ အချို့အပိုင်းတွေမှာ လိုအပ်ချက်တွေရှိနေတယ်။ ဒါကြောင့် ကျွန်တော်တို့မူဘောင်ကို ပြန်လည်သုံးသပ်ဖို့လိုပါတယ်။ ဒါ့အပြင် အဓိကအားဖြင့် လက်မှတ်မထိုးရသေးတဲ့အဖွဲ့တွေ ပါဝင်လာဖို့အတွက် နိုင်ငံရေးဆွေးနွေးမှုမူဘောင်ကို ပြန်လည်သုံးသပ်တာ၊ ပြင်ဆင်တာဖြစ်ပါတယ်။ အဲဒီလိုပြင်ဆင်တဲ့အပိုင်းကိုလည်း UPDJC ကပဲ ပြင်ဆင်လို့ရပါတယ်။ လက်မှတ်မထိုးရသေးတဲ့အဖွဲ့တွေ ပါဝင်လာနိုင်စေဖို့အတွက် ဒါကို ဆောင်ရွက်တာဖြစ်ပါတယ်။

ပစ်ခတ်တိုက်ခိုက်မှုတွေ ဘယ်လိုပြန်ဖြစ်သလဲ။ ပစ်ခတ်တိုက်ခိုက်မှုစာချုပ်တွေ ဘာကြောင့်ပျက်စီးရသလဲဆိုရင် စစ်ရေးကြောင့်ပျက်စီးတယ်။ တိုက်ခိုက်မှုတွေကြောင့်၊ စစ်ဆင်ရေးကြောင့် ပျက်စီးတာ။ ပစ်ခတ်တိုက်ခိုက်မှုကအနည်းအကျဉ်းတော့ရှိမှာပဲ။ သို့သော် နိုင်ငံရေးသဘောတူညီချက် မရရင်တော့ စာချုပ်တစ်ခုလုံးပျက်စီးနိုင်ပါတယ်။ ဆိုလိုတဲ့သဘောကတော့ နိုင်ငံရေးတွေ့ဆုံဆွေးနွေးမှုဆိုတာ အလွန်အရေးကြီးတယ်။ ဒီအပေါ်မှာမူတည်တဲ့ နိုင်ငံရေးတွေ့ဆုံဆွေးနွေးမှုကိုဘယ်လိုလုပ်မလဲဆိုတဲ့မူဘောင်က ပိုပြီးတော့အရေးကြီးပါတယ်။ ဒါကြောင့် ကျွန်တော်တို့ ဒါကို ပြန်လည်သုံးသပ်တယ်။ ဒါဟာလက်မှတ်မထိုးရသေးတဲ့ အဖွဲ့တွေလည်း ပါဝင်လာနိုင်အောင် ဆွဲဆောင်ဖို့သုံးသပ်တဲ့ အစည်းအဝေးဖြစ်ပါတယ်။ လက်မှတ်မထိုးရသေးတဲ့သူတွေ သူတို့ပါဝင်ပြီးတော့မှ၊ သူတို့ရဲ့ဆွေးနွေးချက်တွေကို ကျွန်တော်တို့က မှတ်သားပြီးတော့မှ ပြုပြင်ရမှာဖြစ်ပါတယ်" ဟု ထည့်သွင်းပြောကြားခဲ့သည်။

ယနေ့ပြုလုပ်သည့် နိုင်ငံရေးဆွေးနွေးမှုမူဘောင် ပြန်လည်သုံးသပ်ခြင်း အစည်းအဝေးတွင် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးစာချုပ်(NCA) လက်မှတ်ရေးထိုးထားသည့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်း(၈)ဖွဲ့နှင့် ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ-(၂၁)ရာစုပင်လုံ အကြိုပြင်ဆင်ရေးဆပ်ကော်မတီ(၁)တို့ ကြိုတင်ဆွေးနွေးထားသည့် နိုင်ငံရေးဆွေးနွေးမှုမူဘောင်(မူကြမ်း)နှင့်ပတ်သက်၍ ရှင်းလင်းတင်ပြခဲ့သည်။ အဆိုပါတင်ပြချက်များကို နိုင်ငံရေးပါတီများမှ ပြန်လည်သုံးသပ်ဆွေးနွေးခဲ့ကြပြီး နှစ်ဖက်ပြန်လည်ညှိနှိုင်းဆွေးနွေးခဲ့ကြောင်းသိရသည်။

ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ-(၂၁)ရာစုပင်လုံ အကြိုပြင်ဆင်ရေးကော်မတီအတွင်းရေးမှူး ဦးလှမောင်ရွှေက "ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံကျင်းပနိုင်ဖို့အတွက် ကြိုတင်ပြင်ဆင်မှုလုပ်နေတာတွေ အများကြီးရှိပါတယ်။ အဲဒီထဲကမှ နိုင်ငံရေးမူဘောင် တရားဝင်ပြန်လည်သုံးသပ်တာကိုစလုပ်တာပါ။ NCA လက်မှတ်မထိုးထားတဲ့ တိုင်းရင်းသားအဖွဲ့အစည်းတွေ အားလုံးပါဝင်နိုင်ဖို့ဆိုတဲ့ ရည်မှန်းချက်ကို တာဝန်ရှိတဲ့ ခေါင်းဆောင်တွေကပေးထားတာဖြစ်တဲ့အတွက် လက်မှတ်မထိုးရသေးတဲ့သူတွေပါ ပါဝင်နိုင်ဖို့အတွက် ညီလာခံကြိုတင်ပြင်ဆင်ရေးကော်မတီတစ်ရပ်ဖွဲ့ပြီး ကျွန်တော်တို့ဆွေးနွေးပါတယ်။ ဩဂုတ် ၇ ရက်နေ့က Framework ကိုဆွေးနွေးဖို့အတွက် ကျွန်တော်တို့ ဖိတ်ကြားခဲ့ပေမယ့် တိုင်းရင်းသားလက်နက်ကိုင်တွေဘက်က အချိန်အကန့်အသတ်ရှိတာကြောင့် မနက်ဖြန် ၁၂ ရက်နေ့မှာ ကျွန်တော်တို့ စတင်ဆွေးနွေးနိုင်ပါမယ်။ ဒါကြောင့် ကျွန်တော်တို့ ဒီနေ့ နိုင်ငံရေးပါတီတွေနဲ့ စတင်ဆွေးနွေးတာပါ။ အခုနိုင်ငံရေးမူဘောင် ပြန်လည်သုံးသပ်တာကို တရားဝင်လုပ်တာဖြစ်ပြီးတော့ အတည်ပြုချက်ကိုတော့ ပြည်ထောင်စုငြိမ်းချမ်းရေးဆွေးနွေးမှုပူးတွဲကော်မတီ(UPDJC) အစည်းအဝေးမှာမှ အတည်ပြုရမှာဖြစ်ပါတယ်။ ဒီနေ့ အခန်း(၈)ခန်းပါတဲ့ Framework အပေါင်းကို ပြန်လည်ဆွေးနွေးပါတယ်။ နိုင်ငံရေးပါတီတွေကတော်တော်များများကို မူအားဖြင့် သဘောတူပါတယ်။ မနက်ဖြန်မှာတော့ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းတွေနဲ့ ဆွေးနွေးပါမယ်"ဟု ပြောသည်။

ယနေ့ပြုလုပ်သည့် နိုင်ငံရေးဆွေးနွေးမှုမူဘောင် ပြန်လည်သုံးသပ်ခြင်း ပထမနေ့ အစည်းအဝေးသို့ အစိုးရ၊ လွှတ်တော်၊ တပ်မတော် ကိုယ်စားလှယ် ၂၀ ဦးနှင့် UPDJC အဖွဲ့ဝင် နိုင်ငံရေးပါတီများမှခေါင်းဆောင် ၁၆ ဦးတို့ တက်ရောက်ဆွေးနွေးခဲ့ကြသည်။ နိုင်ငံရေးဆွေးနွေးမှုမူဘောင်ပြန်လည်သုံးသပ်ခြင်း ဒုတိယနေ့အစည်းအဝေးကို ဩဂုတ် ၁၂ ရက်တွင် ဆက်လက်ကျင်းပမည်ဖြစ်ပြီး အစိုးရ၊ လွှတ်တော်၊ တပ်မတော်ကိုယ်စားလှယ်နှင့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများ ဆက်လက်ဆွေးနွေးမည်ဖြစ်သည်။ **(သတင်း-ရဲခေါင်ညွန့်၊ ဓာတ်ပုံ-ဖိုးထောင်)**

---

| **ယနေ့ မိုး လေ ဝ သ** | |
|---|---|
| | **နေပြည်တော်** |
| | မိုးတစ်ကြိမ်၊ နှစ်ကြိမ်ထစ်ချုန်းရွာမည်။ |
| | **ရန်ကုန်** |
| | မိုးအသင့်အတင့်ထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့်ဖြစ်သည်။ |
| | **မန္တလေး** |
| | နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့်ဖြစ်သည်။ |

---

**○ မကွေးအသင်းမှ**

မကျော်နိုင်ခဲ့သလို ရရှိသည့်အခွင့်အရေးအချို့ကိုလည်း အသုံးမချနိုင်ခဲ့ပေ။ ဒုတိယပိုင်းအစတွင် မကွေးအသင်း ဂိုးစရခဲ့ပြီး ဆယ်လာက ခေါင်းတိုက်သွင်းယူခဲ့ခြင်းဖြစ်သည်။ ပထမအကျော့က နှစ်ဂိုးပြတ်အနိုင်ရထားသည့်အပြင် အဝေးဂိုးတစ်ဂိုးရခဲ့သောကြောင့် မကွေးအသင်းက ပွဲကိုထိန်းကစားသွားခဲ့ရာ ဇွဲကပင်အသင်း ပြန်ဖိကစားနိုင်ခဲ့သည်။ ၆၇ မိနစ်တွင် ကင်မ်၏ကန်ချက်ဖြင့် ဇွဲကပင်အသင်း ချေပဂိုးပြန်ရခဲ့ပြီး အနိုင်ဂိုးကိုပွဲပြီးခါနီးတွင် မကွေးနောက်ခံလူ ဒီဂျမ် ကိုယ့်ဂိုးကိုယ်သွင်းမိခဲ့ခြင်းဖြစ်သည်။

ဗိုလ်လုပွဲကိုဩဂုတ် ၁၇ ရက်တွင် အောင်ဆန်းကွင်း၌ ကျင်းပမည်ဖြစ်ပြီး ရန်ကုန်အသင်းနှင့် မကွေးအသင်းတို့ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။

**(ရှိုင်းထက်ဇော်)**

---



## ရေတာရှည်မြို့နယ် လုံးရမ်းချောင်းအတွင်းမှ ရှေးဟောင်းလုံးထွင်းလှေကြီးတစ်စင်း တွေ့ရှိ

**ရေတာရှည် ဩဂုတ် ၁၁**

ပဲခူးတိုင်းဒေသကြီး ရေတာရှည်မြို့နယ် သာဂရ-ကိုးပင်ရိုးမ ဖြတ်ကျော်ကားလမ်း ၁၆ မိုင်ရွာသစ် တောင်ဘက် နှစ်ဖာလုံခန့်အကွာရှိ လုံးရမ်းချောင်းအတွင်း ရှေးဟောင်းလုံးထွင်းလှေကြီးတစ်စင်း တွေ့ရှိခဲ့ကြောင်း သိရသည်။

လုံးရမ်းချောင်းအတွင်း ကန့်လန့်အနေအထားဖြင့်ပေါ်နေသည့် လုံးထွင်းလှေကြီးမှာ အရှည်ပေ ၅၀၊ လုံးပတ်ရှစ်ပေနှင့် လေးလက်မ၊ လှေဝမ်းအနက် နှစ်ပေနှင့် သုံးလက်မခန့်ရှိပြီး သက်န်းသားဟုယူဆရကြောင်း သစ်တောတာဝန်ရှိသူများကပြောသည်။

အဆိုပါ လုံးထွင်းလှေကြီးကို ဩဂုတ် ၇ ရက် ညနေ ၃ နာရီခန့်က ကျေးရွာဒေသခံ ကျွဲကျောင်းသား နှစ်ဦးက ရေချိုးရင်းတွေ့ရှိပြီး ကျေးရွာနေပြည်သူများ ဝိုင်းဝန်းစုပေါင်း၍ သဲများယက်ထုတ်ကာ ကျွဲများဖြင့် ဆွဲယူကာ ဖော်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

"တွေ့ကတည်းက လှေကြီးလို့ ကောင်လေးတွေက ပြောတာ။ ဒါနဲ့ရွာသူရွာသားတွေအကုန်လုံးပဲ ချောင်းထဲဆင်းပြီးသဲတွေယက်၊ ကျွဲတွေနဲ့ဆွဲရတာ ချောင်းရေလာရင်ပါသွားမှာစိုးလို့ပါ။ မနေ့ကညနေပိုင်းကျမှ အခုလို အကုန်လုံးပေါ်လာတယ်" ၁၆ မိုင်ရွာသစ်နေ ကိုသိန်းထွန်းက ပြောသည်။

အဆိုပါ ရှေးဟောင်းလုံးထွင်းလှေမျိုးကို ၂၀၁၂ ခုနှစ်က လှည်းပွဲလေးကျေးရွာအနီး လုံးရမ်းချောင်းအတွင်းမှ ဆယ်ယူရရှိခဲ့ဖူးပြီး ယခုတွေ့ရှိရမှုမှာ ဒုတိယအကြိမ်ဖြစ်ကာ မြို့နယ်သစ်တောဦးစီးဌာနအနေဖြင့် သစ်ထုတ်လုပ်ရေးဌာနမှ ဆင်များကိုအကူအညီတောင်းခံ၍ ကုန်းပေါ်အရောက်ဆွဲယူပေးသွားမည်ဖြစ်ကြောင်း သိရသည်။ **ကိုလွင်(ဆွာ)**

---



**၂၀၁၆ ရီယိုအိုလံပစ်ပြိုင်ပွဲ၌ ဝင်ရောက်ယှဉ်ပြိုင်ခဲ့သည့် မြန်မာမြားပစ်အားကစားမယ် စန်းယုထွေး။**

(သတင်း-ကျော်ဖုံး)

## ပြည်တွင်းရေးရာ

# ရေဘေးသင့်ပြည်သူများအတွက် စားသောက်ကုန်ပစ္စည်းများနှင့် တိုင်းရင်းဆေးဝါးများလှူဒါန်း

**ညောင်တုန်း ဩဂုတ် ၁၁**

မြန်မာမဂ်လာမီဒီယာနှင့် ယဉ်ကျေးမှုအနုပညာအဖွဲ့၏ စီစဉ်မှုဖြင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ SepcoIII Electric Power Construction Corporation ဝန်ထမ်းမိသားစုက ညောင်တုန်းမြို့နယ် အတွင်းရှိ ရေဘေးသင့်ပြည်သူများအား ဩဂုတ် ၁၁ ရက် နံနက်ပိုင်းက စားသောက်ကုန်ပစ္စည်းများနှင့် တိုင်းရင်းဆေးဝါးများကို သွားရောက်လှူဒါန်းခဲ့သည်။

ထို့နောက် အလှူရှင် Mr. Zhang



Yushi နှင့် မြန်မာမဂ်လာမီဒီယာနှင့် ယဉ်ကျေးမှုအနုပညာအဖွဲ့မှ MENG FEI (ခ) ဒေါ်ကြည်လင်းတို့က ရေဘေးသင့်ကျေးရွာများမှ ဒေသခံကိုယ်စားလှယ်များအား ဆန်၊ ခေါက်ဆွဲခြောက်၊ ရေသန့်နှင့်ထွန်းရွှေဝါ တိုင်းရင်းဆေးဝါးထုတ်လုပ်ရေးမှ ထုတ်လုပ်သည့် ဆေးဝါးများကို ပေးအပ်လှူဒါန်းသည်။

"ကျွန်မတို့အနေနဲ့ အလှူရှင်တွေ လာလှူတဲ့ပစ္စည်းတွေကို သက်ဆိုင်ရာ ကျေးရွာက ကိုယ်စားလှယ်တွေနဲ့ ကျေးရွာတွေကို ဖြန့်ဝေခွဲပေးနေပါတယ်။ အခုတော့ လူတစ်ဦး ဆန် နှစ်ပြည်၊ ဆီ ၂၅ ကျပ်သားနဲ့ ခေါက်ဆွဲထုပ်၊ ရေသန့်တွေကို လှူဒါန်းလာတဲ့အပေါ်မှာ မူတည်ပြီး ခွဲဝေပေးနေပါတယ်။ အခုက အလှူရှင်တွေ လာရောက်မှု နည်းနေပါတယ်။ ပြည်ပအလှူရှင်ဆိုလို့ အခုလာတဲ့တရုတ်ကုမ္ပဏီက ပထမဆုံးလာလှူတဲ့ အလှူရှင်ပါ" တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဒေါ်နီနီမိုးက ပြောကြားသည်။

လှူဒါန်းသော ပစ္စည်းများမှာ ၁၂ ပြည်ဝင် ဆန် ၁၀၃ အိတ်၊ ခေါက်ဆွဲ ၃၆ ဖာ၊ ရေသန့်တစ်လီတာ ခြောက်လုံးတွဲ ကတ် ၁၀၀၊ ထွန်းရွှေဝါ တိုင်းရင်းဆေးတိုက်မှ ထုတ်လုပ်သည့် လိမ်းဆေးဒါဇင် ၁၀၀ တို့ဖြစ်ပြီး ညောင်တုန်းမြို့နယ်တွင် မြို့ပေါ်ရပ်ကွက် ၁၀ ရပ်ကွက်/ကျေးရွာအုပ်စု ၄၄ အုပ်စု၌ ကျေးရွာပေါင်း ၃၀၆ ရွာရှိပြီး ယခုအခါ ကျေးရွာအုပ်စု ၃၈ အုပ်စုမှ ကျေးရွာ ၁၅၅ ရွာ ရေနစ်မြုပ်နေပြီး အခြေခံပညာကျောင်းပေါင်း ၁၂၆ ကျောင်းပိတ်ထားရကြောင်း သိရသည်။

**(ကြေးမုံ)**

❐

# မြန်မာနိုင်ငံလုံးဆိုင်ရာလူငယ်တွေ့ဆုံပွဲရလဒ်များ အသိပေးဆွေးနွေးပွဲ ကျင်းပမည်

**နေပြည်တော် ဩဂုတ် ၁၁**

မြန်မာနိုင်ငံလုံးဆိုင်ရာ လူငယ်တွေ့ဆုံပွဲကို ဇွန် ၁၁ ရက်မှ ၁၃ ရက်အထိ စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့တွင် ကျင်းပခဲ့ပြီး လူငယ်များနှင့် ငြိမ်းချမ်းရေးတည်ဆောက်မှုဖြစ်စဉ်၊ လူငယ်နှင့်မူးယစ်ဆေးဝါး၊ လူငယ်နှင့်လူ့အခွင့်အရေးနှင့်ဒီမိုကရေစီ၊ လူငယ်နှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးခေါင်းစဉ်များကို ဆွေးနွေးခဲ့ကြသည်။

အဆိုပါ မြန်မာနိုင်ငံလုံးဆိုင်ရာ လူငယ်တွေ့ဆုံပွဲရလဒ်များ၏ အသိပေးဆွေးနွေးပွဲကို ဩဂုတ် ၁၀ ရက် နံနက် ၉ နာရီခွဲတွင် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန စုပေါင်းခန်းမ နေပြည်တော်၌ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။ **(ဇင်ခန့်နိုင်)**



# ရန်ကုန်မြို့တွင်း ခြောက်မြို့နယ်ရှိ နောက်ဖေးလမ်းကြားများသန့်ရှင်းရေး စတင်ဆောင်ရွက်

**ရန်ကုန် ဩဂုတ် ၁၁**

ရန်ကုန်မြို့တော် စည်ပင်သာယာနယ်နိမိတ်အတွင်းရှိ မြို့နယ်များအနက် ခြောက်မြို့နယ်အတွင်း နောက်ဖေးလမ်းကြားများ သပ်ရပ်သန့်ရှင်းမှုရှိစေရေး ရပ်မိရပ်ဖ၊ အများပြည်သူနှင့် ပူးပေါင်းဆောင်ရွက်မှုကို ယခုလအတွင်း စတင်ဆောင်ရွက်မည်ဖြစ်ကြောင်း ရန်ကုန်မြို့တော်စည်ပင်သာယာရေး ကော်မတီ ပတ်ဝန်းကျင် ထိန်းသိမ်းရေးနှင့် သန့်ရှင်းရေးဌာနမှ သိရသည်။

မြို့တွင်း ခြောက်မြို့နယ်အတွင်းရှိ နောက်ဖေး လမ်းကြားများအပြင် အခြားစည်ပင်သာယာ နယ်နိမိတ် မြို့နယ်များတွင်လည်း ဆက်လက်ဆောင်ရွက်မည်ဖြစ်ကြောင်း အဆိုပါဌာနမှ သိရသည်။

"ဩဂုတ် ၁၅ ရက်က စပြီး မြို့တွင်း ခြောက်မြို့နယ်မှာ နောက်ဖေးလမ်းကြား သပ်ရပ်သန့်ရှင်းစေရေး စတင်ဆောင်ရွက်ပါမယ်။ လမ်းမတော်နဲ့ ပုဇွန်တောင်မြို့နယ်ကနေ စလုပ်ပါမယ်။ မြို့တော်စည်ပင်အနေနဲ့ ကား၊ စက်သုံးဆီ၊ လူအင်အား ပူးပေါင်းပါဝင်ပါမယ်။ လမ်းရပ်မိရပ်ဖတွေ၊ ရပ်ကွက် ရပ်မိရပ်ဖတွေ၊ တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ်တွေ၊ အုပ်ချုပ်ရေးဘက်က အားလုံးပူးပေါင်းပြီး ဆောင်ရွက်သွားမှာပါ"ဟု ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သန့်ရှင်းရေးဌာန လက်ထောက်ဌာနမှူး ဦးဇော်ဝင်းနိုင်က ပြောသည်။

ရန်ကုန်မြို့တော်တွင်း နောက်ဖေးလမ်းကြားများ သန့်ရှင်းသပ်ရပ်စေရေးကို ယခင်က ကိုယ်ထူကိုယ်ထစနစ်များဖြင့် ဆောင်ရွက်ခဲ့မှုများရှိသော်လည်း ယခုမြို့တော်စည်ပင်မှ သက်ဆိုင်ရာ ဌာနအသီးသီးပါဝင်လျက် နောက်ဖေးလမ်းကြားများ စနစ်တကျ သပ်ရပ်သန့်ရှင်းစေရန်၊ ကျူးကျော်ဆောက်လုပ်ထားမှုများ မရှိစေရန်တို့ကို အများပြည်သူ ရပ်မိရပ်ဖများ ပူးပေါင်းဆောင်ရွက်မှုဖြင့် ဩဂုတ် ၁၅ ရက်မှ စတင်ဆောင်ရွက်သွားမည်ဖြစ်သည်။ ယင်းသို့ ဆောင်ရွက်ပြီးနောက် ရေရှည်သန့်ရှင်းသပ်ရပ်စေရန် ရပ်မိရပ်ဖများ၊ လမ်းသူလမ်းသားများက ဆက်လက်ထိန်းသိမ်းခြင်းဖြင့် ပူးပေါင်းဆောင်ရွက်ခြင်းဖြစ်ကြောင်း အဆိုပါဌာနမှ သိရသည်။

ယင်းသို့ ပူးပေါင်းဆောင်ရွက်မှုများတွင် မြို့တော်စည်ပင်၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မြို့နယ်စည်ပင်သာယာတာဝန်ခံနှင့် ဌာနအလိုက်တာဝန်ရှိသူများ၊ ရပ်မိရပ်ဖများ၊ ရပ်ကွက် အုပ်ချုပ်ရေးမှူးများ၊ တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ်များအပါအဝင် ပူးပေါင်းအဖွဲ့များဖြင့် ဆောင်ရွက်သွားမည်ဖြစ်ရာ လမ်းသူ လမ်းသားများကလည်း ပါဝင်ကူညီမှုများဖြင့် ဆောင်ရွက်သွားမည်ဟု အဆိုပါဌာနမှ သိရသည်။



ရန်ကုန်မြို့တော် စည်ပင်သာယာနယ်နိမိတ် ခရိုင်လေးခုအတွင်း စာရင်းပြုစု မှတ်တမ်းတင်ထားချက်များအရ အရှေ့ပိုင်းခရိုင်အတွင်းရှိ ရပ်ကွက်များအတွင်း နောက်ဖေးလမ်းကြားပေါင်း ၅၂ လမ်း၊ အနောက်ပိုင်းခရိုင်တွင် နောက်ဖေးလမ်းကြားပေါင်း ၃၈၃ လမ်း၊ တောင်ပိုင်းခရိုင်တွင် နောက်ဖေးလမ်းကြားပေါင်း ၃၆၉ လမ်း၊ မြောက်ပိုင်းခရိုင်တွင် နောက်ဖေးလမ်းကြားပေါင်း ၂၂၃ လမ်း စုစုပေါင်း နောက်ဖေးလမ်းကြားအဖြစ် စာရင်းပြုစုထားသော လမ်းပေါင်း ၁၀၂၇ လမ်းရှိကြောင်း၊ မြို့တွင်း ခြောက်မြို့နယ်အတွင်း ဆောင်ရွက်ပြီးပါက ကျန်မြို့နယ်များတွင်လည်း တိုးချဲ့ဆောင်ရွက်သွားမည်ဟု သိရသည်။ လက်ရှိတွင် ယင်းသို့ ဆောင်ရွက်နေမှုများနှင့်အတူ အမှိုက်သိမ်းစနစ် ထိရောက်အောင်မြင်ရေးကိုလည်း ဆောင်ရွက်လျက်ရှိပြီး အများပြည်သူ အသိပညာပေးဆောင်ရွက်မှုများကိုလည်း မြို့နယ်ရပ်ကွက်များအလိုက် ဖြန့်ကြက်ဆောင်ရွက်လျက်ရှိသည်ဟု ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သန့်ရှင်းရေးဌာနမှ သိရသည်။

**(ဆုနှင်းလှဲ့)**

○

# မုံရွာ၌ နိုင်ငံသားစိစစ်ရေးကတ်ပြားများ ထုတ်ပေး

**မုံရွာ ဩဂုတ် ၁၁**

အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနသည် ရက် ၁၀၀ သစ္စာစီမံချက်ကာလအတွင်း ရွှေ့ပြောင်းလုပ်သားများအတွက် သာမန်ရွှေ့ပြောင်း၊ ယာယီရွှေ့ပြောင်း အိမ်ထောင်စုများ၊ နိုင်ငံသားစိစစ်ရေးကတ်ပြားများထုတ်ပေးခြင်း၊ ၁၉၈၂ ခုနှစ် မြန်မာနိုင်ငံသားဥပဒေအရ နိုင်ငံသားစိစစ်ရေးကတ်ပြားများ ထုတ်ပေးခြင်းတို့ကို လုပ်ထုံးလုပ်နည်းဖြေလျှော့၍ ဆောင်ရွက်ပေးခဲ့ရာ ရက် ၁၀၀ ကာလ နောက်ပိုင်း၌လည်း ထိုလုပ်ငန်းများကို အရှိန်အဟုန်မပျက် ဆက်လက်ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

သို့ဖြစ်ရာ ဩဂုတ် ၈ ရက်က မုံရွာမြို့ အ ထ က(၃)၌ ကျောင်းသားကျောင်းသူများအား အသက်(၁၀)နှစ်ပြည့် နိုင်ငံသားစိစစ်ရေးကတ်ပြားများကိုလည်းကောင်း၊ အ ထ က(၄)၌ နိုင်ငံသားစိစစ်ရေးကတ် ၄၂၄ ကတ်ကိုလည်းကောင်း၊ ပညာရေးကောလိပ် လေ့ကျင့်ရေးအလယ်တန်းကျောင်း၌ နိုင်ငံသားစိစစ်ရေးကတ် ၁၇၂ ကတ်ကိုလည်းကောင်း ထုတ်ပေးလျက်ရှိရာ အဆိုပါ လုပ်ငန်းဆောင်ရွက်ရာသို့ တိုင်းဒေသကြီးအစိုးရအဖွဲ့ စည်ပင်သာယာရေးဝန်ကြီး ဦးမြင့်ကြည်၊ တိုင်းဒေသကြီး လဝကညွှန်ကြား ရေးမှူး ဦးစိုးပိုင်မြင့်၊ ဒုတိယတိုင်းဦးစီးမှူး ဒုတိယညွှန်ကြားရေးမှူး ဦးသန်းဝင်း တို့ လာရောက်ကြည့်ရှုခဲ့ကြောင်း သိရသည်။ **(ဖိုးချမ်း-မုံရွာ)**

# ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း အသိပညာပေး

**လားရှိုး ဩဂုတ် ၁၁**

အမှတ်(၁၁၉) ယာဉ်ထိန်းရဲတပ်ဖွဲ့စု လားရှိုးမှ ရဲအုပ်ကျော်ခိုင်သည် လားရှိုးမြို့ အမှတ်(၆) အခြေခံပညာအလယ်တန်းကျောင်းတွင် ဆရာ ဆရာမ ၂၀ ဦး၊ ကျောင်းသား ကျောင်းသူ ၄၅၃ ဦး စုစုပေါင်း ၄၇၄ ဦးတို့အား ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း အသိပညာဆိုင်ရာအချက်အလက်များကို ပရိုဂျက်တာဖြင့် ရှင်းလင်းခြင်း၊ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းဆိုင်ရာ ပညာပေးဇာတ်လမ်းများ ပြသခြင်းနှင့် လက်ကမ်းစာစောင်များ ဖြန့်ဝေခြင်းတို့ကို ဩဂုတ် ၁၀ ရက် မွန်းလွဲပိုင်းက အဆိုပါကျောင်းခန်းမ၌ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**(သီပေါကိုလတ်)**

# မအူပင်မြို့နယ်တွင် မြစ်ရေဝင်မှုကြောင့် မိုးစပါးစိုက်ခင်းများရေနစ်မြုပ်

**မအူပင် ဩဂုတ် ၁၁**

မအူပင်မြို့နယ်အတွင်းရှိ ကျေးရွာများတွင် မြစ်ရေမြင့်တက်ပြီးရေများဝင်ရောက်သဖြင့် စိုက်ပျိုးထားသော မိုးစပါးများ ရေနစ်မြုပ်ကြောင်း သိရသည်။

မအူပင်မြို့နယ်အတွင်း ဩဂုတ် ၁၁ ရက်အထိ ကွဲဒိုး၊ အောက်ထုံး၊ ကျုံနတ္တော်၊ ရွှေလှေသောင်၊ ဆိပ်သာ၊ ရေလဲကြီး၊ ပေကုန်း၊ ငါးဖယ်အိုတော်တလုပ်၊ ထနီး၊ လေးအိမ်စု၊ မီးသွေးချောင်း၊ အလန်း၊ ဝါးတော၊ တလုပ်လပ်အရှေ့၊ စစ်ကိုင်းနှင့် ရွှေတောင်မော်စသည့်ကျေးရွာအုပ်စု ၁၇ အုပ်စုတွင် စိုက်ပျိုးထားသော တောင်သူ ၅၃၃ ဦး၏ စိုက်ကွင်းပေါင်း ၄၆ ကွင်း၊ ရေကြီးနစ်မြုပ်ဧကပေါင်း ၁၃၅၃ ဧက ရေကြီးနစ်မြုပ်ခဲ့ကြောင်း သိရသည်။ **(ခရိုင် ပြန်/ဆက်)**

## ရွှေဈေး၊ စက်သုံးဆီဈေးနှင့် နိုင်ငံခြားငွေလဲလှယ်နှုန်း

**ရန်ကုန် ဩဂုတ် ၁၁**

ရန်ကုန်(ရွှေဈေး) ၈၄၇၀၀၀ - ၈၄၇၀၀၀ မန္တလေး(ရွှေဈေး) ၈၄၇၀၀၀ - ၈၄၇၀၀၀

| စက်သုံးဆီဈေးနှုန်း | | ရန်ကုန် | မန္တလေး |
|---|---|---|---|
| (က) ဒီဇယ် | တစ်လီတာ | ၅၀၀/၅၅၀ ကျပ်၊ | ၅၇၀/၅၈၀ ကျပ် |
| (ခ) အောက်တိန်း 95 | တစ်လီတာ | ၅၇၀/၆၄၀ ကျပ်၊ | ၇၆၀/၇၇၀ ကျပ် |
| (ဂ) အောက်တိန်း 92 | တစ်လီတာ | ၅၀၀/၅၅၀ ကျပ်၊ | ၅၅၀/၆၀၀ ကျပ် |
| (ဃ) အဆင့်မြင့်ဒီဇယ် | တစ်လီတာ | ၅၂၀/၅၈၀ ကျပ်၊ | ၆၂၀/၆၃၀ ကျပ် |

**ရန်ကုန် လက်ကားဈေး**

ဒီဇယ် တစ်လီတာ ၄၆၄ ကျပ်၊ အဆင့်မြင့်ဒီဇယ် တစ်လီတာ ၅၀၅ ကျပ်၊ အောက်တိန်း 92 တစ်လီတာ ၄၃၀ ကျပ်

**နိုင်ငံခြားငွေလဲလှယ်နှုန်း**

| | | | |
|---|---|---|---|
| (က) အမေရိကန် | တစ်ဒေါ်လာ | = | ၁၁၈၇. ၀ |
| (ခ) ဥရောပ | တစ်ယူရို | = | ၁၃၂၇. ၈ |
| (ဂ) တရုတ် | တစ်ယွမ် | = | ၁၇၈. ၈၂ |
| (ဃ) ထိုင်း | တစ်ဘတ် | = | ၃၄. ၁၅၈ |
| (င) မလေးရှား | တစ်ရင်းဂစ် | = | ၂၉၆. ၄၉ |
| (စ) အိန္ဒိယ | တစ်ရူပီး | = | ၁၇. ၇၇၄ |
| (ဆ) ဂျပန် | တစ်ရာယန်း | = | ၁၁၇၃. ၇ |
| (ဇ) တောင်ကိုရီးယား | တစ်ရာဝမ် | = | ၁၀၈. ၁၇ |
| (ဈ) ဩစတြေးလျ | တစ်ဒေါ်လာ | = | ၉၁၄. ၁၀ |
| (ည) စင်ကာပူ | တစ်ဒေါ်လာ | = | ၈၈၄. ၇၀ |

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဗဟိုဘဏ်သတ်မှတ်ရည်ညွှန်းနှုန်း**

၂၀၁၆-၁၇ ပရီမီယာလိဂ်ပြိုင်ပွဲရဲ့ပွဲစဉ် (၁) ကို လာမယ့်ဩဂုတ် ၁၃၊ ၁၄၊ ၁၅ ရက်တွေမှာ စတင်ယှဉ်ပြိုင်သွားမှာဖြစ်ပါတယ်။ အဆိုပါပရီမီယာလိဂ်ပွဲစဉ် (၁) မှာတော့ အသင်းကြီးနှစ်သင်းဆုံတွေ့မှုအဖြစ် အာဆင်နယ်နဲ့ လီဗာပူးတို့ဆုံတွေ့မယ့်ပွဲပါဝင်နေတာကြောင့် စိတ်ဝင်စားဖို့ကောင်းနေပါတယ်။

# အဖွင့်ပွဲစဉ်မှာ နိုင်ပွဲရဖို့ခက်တဲ့ ဂျာဂျင်ကလော့

## ပ ရီ မီ ယာ လိ ဂ် ရ င် ခု န် သံ - ၁

ရှိုင်းမင်းမင်း

### ဟားစီးတီး -လက်စတာ ည ၆း၀၀ (၁၃-၈-၁၆)

ဟားစီးတီးက တန်းတက်အသင်းဖြစ်ပါတယ်။ လက်ရှိအချိန်အထိလည်း အသင်းကို ထိရောက်တဲ့ အင်အားဖြည့်တင်းမှုတွေပြုလုပ်နိုင်ခြင်း မရှိသေးပါဘူး။ ဒ့ါအပြင် ထွက်ခွာသွားတဲ့ မန်နေဂျာစတိဗ်ဘရုစ်ရဲ့နေရာမှာလည်း ပြန်လည်အစားထိုးနိုင်မှုမရှိသေးတာကို တွေ့ရပါတယ်။ ဒါကြောင့် ဟားစီးတီးအနေနဲ့ အိမ်ကွင်းမှာရလဒ်ကောင်းဖို့ အားစိုက်လာမှာဖြစ်ပေမယ့် ချန်ပီယံလက်စတာကိုအသာရဖို့မလွယ်ပါဘူး။ အသင်းလိုက်ကောင်းနေဆဲဖြစ်တဲ့လက်စတာပဲနိုင်မယ်။

### ဆောက်သမ်တန် - ဝက်ဖို့ဒ် ည ၈း၃၀ (၁၃-၈-၁၆)

ဝမ်ယာမာ၊ မာနီ၊ ပယ်လီတို့လို အဓိကကစားသမားတွေကို ဆုံးရှုံးထားရတဲ့ ဆောက်သမ်တန်ဟာ မန်နေဂျာအပြောင်းအလဲပါဖြစ်ထားပါတယ်။ ဒါကြောင့်လည်းဆောက်သမ်တန်တို့ အသင်းလိုက်ခြေစွမ်းပိုင်းကို ထိခိုက်နိုင်ပါတယ်။ ဝက်ဖို့ဒ်ကတော့ အားဖြည့်မှုနည်းပေမယ့် အသင်းလိုက်တည်ငြိမ်မှုကိုတော့ ဆက်ထိန်းထားနိုင်ဆဲဖြစ်ပါ တယ်။ ဆောက်သမ်တန်တို့ အိမ်ကွင်းဖြစ်ပေမယ့် သရေလောက်ပဲ ကစားနိုင်ဖို့ရှိပါတယ်။

### ဘန်လေ - ဆွမ်ဆီး ည ၈း၃၀ (၁၃-၈-၁၆)

ဘန်လေကလည်း တန်းတက်အသင်းတစ်သင်းသာဖြစ်ပါတယ်။ ဘန်လေအနေနဲ့ လက်ရှိအချိန်မှာ အသင်းရဲ့အဓိကကစားသမားတွေကို ဆက်ထိန်းထားနိုင်ဆဲဖြစ်ပေမယ့်လည်း အားဖြည့်မှုတွေကိုတော့ ထိထိမိမိပြုလုပ်နိုင်မှုမရှိသေးပါဘူး။ ဆွမ်ဆီးကတော့ လော်ရန်တီကို ခေါ်ယူထားနိုင်သလို အသင်းရဲ့အဓိကကစားသမားတွေကိုလည်း ဆက်ထိန်းထားနိုင်ပါတယ်။ ဒါကြောင့် ဘန်လေအနေနဲ့ အိမ်ကွင်းနဲ့ ထိန်းချုပ်ကစားနိုင်ဖို့ကြိုးစားလာမှာဖြစ်ပေမယ့်လည်း အမြင့်ဆုံးသရေလောက်ပဲရယူနိုင်ဖို့ရှိမယ်။

### မန်စီးတီး - ဆန်းဒါးလန်း ည ၁၁း၀၀ (၁၃-၈-၁၆)

မန်စီးတီးဟာ ဂွါဒီယိုလာလက်ထက်မှာတည်ငြိမ်မှုရရှိဖို့ အချိန်တစ်ခုလိုအပ်နေတယ်ဆိုပေမယ့်လည်း လက်ရှိအချိန်မှာအသင်းလိုက် ခြေစွမ်းပိုင်းကလည်း မဆိုးတာကိုတွေ့ရပါတယ်။ ဒ့ါအပြင် ကစားသမားအင်အားပိုင်းကလည်း တောင့်တင်းမှုပိုရှိပါတယ်။ ဆန်းဒါးလန်းကလည်း မိုယေးစ်ကို မန်နေဂျာအဖြစ် ပြောင်းလဲခန့်အပ်ထားသလို အားဖြည့်မှုလည်း နည်းပါးနေပါတယ်။ ဒါကြောင့် မန်စီးတီးကို အဝေးကွင်းမှာ တုံ့ပြန်ကစားနိုင်ဖို့ခက်ခဲနေပါတယ်။ မန်စီးတီးကသာ အိမ်ကွင်းမှာနိုင်ပွဲရယူသွားနိုင်မှာပါ။

### ပဲလေ့စ် - ဝက်စ်ဘရွန်း ည ၈း၃၀ (၁၃-၈-၁၆)

ပဲလေ့စ်ဟာ ထိမိတဲ့အင်အားဖြည့်တင်းမှုတွေပြုလုပ်နိုင်မှု မရှိသေးဘူးဆိုပေမယ့်လည်း အသင်းလိုက်တည်ငြိမ်မှုကိုတော့ ဆက်ထိန်းနိုင်ဆဲဖြစ်ပါတယ်။ အိမ်ကွင်းအားနဲ့လည်းထိန်းချုပ်ကစားမှာ သေချာနေပါတယ်။ ဒါပေမယ့် ဝက်စ်ဘရွန်းကလည်း ဘီရာဟီနိုအပါအဝင် အဓိကကစားသမားတွေကို ဆက်ထိန်းထားနိုင်ဆဲဖြစ်ပါတယ်။ ဒီပွဲလည်း သရေကျဖို့များတယ်။

### ဘုန်းမောက် - မန်ယူ ည ၇း၀၀ (၁၄-၈-၁၆)

မန်ယူဟာ အသင်းကိုအပြောင်းအလဲများစွာပြုလုပ်ထားတာကြောင့် အသင်းလိုက်ခြေစွမ်းပိုင်းကထင်သလောက်ကောင်းမွန်မှုမရှိသေးပါဘူး။ ဒါပေမယ့်လည်း ဘုန်းမောက်ကလည်းအသင်းကိုထိမိတဲ့အင်အားဖြည့်တင်းမှုတွေပြုလုပ်နိုင်ခြင်းမရှိသေးတာတွေ့ရပါတယ်။ ဒါကြောင့်လည်း ဘုန်းမောက်တို့အိမ်ကွင်းဖြစ်ပေမယ့်လည်း မန်ယူကသာ ကပ်နိုင်ဖို့ရှိနေပါတယ်။

### အဲဗာတန် - စပါး ည ၈း၃၀ (၁၃-၈-၁၆)

အသင်းကောင်းနှစ်သင်းဆုံတွေ့တဲ့ ပွဲစဉ်ဖြစ်တာကြောင့် စိတ်ဝင်စားဖို့ကောင်းပါတယ်။ လက်ရှိအချိန်မှာ အဲဗာတန်ထက် စပါးက ပိုမိုတည်ငြိမ်မှုရှိတယ်လို့ဆိုနိုင်ပါတယ်။ စပါးဟာ ဟယ်ရီကိန်း၊ လာမယ်လာ၊ အဲရစ်ဆင်တို့လို အဓိကကစားသမားတွေကိုဆက်ထိန်းနိုင်ခဲ့သလို ဝမ်ယာမာကိုလည်းခေါ်ယူထားနိုင်ပါတယ်။ အဲဗာတန်ကတော့ မန်နေဂျာအပြောင်းအလဲကြောင့် တည်ငြိမ်မှုသိပ်မရှိနိုင်ပါဘူး။ စပါးကသာ ကပ်နိုင်ဖို့ရှိနေပါတယ်။

### အာဆင်နယ် - လီဗာပူး ည ၉း၃၀ (၁၄-၈-၁၆)

ပွဲကောင်းတစ်ပွဲပါ။ အသင်းကြီးနှစ်သင်းဆုံတွေ့တဲ့ပွဲဖြစ်ပါတယ်။ လက်ရှိအချိန်မှာ လီဗာပူးကအသင်းကို ပြန်လည်တည်ဆောက်နေချိန်ဖြစ်သလို အပြောင်းအလဲတွေလည်း များလွန်းနေပါတယ်။ အာဆင်နယ်ကတော့ အသင်းကိုအားဖြည့်မှုနည်းပါးသလို အပြောင်းအလဲသိပ်မရှိတာကြောင့် အသင်းလိုက်ကစားအားက တည်ငြိမ်မှုရှိလာနိုင်ပါတယ်။ အာဆင်နယ်ရဲ့အိမ်ကွင်းလည်း ဖြစ်နေတာကြောင့် အာဆင်နယ်ပဲကပ်နိုင်မယ်။

### မစ်ဒယ်ဘရော့ - စတုတ် ည ၈း၃၀ (၁၃-၈-၁၆)

တန်းတက်မစ်ဒယ်ဘရော့ဟာ ဗဲလ်ဒက်စ်၊ နီဂရီဒိုတို့လို ကစားသမားကောင်းတွေခေါ်ယူထားနိုင်ပေမယ့် အပြောင်းအလဲများနေတာကြောင့် အသင်းလိုက်ဟန်ချက်ကိုထိခိုက်နိုင်ပါတယ်။ စတုတ်ကတော့ ရှာကွီရီ၊ အာနူတိုဗစ်တို့လို အဓိကကစားသမားတွေကို ဆက်ထိန်းနိုင်သလို အသင်းလိုက်တည်ငြိမ်မှုလည်း ရှိနေပါတယ်။ အဝေးကွင်းမှာ စတုတ်ကပ်နိုင်ခြေရှိတယ်။

### ချယ်လ်ဆီး - ဝက်စ်ဟမ်း နံနက် ၁း၃၀ (၁၆-၈-၁၆)

ချယ်လ်ဆီးဟာ ကွန်တီရဲ့လက်ထက်မှာ အသင်းလိုက်ခြေစွမ်းပိုင်းကောင်းမွန်မှုသိပ်မရှိသေးဘူးဆိုပေမယ့်လည်း အိမ်ကွင်းပွဲစဉ်ဖြစ်တာကြောင့် အားစိုက်ကစားလာမှာသေချာနေပါတယ်။ ဒါပေမယ့်လည်း လက်ရှိအချိန်မှာ ဝက်စ်ဟမ်းကလည်း တည်ငြိမ်မှုရှိနေသလိုဆာခို၊ ဗလန်စီယာတို့လို အဓိကကစားသမားတွေကိုလည်း ဆက်ထိန်းထားနိုင်ကာ အသင်းလိုက်ခြေစွမ်းပိုင်းလည်းကောင်းမွန်နေပါတယ်။ ချယ်လ်ဆီးအနိုင်ရမယ်ဆိုရင်တောင်မှ ပြတ်သားဖို့ခက်ပါတယ်။

# ဆွမ်ဆီးနောက်ခံလူ အက်ရှ်လေဝီလီယံအား အဲဗာတန်အသင်း စာချုပ်ချုပ်ဆိုခေါ်ယူ

ပရီမီယာလိဂ်ကလပ် အဲဗာတန် အသင်းသည် ပရီမီယာလိဂ်ပြိုင်ဘက် ဆွမ်ဆီးအသင်း ခေါင်းဆောင်ဖြစ်သူ နောက်တန်းကစားသမား အက်ရှ်လေဝီလီယံအား စာချုပ်ချုပ်ဆိုခေါ်ယူလိုက်ပြီဖြစ်သည်။

အဲဗာတန်အသင်းသည် ယခုနွေရာသီ အပြောင်းအရွှေ့ကာလအတွင်း ကွင်းလယ်ကစားသမား ဂူယေးနှင့် ဂိုးသမား စတီကယ်လန်ဘာ့တို့နှစ်ဦးအား ခေါ်ယူထားခဲ့ပြီးဖြစ်သောကြောင့် အဲဗာတန်အသင်းနည်းပြ ရော်နယ်ကိုးမန်းခေါ်ယူခဲ့သည့် တတိယမြောက်ကစားသမားလည်း ဖြစ်လာခဲ့သည်။

လက်ရှိတွင် အဲဗာတန်အသင်းသည် ခရစ္စတယ်ပဲလေ့အသင်းကွင်းလယ်ကစားသမား ဘိုလာစီနှင့် ဆန်းဒါးလန်းနောက်တန်းကစားသမား လာမိုင်းကိုနီတို့ကိုလည်း ခေါ်ယူသွားရန် ဆွေးနွေးလျက်ရှိကြောင်း သိရသည်။

နောက်တန်းကစားသမား အက်ရှ်လေဝီလီယံသည် အဲဗာတန်အသင်းနှင့် သုံးနှစ်သက်တမ်းရှိ စာချုပ်တစ်ရပ်ချုပ်ဆိုခဲ့ခြင်းဖြစ်ပြီး အဲဗာတန်အသင်းနည်းပြသစ် ရော်နယ်ကိုးမန်းနှင့်အတူ အဲဗာတန်အသင်းအတွက် ရလဒ်ကောင်းတစ်ခု ထွက်ပေါ်လာရန်ပစ်မှတ်ထားလျက်ရှိကြောင်းလည်း ပြောကြားခဲ့သည်။

ဆွမ်ဆီးအသင်းသည် အဲဗာတန်အသင်းက ပြောင်းရွှေ့ကြေးပေါင် သန်း ၁၀ ယခင်ကမ်းလှမ်းခဲ့မှုကို ငြင်းဆိုခဲ့ပြီး လက်ရှိတွင် အဲဗာတန်အသင်းသည် နောက်တန်းကစားသမား ဂျွန်စတုန်းအား မန်စီးတီးအသင်းသို့ ပြောင်းရွှေ့ကြေးပေါင် ၄၈ ဒသမ ၅ သန်းဖြင့် ရောင်းချခဲ့ပြီးနောက် အက်ရှ်လေဝီလီယံအား ပြောင်းရွှေ့ကြေးပေါင် ၁၂ သန်းကျော်ပေးကာ အဲဗာတန်အသင်းက ခေါ်ယူခဲ့ခြင်းဖြစ်သည်။

ဆွမ်ဆီးအသင်းခေါင်းဆောင် အက်ရှ်လေ



ဝီလီယံသည် ၂၀၀၈ ခုနှစ် မတ်လအတွင်းက ပြောင်းရွှေ့ကြေးပေါင် ၃၀၀၀၀၀ ဖြင့် ဆွမ်ဆီးအသင်းသို့ ပြောင်းရွှေ့လာခဲ့ခြင်းဖြစ်ပြီး ဆွမ်ဆီးအသင်းနှင့်အတူ ရှစ်နှစ်ကြာဖြတ်သန်းခဲ့ပြီးနောက် ဆွမ်ဆီးအသင်းအတွက် ပွဲပေါင်း ၃၀၀ ကျော်ပါဝင်ကစားပေးနိုင်ခဲ့သည်။ **(ငွေကြယ်)**

# ၂၀၁၆ ရီယို အိုလံပစ်ပြိုင်ပွဲ ထိပ်ဆုံး နိုင်ငံ ၂၀ ၏ ဆုရရှိမှုအခြေအနေ

| စဉ် | နိုင်ငံ | ရွှေ | ငွေ | ကြေး | စုစုပေါင်း |
|---|---|---|---|---|---|
| ၁ | အမေရိကန် | ၁၁ | ၁၁ | ၁၀ | ၃၂ |
| ၂ | တရုတ် | ၁၀ | ၆ | ၉ | ၂၅ |
| ၃ | ဂျပန် | ၆ | ၁ | ၁၁ | ၁၈ |
| ၄ | ဩစတြေးလျ | ၅ | ၃ | ၅ | ၁၃ |
| ၅ | ဟန်ဂေရီ | ၅ | ၁ | ၁ | ၇ |
| ၆ | ရုရှား | ၄ | ၇ | ၄ | ၁၅ |
| ၇ | တောင်ကိုရီးယား | ၄ | ၂ | ၃ | ၉ |
| ၈ | ဂျာမနီ | ၄ | ၂ | ၁ | ၇ |
| ၉ | အီတလီ | ၃ | ၆ | ၃ | ၁၂ |
| ၁၀ | ဗြိတိန်နှင့် မြောက်အိုင်ယာလန် | ၃ | ၄ | ၆ | ၁၃ |
| ၁၁ | ပြင်သစ် | ၂ | ၃ | ၂ | ၇ |
| ၁၂ | ကာဇက်စတန် | ၂ | ၂ | ၃ | ၇ |
| ၁၃ | ထိုင်း | ၂ | ၁ | ၁ | ၄ |
| ၁၄ | ဆွစ်ဇာလန် | ၂ | ၀ | ၁ | ၃ |
| ၁၅ | ခရိုအေးရှား | ၂ | ၀ | ၀ | ၂ |
| ၁၆ | နယ်သာလန် | ၁ | ၂ | ၂ | ၅ |
| ၁၇ | နယူးဇီလန် | ၁ | ၂ | ၀ | ၃ |
| ၁၈ | ဆွီဒင် | ၁ | ၂ | ၀ | ၃ |
| ၁၉ | ဘယ်လ်ဂျီယန် | ၁ | ၁ | ၁ | ၃ |
| ၂၀ | ဘရာဇီး | ၁ | ၁ | ၀ | ၂ |

မှတ်ချက် - ၁၁-၈-၂၀၁၆ရက် မြန်မာစံတော်ချိန် ည ၁၁ နာရီ ရလဒ်များဖြစ်ပါသည်။

# လေးနိုင်ငံဖိတ်ခေါ်ပြိုင်ပွဲတွင် မြန်မာယူ-၁၉ အသင်း ဂျပန်ကလပ်နှင့် ပွဲဦးထွက်တွေ့ဆုံ

**ရန်ကုန် ဩဂုတ် ၁၁**

မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်က ကြီးမှူးကျင်းပမည့် လေးနိုင်ငံ ယူ-၁၉ ဖိတ်ခေါ်ပြိုင်ပွဲ အုပ်စုပွဲစဉ်များထွက်ပေါ်လာပြီဖြစ်ပြီး အိမ်ရှင်မြန်မာ ယူ-၁၉ အသင်းသည် ဂျပန်ဒုတိယတန်းကလပ် ဆာပေါ်ဂိုလူငယ်အသင်းနှင့် ပွဲဦးထွက်ယှဉ်ပြိုင်ရမည်ဖြစ်သည်။

လေးနိုင်ငံဖိတ်ခေါ်ပြိုင်ပွဲကို အိမ်ရှင်မြန်မာယူ-၁၉ အသင်းအပါအဝင် ထိုင်း ယူ-၁၉ အသင်း၊ ဗီယက်နမ် ယူ-၁၉ အသင်းနှင့် ဂျပန်ဒုတိယတန်းကလပ် ဆာပေါ်ဂိုယူ -၁၈ အသင်းတို့ယှဉ်ပြိုင်မည်ဖြစ်ပြီး မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ်က မြန်မာ ယူ-၁၉ အသင်း အာဆီယံ ယူ-၁၉ ပြိုင်ပွဲမတိုင်မီ အကြိုပြင်ဆင်မှုအဖြစ် ယခုပြိုင်ပွဲကို ကျင်းပခြင်းဖြစ်သည်။ လေးနိုင်ငံဖိတ်ခေါ်ပြိုင်ပွဲကို ဩဂုတ် ၂၂ ရက်မှ ၂၈ ရက်အထိ မန္တလေးမြို့ရှိ မန္တလာသီရိကွင်း၌ ကျင်းပမည်ဖြစ်ပြီး ပတ်လည်စနစ်ဖြင့် ကျင်းပမည်ဖြစ်သည်။

အုပ်စုပွဲစဉ် ရေးဆွဲထားမှုအရ ဩဂုတ် ၂၂ ရက်တွင် ပထမပွဲအဖြစ် ညနေ ၃ နာရီ၌ ထိုင်း ယူ-၁၉ အသင်းနှင့် ဗီယက်နမ် ယူ-၁၉ အသင်း၊ ဒုတိယပွဲအဖြစ် ညနေ ၆ နာရီ၌ မြန်မာ ယူ-၁၉ အသင်းနှင့် ဆာပေါ်ဂိုလူငယ်အသင်း၊ ဩဂုတ် ၂၄ ရက်တွင် ပထမပွဲအဖြစ် ညနေ ၃ နာရီ၌ ထိုင်း ယူ-၁၉ အသင်းနှင့် ဆာပေါ်ဂိုလူငယ်အသင်း၊ ဒုတိယပွဲအဖြစ် ညနေ ၆ နာရီ၌ မြန်မာ ယူ-၁၉ အသင်းနှင့် ဗီယက်နမ် ယူ-၁၉ အသင်း၊ ဩဂုတ် ၂၆ ရက်တွင် ပထမပွဲအဖြစ် ညနေ ၃ နာရီ၌ ဗီယက်နမ် ယူ-၁၉ အသင်းနှင့် ဆာပေါ်ဂိုလူငယ်အသင်း၊ ဒုတိယပွဲအဖြစ် ညနေ ၆ နာရီ၌ မြန်မာ ယူ-၁၉ အသင်းနှင့် ထိုင်း ယူ-၁၉ အသင်းတို့ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။ အမှတ်အများဆုံး နှစ်သင်းမှာ ဗိုလ်လုပွဲ၊ အဆင့် ၃/၄ နေရာရအသင်းမှာ တတိယနေရာလုပွဲကစားရမည်ဖြစ်ပြီး ဩဂုတ် ၂၈ ရက်တွင် ကျင်းပမည်ဖြစ်သည်။

ဆုကြေးငွေများအဖြစ် ပထမဆု အမေရိကန်ဒေါ်လာ ၁၅၀၀၀၊ ဒုတိယဆု အမေရိကန်ဒေါ်လာ ၁၀၀၀၀၊ တတိယဆု အမေရိကန်ဒေါ်လာ ၅၀၀၀ ချီးမြှင့်မည်ဖြစ်သည်။ မြန်မာ ယူ-၁၉ အသင်းကို နည်းပြချုပ်အဖြစ် ဦးမျိုးလှိုင်ဝင်းက ကိုင်တွယ်လျက်ရှိပြီး ကစားသမား ၂၅ ဦးဖြင့် လေ့ကျင့်ပြင်ဆင်မှုများ ပြုလုပ်လျက်ရှိသည်။ မြန်မာ ယူ-၁၉ အသင်းသည် အာဆီယံ ယူ-၁၉ ပြိုင်ပွဲတွင် အုပ်စုကျပ်အတွင်း ကျရောက်လျက်ရှိရာ ယခုဖိတ်ခေါ်ပြိုင်ပွဲမှ အတွေ့အကြုံကောင်းများရရှိမည်ဖြစ်သည်။

**(ချစ်ကိုကို)**

အားကစားမြှင့်တင် စိတ်လန်းရွှင်
ဆန့်ကျင်မူးယစ်ဆေး

# သိန်းနီမြို့တွင် ငွေကျပ်သိန်းပေါင်း ၅၄၀၀ တန်ဖိုးရှိ ဘိန်းညို့မှုန့်များ သိမ်းဆည်းရမိ

**နေပြည်တော် ဩဂုတ် ၁၁**

မူးယစ်တပ်ဖွဲ့စု(၂၄)လားရှိုးမှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ဩဂုတ် ၁၀ ရက်က သိန်းနီမြို့အဝင် အိုရီယမ်တယ် တိုးဂိတ်အနီးတွင် ကွတ်ခိုင်မှ သိန်းနီသို့ အိုက်လှ မောင်းနှင်ပြီး အိုက်ညီလိုက်ပါလာသည့် မော်တော်ယာဉ်ကို ရပ်တန့်ရှာဖွေရာ ဘိန်းညို့မှုန့် ၆၀ ကီလို (ယင်းဒေသတန်ဖိုးငွေကျပ် သိန်း ၅၄၀၀)ကို သိမ်းဆည်းရမိပြီး စစ်ဆေးချက်အရ မူးယစ်ဆေးဝါးများ သယ်ဆောင်လာသည့် မော်တော်ယာဉ်ကို လွှဲပြောင်းလက်ခံရယူရန် စောင့်နေသူ အားကြူအား သိန်းနီ-နမ့်စလပ်ကြား နားကုန်းကျေးရွာတွင် TOYOTA Hilux Pickcup မော်တော်ယာဉ်နှင့်အတူ ဖမ်းဆီးရမိသည်။

အလားတူ ယင်းနေ့က မူးယစ်တပ်ဖွဲ့စု(၃)မိုးညှင်းမှ တပ်ဖွဲ့ဝင်များသည် ဖားကန့်မြို့နယ် လုံးခင်းကျေးရွာအုပ်စု လယ်ပြင်ပူးပေါင်းစစ်ဆေးရေးစခန်းတွင် မိုးကောင်းမှ ဖားကန့်ဘက်သို့ ထွက်ခွာလာသည့် ၉က/--- ဗင်အမျိုးအစား ခရီးသည်တင် မော်တော်ယာဉ်ကို ရပ်တန့်ရှာဖွေရာ ခရီးသည် မတွမ်မွေးလိတ် သယ်ဆောင်လာသော စိတ်ကြွရူးသွပ်ဆေးပြား ၂၉၀၀၀ ကို လည်းကောင်း၊ ဩဂုတ် ၉ ရက်က လားရှိုးနယ်မြေရဲစခန်းမှ တပ်ဖွဲ့ဝင်များသည် လားရှိုးမြို့ ရပ်ကွက်(၉) နယ်မြေ(၃) မီးရထားဝင်းနေ နိုင်ဝင်းသူ၏ နေအိမ်ကိုရှာဖွေရာ ၎င်းနှင့်အတူ ထက်ပိုင်အားတွေ့ရပြီး စိတ်ကြွရူးသွပ်ဆေးပြား ၂၉၃၅ ပြားကို လည်းကောင်း၊ လားရှိုးအမှတ်(၇) ရဲကင်းစခန်းမှ တပ်ဖွဲ့ဝင်များသည် လားရှိုးမြို့ ရပ်ကွက်(၁၀) နယ်မြေ(၂) အေးချမ်းမြေလမ်းပေါ်တွင် မောင်ချိုမောင်းနှင်လာသည့် ဆိုင်ကယ်ကို ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၁၈၈၅ ပြားကို လည်းကောင်း၊ မူးယစ်တပ်ဖွဲ့စု(၃၀) တာချီလိတ်မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် တာချီလိတ်မြို့ ရန်အောင်မြေရပ်ကွက် ယာဉ်ထိန်းရဲတပ်ဖွဲ့စု (၁၁၇)ရုံးရှေ့ ဗိုလ်ချုပ်လမ်းမပေါ်တွင် ပါလျံမီးပွိုင့်ဘက်မှ တံတား(၂)မီးပွိုင့်ဘက်သို့ အိုက်ရီမောင်းနှင်လာသည့် ဆိုင်ကယ်ကိုရှာဖွေရာ ဘိန်းစိမ်း ၁ ဒသမ ၅ ကီလို သိမ်းဆည်းရမိသဖြင့် ၎င်းတို့အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထားကြောင်း သိရသည်။

**(ကြေးမုံ)**



အိုက်လှ(ခ)စံလှ၊ အိုက်ညီ(ခ)ညီထွန်းနှင့် အားကြူ(ခ)ကျူးရင်ရွှမ်းတို့ သုံးဦးအား သိမ်းဆည်းရမိ မူးယစ်ဆေးဝါးများနှင့်အတူ တွေ့ရစဉ်။



# ရဲတပ်ဖွဲ့ဝင်များ ပြည်သူ့အကျိုးပြုလုပ်ငန်းများ ဆောင်ရွက်

**မုံရွာ ဩဂုတ် ၁၀**

မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များသည် ပြည်သူ့အကျိုးပြုလုပ်ငန်းများကို ဒေသအနှံ့အပြားတွင် ကြိုးပမ်းဆောင်ရွက်လျက်ရှိရာ ဩဂုတ် ၁၀ ရက်က စစ်ကိုင်းတိုင်းဒေသကြီး ယင်းမာပင်ခရိုင် ဆားလင်းကြီးမြို့နယ် ကံကုန်းကျေးရွာ အခြေခံပညာအထက်တန်းကျောင်းဝင်းအတွင်း စုပေါင်းသန့်ရှင်းရေးလုပ်ငန်းကို အမှတ်(၂၈) လုံခြုံရေးရဲတပ်ဖွဲ့ဝင်များမှ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

ကျောင်းသား ကျောင်းသူများ ကျန်းမာပျော်ရွှင်စွာ ပညာသင်ကြားနိုင်ရေးအတွက် ကျောက်မျက်ကျေးရွာအုပ်စု ကံကုန်းကျေးရွာ စာသင်ကျောင်းဝင်းအတွင်းတွင်ရှိသည့် ချုံနွယ်များ၊ ပေါင်းမြက်များရှင်းလင်းခြင်း၊ ကျောင်းခြံစည်းရိုးများ ပြုပြင်ပေးခြင်း၊ ကျောင်းပတ်ဝန်းကျင် သန့်ရှင်းရေးနှင့် ကျောင်းဝင်းအတွင်း အရိပ်ရလေကာပင်များ စိုက်ပျိုးပေးခြင်းများကို ရဲတပ်ဖွဲ့ဝင်များ ပူးပေါင်းပြီး ဆောင်ရွက်ပေးခဲ့ကြောင်း တာဝန်ရှိသူတစ်ဦးက ပြောကြားခဲ့သည်။

အဆိုပါ စုပေါင်းသန့်ရှင်းရေးလုပ်ငန်းကို အမှတ်(၂၈)လုံခြုံရေးရဲတပ်ဖွဲ့ ခွဲမှူး ယာယီဒုတိယရဲမှူးကြီးမြင့်ကျော်၊ ဌာနချုပ်တပ်ခွဲမှူး ယာယီရဲမှူး မိုးကျော်နိုင်တို့ ဦးစီးသော ရဲတပ်ဖွဲ့ဝင် ၁၁၅ ဦးနှင့်အတူ ကျောင်းအုပ်ဆရာမကြီး ဒေါ်နီနီသန့်နှင့် ဆရာ ဆရာမများ၊ ကျေးရွာအုပ်ချုပ်ရေးမှူးနှင့် ကျောင်းအကျိုးတော်ဆောင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ ကျောင်းသား ကျောင်းသူများမှ ဝိုင်းဝန်းကူညီဆောင်ရွက်ပေးခဲ့ကြကြောင်း သိရသည်။

**(မင်းမင်း)**

# မန္တလေး-ဗန်းမော်ကားလမ်းတွင် ဆိုင်ကယ်နှစ်စီး မျက်နှာချင်းဆိုင်တိုက်မိ

**တကောင်း ဩဂုတ် ၁၁**

မန္တလေးတိုင်းဒေသကြီး တကောင်းမြို့နယ် ဖုန်ကုန်းကျေးရွာအုပ်စု ညောင်လေးပင်ကျေးရွာအနီး မန္တလေး-ဗန်းမော်ကားလမ်း မိုင်တိုင်(၄၅/၇)နှင့် မိုင်တိုင်(၄၆)အကြားတွင် ဩဂုတ် ၁၀ ရက် ည ၉ နာရီက ဆိုင်ကယ်နှစ်စီး မျက်နှာချင်းဆိုင်တိုက်မိခဲ့ရာ ဆိုင်ကယ်စီးနင်းသူနှစ်ဦးအနက်မှ တစ်ဦးသေဆုံးခဲ့ကြောင်း သိရသည်။

ဖြစ်ပွားစဉ် မောင်လင်း(၃၈)နှစ် ညောင်လေးပင်ကျေးရွာနေသူ မောင်းနှင်သော ANBO 125 နီ/နက်ရောင် နံပါတ်မပါဆိုင်ကယ်နှင့် ဆန်းစုအောင်(၃၅)နှစ် ကျောက်အိုက်ကျေးရွာနေသူ မောင်းနှင်လာသော YINXING-125 အနက်ရောင် နံပါတ်မပါဆိုင်ကယ်တို့သည် မန္တလေး-ဗန်းမော်ကားလမ်း မိုင်တိုင်(၄၅/၇)နှင့် မိုင်တိုင်(၄၆)ကြားအရောက်တွင် အရှိန်မထိန်းနိုင်ဘဲ မျက်နှာချင်းဆိုင်တိုက်မိကြရာ မောင်လင်းတွင် ဝဲဘက်မျက်ခုံး ပေါက်ပြဲဒဏ်ရာ၊ ဝဲဘက်လက်ဖမိုးပေါက်ပြဲဒဏ်ရာ တစ်ချက်ရရှိခဲ့သည်။ ဆန်းစုအောင်တွင် ဦးခေါင်းနောက်စေ့ကြေမွဒဏ်ရာတစ်ချက်၊ ဝဲဘက်ပါးပွန်းပဲ့ဒဏ်ရာ၊ ယာဘက်မျက်ခုံး ဖူးရောင်ဒဏ်ရာများရရှိခဲ့ကာ မန္တလေးဆေးရုံသို့ ပို့ဆောင်စဉ် လမ်းတွင် သေဆုံးခဲ့ကြောင်း သိရသည်။

**ကိုကိုအောင်(တကောင်း)**

# ရန်ကုန်-မန္တလေးအမြန်လမ်းတွင် မော်တော်ယာဉ်များအား သတ်မှတ်စာရွက်စာတမ်းများ စုံလင်မှုရှိ၊ မရှိ စစ်ဆေး




**နေပြည်တော် ဩဂုတ် ၁၁**

ရန်ကုန်-မန္တလေးအမြန်လမ်းရဲတပ်ဖွဲ့အနေဖြင့် အမြန်လမ်းတစ်လျှောက် ယာဉ်မတော်တဆမှုအန္တရာယ်ကင်းရှင်းရန် ဆောင်ရွက်လျက်ရှိရာ ဩဂုတ် ၁၀ ရက်က အမြန်လမ်းမကြီး မိုင်တိုင်အမှတ်(၀/၂)တွင် အမှတ်(၃)လမ်းဆုံအမြန်လမ်းမကြီး ရဲစခန်းမှ စခန်းမှူး ရဲအုပ်အောင်သင်းဦး ဦးစီးတပ်ဖွဲ့ဝင်များသည် ပူးပေါင်းစစ်ဆေးရေးအဖွဲ့များနှင့်အတူ Express ယာဉ် ၁၉၃ စီးနှင့် ကုန်တင်ယာဉ်အစီး ၁၂၀ တို့အား သတ်မှတ်စာရွက်စာတမ်းများ စုံလင်မှုရှိ၊ မရှိ စစ်ဆေးခြင်း၊ သတ်မှတ်လိုင်စင်ရှိ၊ မရှိ အကူယာဉ်မောင်းပါရှိမှု ရှိ၊ မရှိနှင့် သတ်မှတ်ကုန်တင်ဆောင်မှု ရှိ၊ မရှိ စစ်ဆေးဆောင်ရွက်ခဲ့သည်။

ထို့အပြင် အမြန်လမ်းတစ်လျှောက် ကျောင်းတက်ကျောင်းဆင်းချိန်များတွင် ကျောင်းသား ကျောင်းသူများအား ယာဉ်အန္တရာယ်ကင်းရှင်းစွာ ဖြတ်သန်းသွားလာနိုင်ရေးအတွက် အမြန်လမ်းမကြီး ရဲတပ်ဖွဲ့ဝင်များက ကျောင်းဖွင့်ရက်တိုင်း ကူညီဆောင်ရွက်လျက်ရှိကြောင်း အမြန်လမ်းရဲတပ်ဖွဲ့မှူးရုံးမှ သိရသည်။

**သန်းဦး(လေးမျက်နှာ)**



# ဝင်ငွေခွန်ဥပဒေကိုပြင်ဆင်သည့်ဥပဒေကြမ်း

**ပြည်သူအများသိရှိလေ့လာအကြံပြုနိုင်ရန် ဖော်ပြခြင်းဖြစ်ပါသည်။**

**ဝင်ငွေခွန်ဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်း**
**( ၂၀၁၆ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော် ဥပဒေအမှတ် ။ )**
**၁၃၇၈ ခုနှစ် လ ရက်**
**( ၂၀၁၆ ခုနှစ်၊ လ ရက်)**

ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

၁။ ဤဥပဒေကို **ဝင်ငွေခွန်ဥပဒေကိုပြင်ဆင်သည့်ဥပဒေ**ဟု ခေါ်တွင်စေရမည်။

၂။ ဤဥပဒေသည် ၂၀၁၆-၂၀၁၇ ဝင်ငွေနှစ်အတွက်မှ စတင်အကျိုးသက်ရောက်စေရမည်။

၃။ ဝင်ငွေခွန်ဥပဒေတွင် ပါရှိသော“ကုမ္ပဏီများဆိုင်ရာအခွန်ရုံး” ဆိုသည့် စကားရပ်ကို“အလယ်အလတ်အခွန်ထမ်းများဆိုင်ရာ အခွန်ရုံး”ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

၄။ ဝင်ငွေခွန်ဥပဒေ ပုဒ်မ ၃၊ ပုဒ်မခွဲ (န)၊ ပုဒ်မခွဲငယ် (၂)၏ နောက်တွင် ပုဒ်မခွဲငယ် (၃)ကို အောက်ပါအတိုင်း ဖြည့်စွက်ရမည် -

“(၃) ဤဥပဒေအရတောင်းခံသည့် သို့မဟုတ် အခွန်ထမ်းကိုယ်တိုင်က ဝင်ငွေကြေညာလွှာနှင့်အတူ စည်းကြပ်မှု ခံယူထားသည့် အခွန်အားလုံးကို ဖြစ်စေ၊ တချို့တစ်ဝက်ကိုဖြစ်စေ သတ်မှတ်ထားသည့် သို့မဟုတ် တိုးမြှင့်ပေးထားသည့် အချိန်ကာလအတွင်း ပေးဆောင်ရန် ပျက်ကွက်သူ၊”

၅။ ဝင်ငွေခွန်ဥပဒေ ပုဒ်မ ၅ တွင် -

(က) ပုဒ်မခွဲ(က)၊ ပုဒ်မခွဲငယ် (၃)ကို အောက်ပါအတိုင်း အစားထိုးရမည်-

“ (၃) ပင်စင်၊ ပင်စင်မှ ပြောင်းလဲ၍ ရရှိသော ငွေနှင့် လုပ်သက်ဆုငွေ (Gratuity)၊”

(ခ) ပုဒ်မခွဲ (ဃ)ကို အောက်ပါအတိုင်း အစားထိုးရမည် -

“(ဃ) ကုလသမဂ္ဂ၊ သံတမန်၊ ကောင်စစ်ရေးရာ၊ အပြည်ပြည်ဆိုင်ရာ အဖွဲ့အစည်းများ၊ ရင်းနှီးမြှုပ်နှံမှုနှင့် အထူးစီးပွားရေးဇုန်ဆိုင်ရာ ဥပဒေတစ်ရပ်ရပ်တွင် ဝင်ငွေခွန်နှင့်သက်ဆိုင်သည့် အကျိုးခံစားခွင့်များ ပြဋ္ဌာန်းပါရှိလျှင် ယင်းပြဋ္ဌာန်းချက်များနှင့်အညီ ခံစားခွင့် ရှိစေရမည်။ ယင်းဥပဒေများမှတစ်ပါး အခြားဥပဒေတစ်ရပ်ရပ်တွင် ဝင်ငွေခွန်နှင့် သက်ဆိုင်သည့် အကျိုးခံစားခွင့်ကို မည်သို့ပင် ပြဋ္ဌာန်းပါရှိစေကာမူ ပြည်ထောင်စု၏ အခွန်အကောက်ဥပဒေနှင့် ဝင်ငွေခွန်ဥပဒေတို့ပါပြဋ္ဌာန်းချက်အတိုင်း လိုက်နာဆောင်ရွက်ရမည်။”

၆။ ဝင်ငွေခွန်ဥပဒေ ပုဒ်မ ၆ပုဒ်မခွဲ (က)၊ ပုဒ်မခွဲငယ် (၂) နှင့် ပုဒ်မခွဲ(ဂ)၊ ပုဒ်မခွဲငယ်(၂)(ခခ)တို့တွင် ပါရှိသော“အခွန်ထမ်း၏ အိမ်ထောင်ဖက်နှင့် သားသမီးများ” ဆိုသည့်စကားရပ်ကို“နည်းဥပဒေပါ သတ်မှတ်ချက်များနှင့် ကိုက်ညီသည့် အခွန်ထမ်း၏ အတူနေ မိဘ၊ အိမ်ထောင်ဖက်နှင့် သားသမီးများ” ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

၇။ ဝင်ငွေခွန်ဥပဒေ ပုဒ်မ ၈ တွင် -

(က) ပုဒ်မခွဲ (က)၊ ပုဒ်မခွဲငယ် (၄)၌ ပါရှိသော“ပစ္စည်း” ဆိုသည့် စကားရပ်ကို“ပစ္စည်း ငှားရမ်းခ” ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

(ခ) ပုဒ်မခွဲ(ခ)၌ ပါရှိသော“လစာမှ ဝင်ငွေ၊ အသက်မွေးဝမ်းကျောင်းပညာလုပ်ငန်းမှ ဝင်ငွေ၊ ပစ္စည်းမှ ဝင်ငွေ” ဆိုသည့် စကားရပ်ကို “အသက်မွေးဝမ်းကျောင်းပညာ လုပ်ငန်းမှ ဝင်ငွေ” ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။”

၈။ ဝင်ငွေခွန်ဥပဒေ ပုဒ်မ ၉ ကို အောက်ပါအတိုင်း အစားထိုးရမည် -

“၉။ မည်သူမဆို အလုပ်ရှင်ထံမှ မိမိရရှိသည့် သို့မဟုတ် ရရန်ရှိသည့် လစာ၊ လုပ်ခ၊ နှစ်စဉ်ကြေး၊ ဆုကြေး၊ ချီးမြှင့်ငွေ၊ လစာနှင့် လုပ်ခအစား သို့မဟုတ် ယင်းတို့အပြင် ထပ်ဆောင်းရရှိသည့် အခကြေးငွေ၊ ကော်မရှင်တို့အတွက် လစာခေါင်းစဉ်ဖြင့် အခွန်ထမ်းဆောင်ရမည်။”

၉။ ဝင်ငွေခွန်ဥပဒေ ပုဒ်မ ၁၁၊ ပုဒ်မခွဲ (ခ)၊ ပုဒ်မခွဲငယ်(၃) ကို အောက်ပါအတိုင်း အစားထိုးရမည်-

“(၃) လုပ်ငန်းပမာဏနှင့် မမျှအောင်များသည့် စရိတ်၊ မဆီလျော်သည့် စရိတ်၊ ထိုဝင်ငွေရရန် ကုန်ကျခြင်းမဟုတ်သည့် စရိတ်၊”

၁၀။ ဝင်ငွေခွန်ဥပဒေ ပုဒ်မ ၁၂ ၏ ဘေးခေါင်းစဉ်၌ ပါရှိသော“ပစ္စည်း” ဆိုသည့် စကားရပ်ကို“ပစ္စည်း ငှားရမ်းခ” ဆိုသည့် စကားရပ်ဖြင့် လည်းကောင်း၊ ဝင်ငွေခွန်ဥပဒေ ပုဒ်မ ၁၂၊ ပုဒ်မခွဲ(က) တွင် ပါရှိသော “ပစ္စည်း ခေါင်းစဉ်ဖြင့်” ဆိုသည့် စကားရပ်ကို “ပစ္စည်းငှားရမ်းခခေါင်းစဉ်ဖြင့်” ဆိုသည့် စကားရပ်ဖြင့် လည်းကောင်း အစားထိုးရမည်။

၁၁။ ဝင်ငွေခွန်ဥပဒေ ပုဒ်မ ၁၆-က တွင် ပုဒ်မခွဲ (က) နှင့် (ခ)တို့ကို အောက်ပါအတိုင်း အစားထိုးရမည်-

“(က) ပုဒ်မ ၁၅ အရပေးဆောင်ရသည့်အခွန်သည် ထိုနှစ်အတွင်း မိမိရရှိမည့် စုစုပေါင်းဝင်ငွေကိုခန့်မှန်းတွက်ချက်၍ ယင်းအပေါ်တွင် ကျသင့်သည့်အခွန် ဖြစ်ရမည်။ ယင်းအခွန်ကို -

(၁) သုံးလတစ်ကြိမ်ပေးသွင်းရမည်ဖြစ်ပြီး သုံးလပြည့်မြောက်သည့် နေ့ရက်မှ ၁၀ ရက် အတွင်း သတ်မှတ်သည့် နည်းလမ်းများအတိုင်း ပေးသွင်းရမည်။

(၂) ပုဒ်မခွဲငယ်(၁) အရ သတ်မှတ်ရက်အတွင်း ပေးသွင်းလျှင် သက်ဆိုင်ရာ ဝင်ငွေနှစ်အတွက် ပေးသွင်းသည့် အခွန်အဖြစ်ဟု မှတ်ယူရမည်။

(ခ) အခြေပစ္စည်းမှမြတ်စွန်းငွေဖြစ်ပါက အခြေပစ္စည်းကိုရောင်းချခြင်း၊ လဲလှယ်ခြင်း၊ အခြားတစ်နည်းနည်းဖြင့်လွှဲပြောင်းခြင်းပြုသည့် နေ့ရက်မှ ရက်ပေါင်း ၃၀ အတွင်း အခြေပစ္စည်းမှမြတ်စွန်းငွေအပေါ် ကျသင့်သည့်အခွန်ကို ခန့်မှန်းတွက်ချက်ပေးသွင်းရမည်။”

၁၂။ ဝင်ငွေခွန်ဥပဒေ ပုဒ်မ ၁၇၊ ပုဒ်မခွဲ(က)ကို အောက်ပါအတိုင်း အစားထိုးရမည် -

“(က) မည်သူမဆို ဝင်ငွေနှစ်အတွင်း ဝင်ငွေခွန် စည်းကြပ်ထိုက်သည့် စုစုပေါင်းဝင်ငွေ ရရှိလျှင် ထိုဝင်ငွေနှစ်အတွက် မိမိ၏ ဝင်ငွေကြေညာလွှာကို လည်းကောင်း၊ ဘာသာရေး သို့မဟုတ် ကုသိုလ်ရေး အဖွဲ့အစည်းများမှအပ ကုမ္ပဏီ အပါအဝင် မည်သည့် ပုဂ္ဂိုလ်စုမဆို ထိုဝင်ငွေနှစ်အတွက် မြတ်စွန်းငွေရှိသည်ဖြစ်စေ၊ မရှိသည်ဖြစ်စေ ဝင်ငွေကြေညာလွှာကို လည်းကောင်း စည်းမျဉ်းများဖြင့် ပြဋ္ဌာန်းထားသည့်အတိုင်း ဝင်ငွေနှစ်ကုန်ဆုံးပြီး သုံးလအတွင်း ပေးပို့ရမည်။ သို့ရာတွင် လစာခေါင်းစဉ်မှ ဝင်ငွေသာရရှိသူဖြစ်လျှင် ယင်းသို့ပေးပို့ရန် မလို။”

၁၃။ ဝင်ငွေခွန်ဥပဒေ ပုဒ်မ ၃၀၊ ပုဒ်မခွဲ(က)၊ ပုဒ်မခွဲငယ်(၅)၏ နောက်တွင် ပုဒ်မခွဲငယ်(၆)ကို အောက်ပါအတိုင်း ဖြည့်စွက်ရမည် -

“(၆) ဤဥပဒေအရ မိမိ ဖြစ်ထွန်းရရှိသည့် ဝင်ငွေအပေါ် ကျသင့်အခွန်ကို ကိုယ်တိုင်တွက်ချက် စည်းကြပ်ပေးဆောင်စေရန် ခွင့်ပြုထားသူ။”

၁၄။ ဝင်ငွေခွန်ဥပဒေ ပုဒ်မ ၃၁၊ ပုဒ်မခွဲ (က)ကို အောက်ပါအတိုင်း အစားထိုးရမည်-

“(က) အခြားနိုင်ငံ တစ်ခုခု သို့မဟုတ် အပြည်ပြည်ဆိုင်ရာ အဖွဲ့အစည်းတစ်ခုခုနှင့် ဝင်ငွေခွန်ကိစ္စ ပါဝင်သော အခွန်နှစ်ထပ် စည်းကြပ်ကောက်ခံမှု ရှောင်ရှားရေး သဘောတူစာချုပ် သို့မဟုတ် အခွန်ဆိုင်ရာ သတင်းအချက်အလက်များ အပြန်အလှန်လဲလှယ်ရေး သဘောတူစာချုပ် သို့မဟုတ် သက်သာသော အတိုးနှုန်းဖြင့် ချေးငွေရယူခြင်းဆိုင်ရာ သဘောတူစာချုပ်စသည့် သဘောတူစာချုပ်တစ်ရပ်ရပ်ချုပ်ဆိုပါက ဤဥပဒေပါ အခြားပြဋ္ဌာန်းချက်များတွင် မည်သို့ပင် ပါရှိစေကာမူ ယင်းစာချုပ်ပါ သဘောတူညီချက်များနှင့်အညီ လိုက်နာဆောင်ရွက်ရမည်။”

၁၅။ ဝင်ငွေခွန်ဥပဒေ ပုဒ်မ ၃၂၊ ပုဒ်မခွဲ (ဂ)၊ ပုဒ်မခွဲငယ် (၂)ကို အောက်ပါအတိုင်း အစားထိုးရမည် -

“(၂) ပြည်ထောင်စုနယ်မြေအခွန်ဦးစီးဌာနမှူး သို့မဟုတ် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အခွန်ဦးစီးဌာနမှူး သို့မဟုတ် အလယ်အလတ်အခွန်ထမ်းများဆိုင်ရာ အခွန်ရုံးဌာနမှူး သို့မဟုတ် အခွန်ထမ်းကြီးများဆိုင်ရာ အခွန်ရုံးဌာနမှူးထံ လျှောက်ထား၍ ယင်းက ဆုံးဖြတ်သည့်အတိုင်း လိုက်နာဆောင်ရွက်ခြင်း၊”

၁၆။ ဝင်ငွေခွန်ဥပဒေ ပုဒ်မ ၃၄ ပါ “ပြည်သူ့တရားသူကြီးအဖွဲ့” ဆိုသည့်စကားရပ်များကို “ပြည်ထောင်စုတရားလွှတ်တော်ချုပ်” ဆိုသည့် စကားရပ်ဖြင့် လည်းကောင်း၊ ဝင်ငွေခွန်ဥပဒေ ပုဒ်မ ၃၄၊ ပုဒ်မခွဲ (ဃ) ပါ “ယင်းတရားသူကြီးအဖွဲ့” ဆိုသည့် စကားရပ်ကို “ယင်းတရားလွှတ်တော်ချုပ်” ဆိုသည့် စကားရပ်ဖြင့် လည်းကောင်း အစားထိုးရမည်။

၁၇။ ဝင်ငွေခွန်ဥပဒေ ပုဒ်မ ၃၇၊ ပုဒ်မခွဲ(ခ)၏ နောက်တွင် ပုဒ်မခွဲ (ဂ)ကို အောက်ပါအတိုင်း ဖြည့်စွက်ရမည် -

“(ဂ) အခွန်ထမ်းက မိမိရရှိမည့် ပြန်အမ်းငွေနှင့် စပ်လျဉ်း၍ ဝင်ငွေခွန်စည်းကြပ်မှုတစ်ရပ်ရပ်အရ ပေးဆောင်ရမည့် အခွန်ငွေတွင် ခုနှိမ်ပေးရန် သို့မဟုတ် လက်ရှိဝင်ငွေနှစ်အတွက် ကြိုတင်ပေးသွင်းရမည့် ဝင်ငွေခွန်အဖြစ် သတ်မှတ်ပေးရန် တင်ပြပါက မြို့နယ်အခွန်ဦးစီးဌာနမှူးသည် အခွန်ထမ်း၏ တင်ပြချက်နှင့်အညီ ဆောင်ရွက်ပေးနိုင်သည်။”

၁၈။ ဝင်ငွေခွန်ဥပဒေ ပုဒ်မ ၄၂ နှင့် ၄၄ တို့တွင် ပါရှိသော “ပုဒ်မ ၇ အရ မြို့နယ်အခွန်ဦးစီးဌာနမှူး” ဆိုသည့် စကားရပ်ကို “မြို့နယ်အခွန်ဦးစီးဌာနမှူး” ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

၁၉။ ဝင်ငွေခွန်ဥပဒေ ပုဒ်မ ၄၄၊ ပုဒ်မခွဲ (ခ)ကို အောက်ပါအတိုင်း အစားထိုးရမည် -

“(ခ) ပုဒ်မခွဲ(က)အရ ဝင်ရောက်ကြည့်ရှုစစ်ဆေးရာ၌ တွေ့ရှိသော မည်သည့် နည်းစနစ်ဖြင့်မဆို ထိန်းသိမ်းထားရှိသော စာရင်းများ၊ စာရွက်စာတမ်းများကို ကြည့်ရှုစစ်ဆေးခွင့်၊ ယင်းတို့ကို မှတ်မိစေရန် တံဆိပ်အမှတ်အသား ရိုက်နှိပ်ခွင့်၊ မှတ်သားခွင့်၊စနစ်တစ်ခုလုံးကိုဖြစ်စေ၊ ယင်းတို့မှ ကောက်နုတ်ထားချက်များကိုဖြစ်စေ ထုတ်ယူခွင့်၊ မိတ္တူကူးယူခွင့်၊ လုပ်ငန်းဆောင်ရွက်နေမှုများနှင့် သက်ဆိုင်သည့် ဓာတ်ပုံ၊ ဗီဒီယို မှတ်တမ်းရယူခွင့်၊”

၂၀။ ဝင်ငွေခွန်ဥပဒေ ပုဒ်မ ၄၄ ၏ နောက်တွင် ၄၄-က ကို အောက်ပါအတိုင်း ဖြည့်စွက်ရမည်-

“၄၄-က။ ဥပဒေ ပုဒ်မ ၄၄၊ ပုဒ်မခွဲ(က) နှင့် (ခ)တို့ပါ အခွင့်အာဏာကျင့်သုံးခြင်း ခံရသော ဥပစာနေရာ၏ပိုင်ရှင် သို့မဟုတ် ဥပဒေနှင့်အညီ နေထိုင်သူက ယင်းပုဒ်မခွဲ(က) နှင့် (ခ) တို့နှင့်အညီ ပြုလုပ်ပိုင်ခွင့်ရှိသူ သို့မဟုတ် ပြုလုပ်ခွင့်ရှိသည့်အဖွဲ့က ဥပစာနေရာသို့ ဝင်ရောက်ကြည့်ရှု စစ်ဆေးစဉ် သင့်လျော်သည့် အသုံးအဆောင်များနှင့် လိုအပ်သည့် အကူအညီများကို ပေးအပ်ရမည်။”

၂၁။ ဝင်ငွေခွန်ဥပဒေ ပုဒ်မ ၄၇ ၊ ပုဒ်မခွဲ (ခ) တွင် ပါရှိသော “ထိမ်ချန်ခြင်းကြောင့် ပိုမိုကျသင့်သည့် အခွန်၏ ငါးဆယ် ရာခိုင်နှုန်းနှင့် ညီမျှသာ ဒဏ်ငွေ” ဆိုသည့် စကားရပ်ကို “ထိမ်ချန်ခြင်းကြောင့် ပိုမိုကျသင့်သည့်အခွန်၏ တစ်ဆနှင့်ညီမျှသောဒဏ်ငွေ” ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

၂၂။ ဝင်ငွေခွန်ဥပဒေ ပုဒ်မ ၅၁ ကို အောက်ပါအတိုင်း အစားထိုးရမည်-

“၅၁။ ဤဥပဒေပါ ပြဋ္ဌာန်းချက်များကို အကောင်အထည်ဖော် ဆောင်ရွက်ရာတွင်”

(က) စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာနသည် ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် နည်းဥပဒေ၊ စည်းမျဉ်းနှင့် စည်းကမ်းများကို ထုတ်ပြန်နိုင်သည်။

(ခ) စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနသည် အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများကို လည်းကောင်း၊ ပြည်တွင်းအခွန်များဦးစီးဌာနသည် စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန၏ သဘောတူညီချက်ဖြင့် ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများကိုလည်းကောင်း ထုတ်ပြန်နိုင်သည်။”

၂၃။ ဝင်ငွေခွန်ဥပဒေ ပုဒ်မ ၅၅ ကို အောက်ပါအတိုင်း အစားထိုးရမည်-

“၅၅။(က) ဤဥပဒေအရ အကြောင်းကြားစာ သို့မဟုတ် ဆင့်စာကို ထိုစာတွင် အမည်ဖော်ပြထားသူအား လည်းကောင်း၊ အကယ်၍ ပုဂ္ဂိုလ်စုဖြစ်လျှင် ယင်းပုဂ္ဂိုလ်စု၏ အရွယ်ရောက်သူ အဖွဲ့ဝင် တစ်ဦးဦး၊ သို့မဟုတ် ဒါရိုက်တာတစ်ဦးဦး၊ သို့မဟုတ် အုပ်ချုပ်သူ၊ သို့မဟုတ် အတွင်းရေးမှူးအားလည်းကောင်း စာတိုက်မှ ဖြစ်စေ၊ အီလက်ထရွန်နစ်နည်းဖြင့်ဖြစ်စေ ပေးပို့အတည်ပြုခြင်း သို့မဟုတ် တရားစီရင်ရေးအဖွဲ့မှ တရားမကိစ္စအတွက် ထုတ်ဆင့်သည့်သမ္မန်စာဖြစ်ဘိသကဲ့သို့ အတည်ပြုခြင်း ပြုနိုင်သည်။

(ခ) ပုဒ်မခွဲ(က)နှင့်အညီ စာတိုက်မှ ဖြစ်စေ၊ အီလက်ထရွန်နစ်နည်းဖြင့်ဖြစ်စေ အကြောင်းကြားစာ သို့မဟုတ် ဆင့်စာပေးပို့ဆောင်ရွက်ခြင်းသည် တရားဝင်အတည်ပြုခြင်း ဖြစ်သည်ဟု မှတ်ယူရမည်။

(ဂ) အခွန်ထမ်းသည် အကြောင်းကြားစာ သို့မဟုတ် ဆင့်စာကို လက်ခံရရှိကြောင်း အကြောင်းပြန်ကြားခြင်းကို ပုဒ်မခွဲ(က)ပါ နည်းများဖြင့် ပြန်လည်ပေးပို့နိုင်သည်။”

၂၄။ ဝင်ငွေခွန်ဥပဒေ ပုဒ်မ ၅၉ ကို အောက်ပါအတိုင်း အစားထိုးရမည် -

“၅၉။ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အလိုက် ပုဂ္ဂိုလ်တစ်ဦးချင်းထံမှ ကောက်ခံရရှိသည့် အခွန်အနက် ကျပ်ငွေဖြင့် ကောက်ခံရငွေအပေါ် ပြည်ထောင်စုအစိုးရအဖွဲ့က တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အလိုက် သတ်မှတ်ပေးသော ရာခိုင်နှုန်း အချိုးအတိုင်း သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် ဘဏ္ဍာရန်ပုံငွေသို့ လွှဲပြောင်းပေးသွင်းနိုင်သည်။”

---

## ဖာပွန်မြို့တွင် မြေငှားဂရန်များ ပြည်သူ့လက်ဝယ်အရောက်ထုတ်ပေး

ဖာပွန် ဩဂုတ် ၁၃ [illegible] ဖာပွန်ခရိုင် ဖာပွန်မြို့နယ် [illegible] ရပ်ကွက်အတွင်းရှိ လူနေခြံမြေကွက်များအား မြေငှားဂရန်ထုတ်ပေးခြင်းအခမ်းအနားကို ဩဂုတ် ၄ ရက် နံနက်ပိုင်းက ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ဆောင်ရွက်ခဲ့ကြောင်းသိရသည်။

မြေငှားဂရန်ပေးအပ်ပွဲတွင် ရှေ့ဦးစွာ ဖာပွန်ခရိုင်အုပ်ချုပ်ရေးမှူး ဦးအောင်ကျော်ဦးက အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန၏ ရက် ၁၀၀ ကာလအတွင်း ပြည်သူ့အကျိုးပြုလုပ်ငန်းများအနေဖြင့် ရပ်တတ်နေထိုင်သူများကို ဥပဒေ၊ နည်းဥပဒေများနှင့်အညီ ထုတ်ပေးသွားမည်ဖြစ်ကြောင်း၊ ပြည်သူများအနေဖြင့် မိမိတို့မြေပေါ်တွင် အခိုင်အမာ နေထိုင်ရရေးနှင့် လူမှုစီးပွားဘဝမြင့်မားနိုင်ရေးအတွက် မြေငှားဂရန်များကို ထုတ်ပေးခြင်းဖြစ်ကြောင်း၊ ကျန်ရပ်ကွက်နှင့် ကျေးရွာများကိုလည်း ထုတ်ပေးနိုင်ရေးအတွက် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ရှင်းလင်းပြောကြားခဲ့သည်။

ထို့နောက် တက်ရောက်လာကြသော အမှတ် (၁) ရပ်ကွက်ရှိ မြေငှားဂရန်လျှောက်ထားရာတွင် ဥပဒေနည်းဥပဒေနှင့် ညီညွတ်သည့်မြေငှားဂရန်ရရှိသူ ၄၃ ဦးအား ခရိုင်အုပ်ချုပ်ရေးမှူးနှင့် တာဝန်ရှိသူများက လက်ဝယ်အရောက်မြေငှားဂရန်များ လွှဲပြောင်းပေးအပ်ခဲ့ကြောင်း သိရသည်။

**သိန်းစိုးမြင့် (ပြန်/ဆက်)**

**သစ်တောနဲ့သစ်ပင် ချစ်ခင်တဲ့လူမျိုး သစ်ပင်ကိုနှစ်စဉ်စိုက် ရွှေတိုက်ကိုစိုး**

# အောင်ဇေယျာရပ်ကွက်နေပြည်သူများ သောက်သုံးရေရရှိရန် ရေပိုက်လိုင်းသွယ်တန်းခြင်းလုပ်ငန်းများဆောင်ရွက်

**မကွေး ဩဂုတ် ၁၁**
မကွေးမြို့ အောင်ဇေယျာရပ်ကွက်အတွင်း ပြည်သူများသောက်သုံးရေ ဖူလုံရေးအတွက် စက်ရေတွင်းတူးဖော်ခြင်း၊ ထရန်စဖော်မာတည်ဆောက်ခြင်း လုပ်ငန်းများကို ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်အတွင်း မြို့ရေပေးဝေရေးလုပ်ငန်း တိုးချဲ့ဆောင်ရွက်မှုတစ်ရပ်အဖြစ် မြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ စီစဉ်ဆောင်ရွက်ခဲ့ပြီး ရေပေးဝေနိုင်ရေးအတွက် ရေပိုက်လိုင်းသွယ်တန်းခြင်းလုပ်ငန်းများကို ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်၌ ဆက်လက်လုပ်ဆောင်လျက်ရှိကြောင်း သိရသည်။

"ပြီးခဲ့တဲ့ဘတ်ဂျက်မှာ အောင်ဇေယျာရပ်ကွက်အတွက် စက်ရေတွင်း၊ ထရန်စဖော်မာ၊ ရေစက်ရုံနဲ့ ဂါလန် ၅၀၀၀ ဆံ့ အုတ်ရေကန်တွေ တည်ဆောက်ခဲ့ပါတယ်။ ဒီဘတ်ဂျက်နှစ်ရဲ့ ပထမသုံးလမှာ ရေပေးဝေနိုင်ဖို့ ရေပိုက်သွယ်တန်းတဲ့ လုပ်ငန်းတွေကို ငွေကျပ် ၁၂၅ သိန်းအသုံးပြုပြီး ဧပြီလကုန်ပိုင်းမှာ စတင်ခဲ့ပါတယ်။ စိတ္တသုခ (တောင်/မြောက်) လမ်းတစ်လျှောက် ၄ လမ်းကနေ ၉ လမ်းထိ လေးလက်မပိုက် ပေ ၁၈၀၀၊ သုံးလက်မပိုက် ပေ ၁၄၅၀ တူးဖော် သွယ်တန်းနေပါတယ်။ လတ်တလောဘတ်ဂျက်အရ (၄/၅/၆/၇/၉) လမ်းတွေမှာ စိတ္တသုခလမ်း အရှေ့ဘက်ခြမ်းနဲ့ ၈ လမ်းမှာ လမ်းတစ်လျှောက်လုံး သွယ်တန်းမှုတွေ ဆောင်ရွက်နေပါတယ်" ဟု လက်ထောက်အင်ဂျင်နီယာ ဦးမင်းမင်းသန်းက ပြောသည်။

စက်ရေတွင်းမှ ရေပေးဝေမည်ဆိုလျှင် တစ်ရပ်ကွက်လုံး ပေးနိုင်သည့်အနေအထားရှိပြီး ကျန်ရှိနေသေးသည့် ရေပိုက်သွယ်တန်းမှုများကို ဘတ်ဂျက်များထပ်မံလျာထား ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ လက်ရှိရေတိုင် လျှောက်ထားသူ ၈၄ ဦးရှိပြီး ပိုက်သွယ်တန်းမှုလုပ်ငန်းများ ၉၀ ရာခိုင်နှုန်းကျော် ပြီးစီးနေပြီဖြစ်ကြောင်း ၎င်းက ဆက်လက်ပြောကြားသည်။

ရေပိုက်သွယ်တန်းခြင်းလုပ်ငန်းများအား မြို့နယ်စည်ပင်သာယာရေးအဖွဲ့ရုံး အင်ဂျင်နီယာမှူး ဦးစိန်သန်းငွေ၊ လက်ထောက်အင်ဂျင်နီယာ ဦးမင်းမင်းသန်းတို့မှ ကြီးကြပ်ကာ ရေပေးဝေရေးဝန်ထမ်းများက ဆောင်ရွက်လျက်ရှိပြီး အဆိုပါရေပိုက်လိုင်းများ အပြည့်အဝ သွယ်တန်းပြီးစီးပါက ယခင်ကကဲ့သို့ ရေစည်လှည်းတွန်းရသည့်ဒုက္ခ၊ ပုဂ္ဂလိက စက်ရေတွင်း ပိုင်ရှင်များထံမှ အရေးတကြီးရေလိုအပ်ချိန်တွင် ဝယ်ချင်တိုင်းဝယ်၍မရသည့် အခက်အခဲများမှ လွတ်ကင်းနိုင်လိမ့်မည်ဟု မျှော်လင့်ကြောင်း ယင်းရပ်ကွက်တွင်နေထိုင်သူတစ်ဦးက ပြောသည်။

မကွေးမြို့ပေါ်ရပ်ကွက်(၁၅)ရပ်ကွက်ရှိ အိမ်ခြေပေါင်း ၁၃၀၀၀ ကျော်၊ လူဦးရေပေါင်း ၆၇၀၀၀ ကျော်အတွက် နေ့စဉ် တစ်ရက်ပျမ်းမျှရေလိုအပ်ချက် ၁၃ ဒသမ ၅၄ သိန်းရှိပြီး စည်ပင်သာယာရေးအဖွဲ့မှ ရေဂါလန် ၁၀ ဒသမ ၈၅သိန်း ဖြန့်ဝေပေးနေကြောင်း၊ အဖွဲ့မှပေးဝေနိုင်သည့် လွှမ်းခြုံနိုင်မှု ၇၅ ရာခိုင်နှုန်းနှင့် ပုဂ္ဂလိက စက်ရေတွင်းအသုံးပြုမှုများ ပေါင်းစပ်လျှင် ရေလိုအပ်ချက်ပြည့်မီသည်ဟု ယူဆနိုင်ကြောင်း မြို့နယ်စည်ပင်သာယာရေးအဖွဲ့မှတ်တမ်းများအရ သိရသည်။

**ကိုဖြိုး(MGY)**



## ကံမမြို့နယ်တွင် မြစ်ရေကြီးမှုကြောင့် လမ်းပန်းဆက်သွယ်ရေး အခက်အခဲဖြစ်ခဲ့ရာမှ ယခုအခါ ပုံမှန်သွားလာနိုင်

**ကံမ ဩဂုတ် ၁၁**
မကွေးတိုင်းဒေသကြီး သရက်ခရိုင် ကံမမြို့နယ်၌ မော်တော်ကားလမ်းပိုင်း အချို့နေရာများတွင် ရေလွှမ်းမိုးခြင်းများဖြစ်ပေါ်၍ ယခင်ရက်များက လမ်းပန်းဆက်သွယ်ရေး အခက်အခဲဖြစ်ခဲ့ရပြီး ခရီးသွားပြည်သူများမှာ လှေများ၊ စက်တပ်လှေငယ်များအား တစ်ဆင့်စီးနင်း၍ ဖြတ်သန်းသွားလာခဲ့ကြရသည်။

ဧရာဝတီမြစ်ရေသည် တဖြည်းဖြည်း လျော့ကျလာရာ ဩဂုတ် ၁၀ ရက် နံနက်ပိုင်းမှစတင်၍ ခရီးသည်တင်မော်တော်ကားလိုင်းများ၊ ကုန်တင်ယာဉ်များ၊ ခရီးသွားပြည်သူများမှာ ပုံမှန်အတိုင်း ဆက်သွယ်သွားလာနိုင်ပြီဖြစ်ကြောင်း သိရသည်။

**ကျော်ဇေယျဝင်း(ကံမ)**

## ကျောင်းသား၊ ကျောင်းသူများအား နိုင်ငံသားစိစစ်ရေးကတ်ပြားများ ပြုလုပ်ပေး

**တာချီလိတ် ဩဂုတ် ၁၁**
ရှမ်းပြည်နယ်(အရှေ့ပိုင်း) တာချီလိတ်မြို့နယ် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဦးစီးဌာနက အသက် ၁၀ နှစ်ပြည့် ကျောင်းသား၊ ကျောင်းသူများအား နိုင်ငံသားစိစစ်ရေးကတ်ပြားများ ပေးအပ်ပွဲကို ဩဂုတ် ၈ ရက် နံနက် ၁၀ နာရီခွဲက မကာဟိုခမ်းရပ်ကွက်ရှိ တာချီလိတ် အခြေခံပညာအထက်တန်းကျောင်းခန်းမဆောင်၌ ကျင်းပခဲ့ကြောင်း သိရသည်။

ယင်းနေ့ကပြုလုပ်သည့် နိုင်ငံသားစိစစ်ရေးကတ်ပြားပေးအပ်ပွဲတွင် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးခင်မောင်တင့်နှင့် ခရိုင်လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဦးစီးဌာနမှ ခရိုင်ဦးစီးမှူး ဦးထွန်းသိန်းတို့က သစ္စာစီမံချက်ဖြင့် ကျောင်းသား၊ ကျောင်းသူများအား နိုင်ငံသားစိစစ်ရေးကတ်ပြားများ ပြုလုပ်ပေးခြင်းနှင့်စပ်လျဉ်း၍ အဖွင့်အမှာစကားပြောကြားပြီး မြို့နယ်ပညာရေးမှူး ဒေါ်မာမာဦးက ကျောင်းသား၊ ကျောင်းသူများကိုယ်စား ကျေးဇူးတင်စကားပြောကြားခဲ့သည်။

ယင်းနောက် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်နှင့် တာဝန်ရှိသူများက ကျောင်းသား၊ ကျောင်းသူများအား နိုင်ငံသားစိစစ်ရေးကတ်ပြားများ ပေးအပ်ခဲ့ကြကြောင်း သိရသည်။

အဆိုပါ အခြေခံပညာအထက်တန်းကျောင်းတွင် အသက်(၁၀)နှစ်ပြည့်ပြီး ကျောင်းသား၊ ကျောင်းသူ ၁၄၀ တို့အား နိုင်ငံသားစိစစ်ရေးကတ်ပြားများ အခမဲ့ ပြုလုပ်ပေးခြင်းဖြစ်ကြောင်း သိရသည်။

**ဝေယံလင်း(ပြန်/ဆက်)**

## မြစ်ရေမြင့်တက်မှုနှင့် ဆည်မြောင်းတာပေါင်ထိန်းသိမ်းမှု စစ်ဆေး

**ဝါးခယ်မ ဩဂုတ် ၁၁**
ဧရာဝတီတိုင်းဒေသကြီး မြောင်းမြခရိုင် ဝါးခယ်မမြို့နယ် အထက်ပေကုန်းကျေးရွာအုပ်စုနှင့် အောက်ဝဲကျေးရွာအုပ်စုတို့ရှိ မြစ်ရေမြင့်တက်လာမှုကြောင့် ဆည်မြောင်းတာပေါင်များ ထိန်းသိမ်းဆောင်ရွက်ထားသည့် အခြေအနေအား ဩဂုတ် ၉ ရက် နံနက်က မြောင်းမြခရိုင်အုပ်ချုပ်ရေးမှူး ဦးထွေးမြင့် ဦးဆောင်ကာ သက်ဆိုင်ရာ တာဝန်ရှိသူများက သွားရောက် စစ်ဆေးကြည့်ရှုခဲ့ကြကြောင်း သိရသည်။

ထိုသို့ အထက်ပေကုန်းကျေးရွာအုပ်စု၊ အောက်ဝဲကျေးရွာအုပ်စုနှင့် ကမ်းပြိုကျေးရွာအုပ်စုတို့ရှိ ဒေသခံပြည်သူများ၏ အိမ်ခြေ ၁၅၀၀ ကျော်အား ရေဘေးအန္တရာယ်မှ ကြိုတင်ကာကွယ်မှုအနေဖြင့် ဆည်မြောင်းတာပေါင်များ၌ သဲအိတ်များဆင့်၍ ထိန်းသိမ်းဆောင်ရွက်ထားရှိရာ ပီနံအိတ်ခွံ၊ ဘိလပ်မြေအိတ်ခွံ ၆၀၀၀ နှင့် တာပေါ်လင်စကိုက် ၃၀၀ ကို ပံ့ပိုးပေးပြီး တာဝန်ရှိသူများက လိုအပ်သည်များ မှာကြားခဲ့သည်။

**လွှမ်းသီဟ (ဝါးခယ်မ)**



## ကိုယ့်အားကိုယ်ကိုးအခြေခံပညာမူလတန်းကျောင်းဖွင့်ပွဲနှင့် အလှူရှင်များ ဂုဏ်ပြုပွဲကျင်းပ

**ထီးချိုင့် ဩဂုတ် ၁၁**
မန္တလေးတိုင်းဒေသကြီး သပိတ်ကျင်းမြို့နယ်၊ တကောင်းမြို့နယ်ခွဲအင်းနက်အုပ်စု မြိုင်သာယာ ကိုယ့်အားကိုယ်ကိုး အခြေခံပညာမူလတန်းကျောင်း ဖွင့်ပွဲကို ဩဂုတ် ၇ရက်နံနက် ၁၀ နာရီက အဆိုပါကျောင်းတွင် ကျင်းပရာ ကျောင်းဆောင်မုခ်ဦးကို တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးတင်မြင့်ဆွေ၊ CNICO ကုမ္ပဏီမှ မစ္စတာလီဟုန်းယွမ်နှင့် ထျန်ဟိုက်ဖုန်း၊ အင်းနက် ကျောင်းအုပ်ဆရာကြီး ဦးကျော်ခိုင်နှင့် အင်းနက်ကျေးရွာ အုပ်ချုပ်ရေးမှူးဦးဇော်လင်းအောင်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး သပိတ်ကျင်းမြို့နယ် ဒုတိယမြို့နယ်ပညာရေးမှူး ဦးမောင်မောင်မြင့်က ကျောင်းဆိုင်းဘုတ်ကို စက်ခလုတ်နှိပ်ဖွင့်လှစ်ပေးသည်။

ထို့နောက်အခမ်းအနားကို ဆက်လက်ကျင်းပရာ တတိယတန်းကျောင်းသား ကျောင်းသူလေးများက မြန်မာ့ကျောင်းသီချင်းသီဆို၍ အခမ်းအနားဖွင့်လှစ်ပေးသည်။ သပိတ်ကျင်းမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)မှ တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးတင်မြင့်ဆွေက "အခုဖွင့်လှစ်တဲ့ကျောင်းဆောင်ကို ၂၉ ရက်နဲ့အပြီးဆောက်လုပ်ခဲ့တဲ့ ကျောင်းကော်မတီများ၊ မိဘပြည်သူများ၊ စိတ်အားထက်သန်စွာဖြင့် ငွေအား၊ လုပ်အားဖြင့် ပါဝင်လှူဒါန်းခဲ့ကြသော အလှူရှင်များ ရပ်သူရွာသားများရဲ့စည်းရုံးမှုကို အသိအမှတ်ပြုပါကြောင်း၊ အဆင့်တိုးကျောင်း ဆက်လက်လျှောက်ထားပါက လွှတ်တော်များအနေနဲ့လည်း တတ်အားရှိသလောက် ကူညီဆောင်ရွက်ပေးသွားပါမယ်" ဟု ပြောကြားသည်။ ထို့နောက် တကောင်းမြို့နယ်ခွဲ အုပ်ချုပ်ရေးမှူးကိုယ်စား အင်းနက်အုပ်စုအုပ်ချုပ်ရေးမှူး ဦးဇော်လင်းအောင်က ဖြည့်စွက် အမှာစကားပြောကြားသည်။

ဆက်လက်၍ သပိတ်ကျင်းမြို့နယ် ဒုတိယမြို့နယ်ပညာရေးမှူးဦးမောင်မောင်မြင့်က "ဒီနေ့ မန္တလေးတိုင်းဒေသကြီး သပိတ်ကျင်းမြို့နယ်၊ တကောင်းမြို့နယ်ခွဲ အင်းနက်ကျေးရွာအုပ်စု မြိုင်သာယာကိုယ့်အားကိုယ်ကိုး အခြေခံပညာမူလတန်းကျောင်းဖွင့်ပွဲ အခမ်းအနားကို ကြွရောက်ပေးကြသော လွှတ်တော်ကိုယ်စားလှယ်ကြီးနှင့်တကွ ဌာနဆိုင်ရာအကြီးအကဲများ တာဝန်ရှိသူများ၊ မိဘပြည်သူများ၊ လူမှုရေးအသင်းအဖွဲ့များဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများကို ပညာရေးဌာနကိုယ်စား စကားပြောခွင့်ရတဲ့အတွက်ကျေးဇူးတင်ပါကြောင်း၊ သပိတ်ကျင်းမြို့နယ်တွင် ယခင်နှစ်က အခြေခံပညာကျောင်းပေါင်း ၈၅ ကျောင်းရှိသည့်အနက် ၂၀၁၅ -၂၀၁၆ မှာ ၁၁ ကျောင်းထပ်မံဖွင့်လှစ်ခဲ့တဲ့အတွက် ယခုဆို ၉၆ ကျောင်းရှိလာပြီဖြစ်ပါတယ်။ ယခုဖွင့်လှစ်တဲ့မြိုင်သာယာ ကျောင်းဟာလဲ နောင်တစ်ချိန်မှာ အစိုးရအသိအမှတ်ပြု ကျောင်းတစ်ကျောင်းဖြစ်လာအောင် ကြိုးစားရမှာဖြစ်ပါတယ်" ဟု ပြောကြားသည်။

ထို့နောက် ကျောင်းဖြစ်မြောက်ရေးကော်မတီ ဦးဆောင်နာယကဦးဝင်းဗိုလ်က ကျေးဇူးတင်စကားပြောကြားသည်။ဆက်လက်၍ ဒုတိယမြို့နယ်ပညာရေးမှူးထံသို့ ကျောင်းဆောင်နှင့်ပတ်သက်သော စာရွက် စာတမ်းများကို ကျောင်းဆောက်လုပ်ရေးဥက္ကဋ္ဌ ဦးကျော်ခိုင်က လွှဲပြောင်းပေးအပ်သည်။

ကျောင်းဆောင်ဖြစ်မြောက်ရေးအတွက် ငွေအား၊ လုပ်အားအလှူရှင်များနှင့် ကျောင်းဖွင့်ပွဲအတွက် လှူဒါန်းခဲ့ကြသောအလှူရှင် ၂၁ ဦးကို တာဝန်ရှိသူများက ဂုဏ်ပြုမှတ်တမ်းလွှာများ အသီးသီးပေးအပ်ကြပြီး တတိယတန်းနှင့်စတုတ္ထတန်းကျောင်းသား ကျောင်းသူလေးများက ဇာတိမာန်သီချင်းသီဆို၍အခမ်းအနားကို ရုပ်သိမ်းကြောင်း သိရသည်။

**ဖွဲ့မာန်(ထီးချိုင့်)**

## နွားများကို လမ်းမများပေါ်စည်းကမ်းမဲ့လွှတ်ကျောင်းသောကြောင့် လမ်းသွားလမ်းလာများ အန္တရာယ်ရှိနေ

**မကွေး ဩဂုတ် ၁၁**
မကွေးမြို့တွင် တိရစ္ဆာန်များကို စည်းကမ်းမဲ့လွှတ်ကျောင်းမှုများကြောင့် လူနေအိမ်များနှင့် လမ်းသွားလမ်းလာများအတွက် စိတ်အနှောင့်အယှက် ဖြစ်ကြရသည့်အပြင် လမ်းအသုံးပြုမော်တော်ယာဉ်စီးနင်းသူများအတွက်လည်း အန္တရာယ်ရှိနေကြောင်း ဒေသခံများက ပြောသည်။

အထူးသဖြင့် အောင်မင်္ဂလာရပ်ကွက်အုပ်စု ရန်မျိုးနိုင်ရပ်ကွက်၌ နွားများကို စည်းကမ်းမဲ့ လွှတ်ကျောင်းနေသည့်အတွက် အဆိုပါရပ်ကွက်ရှိ နေအိမ်ရှေ့မျက်နှာစာများတွင် နွားချေး၊ နွားသေးများကြောင့် ညစ်ပတ်နံစော်မှုများနှင့် ကြုံတွေ့နေကြရသဖြင့် နေ့စဉ်နှင့်အမျှ စိတ်အနှောင့်အယှက်ဖြစ်နေကြရကြောင်း ရပ်ကွက်နေပြည်သူများက ပြောသည်။

"မည်သူမျှ မြို့နယ်စည်ပင်သာယာရေးနယ်နိမိတ်အတွင်း ကော်မတီ၏ ခွင့်ပြုချက်မရှိလျှင် သို့မဟုတ် ခွင့်ပြုချက်ပါ သတ်မှတ်ချက်များနှင့် ဖြစ်စေ၊ ထုတ်ပြန်ထားသည့် စည်းကမ်းများနှင့်ဖြစ်စေ ညီညွတ်မှုမရှိလျှင် တိရစ္ဆာန်များထားရှိခြင်း၊ မွေးမြူခြင်း၊ လွှတ်ကျောင်းခြင်း မပြုရ" ဟု မကွေးတိုင်းဒေသကြီး စည်ပင်သာယာရေးအဖွဲ့များဥပဒေတွင် ပြဋ္ဌာန်းထားသည်နှင့်အညီ သက်ဆိုင်ရာမှ ထိထိရောက်ရောက် အရေးယူဆောင်ရွက်ပေးသင့်ကြောင်း ဒေသခံများက ပြောသည်။

**ဒေသခံတစ်ဦး**

## ကျွန်းလှ-ကန့်ဘလူလမ်းပိုင်း အကြားရထားဘီးချော်မှုဖြစ်ပွား

**ကျွန်းလှ ဩဂုတ် ၁၁**
စစ်ကိုင်းတိုင်းဒေသကြီး ကျွန်းလှ-ကန့်ဘလူ လမ်းပိုင်း မိုင်တိုင် အမှတ်- ၄၉၇/၁၈-၁၉ အကြား၌ ဩဂုတ် ၈ ရက် ညနေ ၅ နာရီ ၅ မိနစ်ခန့်က ရထားဘီးချော်သွားကြောင်း သိရသည်။

ဖြစ်စဉ်မှာ မိုးညှင်း-ရွှေဘို ပြေးဆွဲသော အမှတ် ၄၀ အစုန် လူစီးကုန်တင်လော်ကယ်ရထားမှ တွဲအမှတ် DVHV ၄၀၂၅၂၏ဘီး အမှတ် (၁/၂) အပြင်နှင့် ဘီးအမှတ် (၇/၈) ဘီးများချော်ကျခဲ့ကြောင်း တာဝန်ရှိသူတစ်ဦးထံမှ သိရသည်။

အဆိုပါရထားဘီးချော်ရာသို့ ကန့်ဘလူ ဘူတာ တွဲစစ်မှူးဦးဝင်းအောင်၊ လမ်းဗိုလ်ကြီး ဦးအောင်ကိုနှင့် ကျွန်းလှရုံပိုင်ကြီး ဦးအေးသိန်းတို့ ဦးဆောင်သောအဖွဲ့က ချော်ကျဘီးများ မတင်နိုင်ရေး စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**မျိုးဝင်းညို(ကျွန်းလှ)**

# ထန်တလန်–ဆာဆီခြောက် နယ်စပ်ကုန်သွယ်ရေးလမ်း ပြုပြင်ရေး ဆောင်ရွက်ရန် ကွင်းဆင်းစစ်ဆေး

**ထန်တလန် ဩဂုတ် ၁၁**
ပြီးခဲ့သည့်လများအတွင်း ရွာသွန်းသည့်မိုးကြောင့် ထန်တလန်-ဆာဆီခြောက် နယ်စပ်ကုန်သွယ်ရေးလမ်း မြေပြိုပျက်စီးမှုအခြေအနေ၊ ပြုပြင်ဆောင်ရွက်ရမည့်နေရာနှင့် လမ်းအဆင့်တိုးမြှင့် လုပ်ဆောင်နိုင်ရေးအတွက် လိုအပ်ချက်များအား အသေးစိတ် လေ့လာရန် ဩဂုတ် ၉ ရက်က ထန်တလန်မြို့နယ်အုပ်ချုပ်ရေးမှူး ဦးခင်မင်းနှင့် မြို့နယ်လမ်းဦးစီးဌာန ဦးစီးအရာရှိ ဒေါ်ရွှေကြီးတို့ ဦးဆောင်ပြီး ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ယင်းသို့ကွင်းဆင်းရာတွင် လမ်းပျက်စီးမှုအခြေအနေများနှင့် ပြုပြင်ဆောင်ရွက်ရမည့်နေရာများ ကြည့်ရှုလေ့လာခြင်းများ ဆောင်ရွက်သကဲ့သို့ ချက်ချင်းဆောင်ရွက်ရန်လိုအပ်သည့် နေရာများကို လူအား၊ စက်အားများဖြင့် ချက်ချင်းဆောင်ရွက်ပေးခဲ့သည့်အပြင် နယ်စပ်ကုန်သွယ်ရေးလမ်းပေါ်ရှိ ကျေးရွာနေပြည်သူများနှင့် တွေ့ဆုံပွဲများပြုလုပ်ပြီး ဒေသဖွံ့ဖြိုးရေးအတွက် လိုအပ်ချက်များကို မြို့နယ်အုပ်ချုပ်ရေးမှူးထံသို့ တင်ပြခဲ့သည်။ နယ်စပ်ကုန်သွယ်ရေးလမ်းပေါ်ရှိ ကျေးရွာများအနေဖြင့် လိုက်နာရမည့်စည်းကမ်းများကို မြို့နယ်လမ်းဦးစီးအရာရှိက ရှင်းလင်းပြောကြားခဲ့ပြီး နိုင်ငံတော်အစိုးရ၏ မူဝါဒလုပ်ငန်းစဉ်များကို ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးအမ်းအင်းလမ်းက ရှင်းလင်းပြောကြားခဲ့သည်။

ထန်တလန်-ဆာဆီခြောက် နယ်စပ်ကုန်သွယ်ရေးလမ်းသည် အိန္ဒိယနိုင်ငံ မီဇိုရမ်ပြည်နယ်နှင့် ချင်းပြည်နယ်တို့အကြား ဒုတိယမြောက် နယ်စပ်ကုန်သွယ်ရေးလမ်းအဖြစ် သတ်မှတ်ခြင်းခံရသည့် ဟားခါ-ထန်တလန်-ဆာဆီခြောက် နယ်စပ်ကုန်သွယ်ရေးလမ်းဖြစ်ပြီး ဘဏ္ဍာရေးနှစ်များအလိုက် လမ်းတာချဲ့ခြင်း၊ ကျောက်ခင်းခြင်းနှင့် ကတ္တရာခင်းခြင်းလုပ်ငန်းများကို လမ်းပိုင်းအလိုက် ပုံမှန်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း မြို့နယ်လမ်းဦးစီးဌာနမှ သိရသည်။

**မြို့နယ်ပြန်/ဆက်)**



**စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင် ပင်လည်ဘူးမြို့၌ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး ဦးကျော်ဆန်းဦး ခေါင်းဆောင်၍ မြို့နယ်ရဲတပ်ဖွဲ့၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးများနှင့် ရပ်ကျေးစာရေးအဖွဲ့တို့သည် ဩဂုတ် ၉ ရက်က မြို့ပေါ်ရပ်ကွက်အတွင်းရှိ ယစ်မျိုးရောင်းချသောဆိုင်များသို့ ကွင်းဆင်း၍ လိုင်စင်စည်းကမ်းနှင့်အညီ ရောင်းချခြင်းရှိ၊ မရှိ စစ်ဆေးပြီး ယစ်မျိုးလိုင်စင်ကတ်များ ပေးအပ်ခဲ့ကြောင်း သိရသည်။** သတင်းနှင့်ဓာတ်ပုံ- မျိုးလွင် (ပင်လည်ဘူး)

# ဆိပ်ဖြူမြို့၌ ဓာတုဆေးဝါးများအသုံးပြုထားသည့် အစားအသောက်များ အန္တရာယ် အကြောင်း ရှင်းလင်းပြောကြား

**ဆိပ်ဖြူ ဩဂုတ် ၁၁**
မကွေးတိုင်းဒေသကြီး ဆိပ်ဖြူမြို့နယ်၌ မြန်မာနိုင်ငံစားသုံးသူ အကာအကွယ်ပေးရေးအသင်း (ပခုက္ကူခရိုင်ရုံးခွဲ)က ဓာတုဆေးဝါးများဖြင့် အသုံးပြု ဆောင်ရွက်ထားသည့် အစားအသောက်များ အန္တရာယ်အကြောင်း သိကောင်းစရာ အသိပညာပေးရှင်းလင်းခြင်းကို ဩဂုတ် ၉ ရက် နံနက်ပိုင်းက အ-ထ-က (ဆိပ်ဖြူ) နဝရတ်ခန်းမ၌ ပြုလုပ်ခဲ့သည်။

အဆိုပါ အသိပညာပေးရှင်းလင်းပွဲသို့ မြို့နယ်ပညာရေးမှူး ဒေါ်သောင်းသောင်းဌေး၊ ဒုတိယမြို့နယ်ပညာရေးမှူး ဦးကျော်အောင်နှင့် ပညာရေးဝန်ထမ်းများ၊ မြို့နယ်ရဲတပ်ဖွဲ့ ခေတ္တမြို့မစခန်းမှူး ရဲအုပ်ဝင်းမျိုးအောင်၊ ဆိပ်ဖြူမြို့ အခြေခံပညာအထက်တန်းကျောင်းမှ ကျောင်းအုပ်ဆရာကြီးနှင့် ဆရာ၊ ဆရာမများ၊ ကျောင်းသား ကျောင်းသူများ တက်ရောက်ခဲ့ပြီး မြို့နယ်ပညာရေးမှူး ဒေါ်သောင်းသောင်းဌေးက အမှာစကားပြောကြားပေးခဲ့သည်။

ယင်းနောက် မြန်မာနိုင်ငံစားသုံးသူ အကာကွယ်ပေးရေးအသင်း (ပခုက္ကူခရိုင်ရုံးခွဲ) စည်းရုံးရေးမှူး ဦးအောင်မြတ်ကျော်က အခြေခံစားသောက်ကုန်များအကြောင်း သိကောင်းစရာများ၊ မြန်မာနိုင်ငံစားသုံးသူအကာကွယ်ပေးရေးအသင်း စည်းရုံးရေးနှင့် ပညာပေးရေးကော်မတီတွဲဖက်အတွင်းရေးမှူး မြန်မာပြည်အထက်ပိုင်းတာဝန်ခံ ဦးသူရမင်းထက်စိုးက စားသုံးသူရေးရာအကြောင်း သိကောင်းစရာများနှင့် ဓာတုဆေးဝါးများဖြင့် အသုံးပြုဆောင်ရွက်ထားသည့် အစားအသောက်များ အန္တရာယ်အကြောင်း အသိပညာပေးပြောကြားခဲ့သည်။

**စိုးလင်းနိုင်** (IPRD)

# ဗန်းမောက်မြို့နယ်၌ ယဉ်ကျေးမှုဆိုင်ရာ စာတမ်းဖတ်ပွဲကျင်းပ

**ဗန်းမောက် ဩဂုတ် ၁၁**
စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင် ဗန်းမောက်မြို့နယ်၌ အမျိုးသမီးရေးရာအဖွဲ့နှင့် ပညာရေးဌာနတို့ပူးပေါင်း၍ ဗန်းမောက်မြို့ အခြေခံပညာ အထက်တန်းကျောင်း အစည်းအဝေးခန်းမ၌ ယဉ်ကျေးမှုဆိုင်ရာ စာတမ်းဖတ်ပွဲကို ဩဂုတ် ၉ ရက် နံနက် ၁၁ နာရီက ကျင်းပခဲ့သည်။

အဆိုပါစာတမ်းဖတ်ပွဲတွင် မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဝင် မြို့နယ်ရဲတပ်ဖွဲ့မှူး၏ဇနီး ဒေါ်ခင်လှမြတ်ရည်က အမှာစကားပြောကြားပြီး မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဝင် မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနဦးစီးမှူး ဒေါ်မေသူဟန်က မြန်မာ့ယဉ်ကျေးမှုတန်ဖိုးများကို ခြိမ်းခြောက်လာသော အန္တရာယ်များ ခေါင်းစဉ်ဖြင့် စာတမ်းဖတ်ကြားရာတွင် ကျောင်းသား၊ ကျောင်းသူများအနေဖြင့် မြန်မာ့ယဉ်ကျေးမှုကို လေးစားတန်ဖိုးထားကြရန်၊ အဝတ်အစား ဆင်ယင်ရာတွင် တိုင်းတစ်ပါးမှ ဝတ်စားဆင်ယင်မှုများကို အတုမယူကြရန်နှင့် မြန်မာဆန်ဆန်ဝတ်စားဆင်ယင်ကြရန်လိုအပ်ကြောင်း၊ မိမိတို့၏ ဘာသာစကား၊ မိမိတို့၏ ကိုးကွယ်ရာ ဘာသာတို့ကိုလည်း လေးစားတန်ဖိုးထားကြရမည်ဖြစ်ကြောင်း၊ မြန်မာ့ယဉ်ကျေးမှုဓလေ့ထုံးတမ်းစဉ်လာနှင့်အညီ လူမှုဆက်ဆံပုံစနစ်များကို အသေးစိတ် ရှင်းလင်းဟောပြောခဲ့သည်။

ယင်းစာတမ်းဖတ်ပွဲသို့ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဝင်များ၊ မြို့နယ်ပညာရေးမှူး ဒေါ်တင်ပုနှင့် ဆရာ၊ ဆရာမများနှင့် ကျောင်းသား၊ ကျောင်းသူများ တက်ရောက်ခဲ့ကြကြောင်း သိရသည်။ **ကျော်စွာ(ပြန်/ဆက်)**

# မြင်းခြံမြို့တွင် စာဖတ်ရှိန်မြင့်မားရေး ကွင်းဆင်းဆောင်ရွက်

**မြင်းခြံ ဩဂုတ် ၁၁**
မန္တလေးတိုင်းဒေသကြီး မြင်းခြံမြို့ အမှတ် (၁၇) ရပ်ကွက်ရှိ 'ဟာနန္ဒာကန်ရိုး' ဘုန်းတော်ကြီးကျောင်း၌ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ စာဖတ်ရှိန်မြင့်မားရေးအတွက် ဩဂုတ် ၉ ရက် မွန်းလွဲ ၁ နာရီခွဲက သွားရောက်ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

စာဖတ်ရှိန်မြင့်မားရေးအတွက် မြို့နယ်ဦးစီးမှူးဦးဇော်မင်းက စာဖတ်ခြင်းအကျိုး ကျေးဇူးများ၊ နိုင်ငံတော်မှ ဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်နေမှု မှတ်တမ်းဓာတ်ပုံများအကြောင်းနှင့် အခြားဗဟုသုတဖြစ်ဖွယ်များကို ဟောပြောခဲ့သည်။

ဆက်လက်၍ ကျောင်းသား၊ ကျောင်းသူများသည် ပြသထားသောစာအုပ်များ၊ နံရံကပ်စာစောင်များ၊ ဓာတ်ပုံများကို ကြည့်ရှုခဲ့ကြသည်။ ယင်းနောက် မြို့နယ်ဦးစီးမှူး ဦးဇော်မင်းက 'မဟာနန္ဒာကန်ရိုး' ဘုန်းတော်ကြီးကျောင်းသို့ ဗဟုသုတဖြစ်ဖွယ်စာအုပ်များကို ပေးအပ်လှူဒါန်းခဲ့သည်။

**ဇော်မင်းနိုင် (မြင်းခြံ)**

# မြို့ဝင်ကြေး(ဘီးခွန်)ကောက်ခံမှုများအပေါ် ကျေနပ်မှုမရှိပါက တိုင်ကြားနိုင်

**မကွေး ဩဂုတ် ၁၁**
မကွေးမြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ မြို့ဝင်ကြေး ဘီးခွန်ကောက်ခံမှုနှုန်းထားများကို တရားဝင်ဆိုင်းဘုတ်များ စိုက်ထူ၍ ဒေသခံပြည်သူများသိရှိစေရန် ဆောင်ရွက်ထားပြီး ကောက်ခံမှုအပေါ် ကျေနပ်မှုမရှိပါက ဆိုင်းဘုတ်များတွင်ပါရှိသည့် မကွေးတိုင်းဒေသကြီးနှင့် မြို့နယ်စည်ပင်သာယာရေးအဖွဲ့ ဖုန်းနံပါတ်များသို့ ဆက်သွယ်တိုင်ကြားနိုင်ကြောင်း သိရသည်။

"သက်ဆိုင်ရာမြို့အလိုက် မြို့ဝင်ကြေး ဘီးခွန်ကောက် တစ်နှစ်စာဆောင်ထားတဲ့ အထောက်အထား တံဆိပ်မရှိရင် မြို့ဝင်ကြေးကောက်ခံခွင့်ရှိတဲ့ဂိတ်တွေမှာ ဘီးကောက်ပေးဆောင်ရမှာပါ။ မြို့ထဲက လမ်းတွေပေါ် သွားလာတဲ့ ယာဉ်တွေအပေါ်မှာ အခွန်အခကောက်ခံနိုင်တဲ့ အခွင့်အာဏာကိုလည်း တိုင်းဒေသကြီးအစိုးရက ပေးထားပြီးဖြစ်ပါတယ်။

'ပေးတယ်ဆိုတဲ့ နေရာမှာလည်း အကန့်အသတ်နဲ့ ယာဉ်တန်ချိန်အလိုက် ကောက်ခံရမယ့်နှုန်းထားတွေ သတ်မှတ်ပေးထားပါတယ်။ မြို့ဝင်ကြေး ဘီးခွန်ကောက်တာနဲ့ ပတ်သက်ပြီး ကျေနပ်မှုမရှိရင် တိုင်ကြားနိုင်ပါတယ်"ဟု မကွေးမြို့နယ်စည်ပင်သာယာရေးအဖွဲ့အမှုဆောင်အရာရှိ ဦးထင်အောင်က ပြောသည်။

ဧရာဝတီတံတား(မကွေး)၌ တံတားဖြတ်သန်းခနှင့် မကွေး၊ မင်းဘူးမြို့ဝင်ကြေးများကို ဒေသတွင်းကုမ္ပဏီ တစ်ခုဖြစ်သည့် ကောင်းမွန်(မကွေး)မှ လေလံယူကာ ကောက်ခံဆောင်ရွက်ရာတွင် ဆိုင်ကယ်များအား မြို့ဝင်ကြေးကောက်ခံမှု နှင့် စပ်လျဉ်း၍ ဝေဖန်မှုများ ထွက်ပေါ်နေခဲ့သည်။

"ကျွန်တော်က မင်းဘူးသားဆိုတော့ မင်းဘူးကနေ မကွေးလာရင် တံတားကနေ မြို့ဝင်ကြေး ၁၀၀ ကောက်တာကို မပြောလိုပါဘူး။ ဒါပေမယ့် ကိုယ့်မြို့ကိုယ် ပြန်ဝင်လာတာကို မြို့ဝင်ကြေးထပ်ပေးနေရတယ်။ ဆိုင်ကယ်ဆိုတာ ၂၀၀၀ ခုနှစ်လောက်တုန်းကတော့ လူတန်းစားတစ်ရပ်စီးတာဖြစ်ပေမယ့် ဒီနေ့ခေတ်မှာ ပြည်သူအများစု အသုံးပြုနေတဲ့ အသုံးအဆောင်ဖြစ်နေပါပြီ။ ဒီအပေါ်မှာတော့ ဖြေလျှော့မှုတွေ လုပ်ဆောင်ပေးသင့်ပါတယ်" ဟု မင်းဘူးမြို့ ဒေသခံတစ်ဦးက ပြောသည်။

ဆိုင်ကယ်များသည် ဥပဒေအရ တစ်နှစ်စာ ဘီးခွန် ကျပ် ၃၀၀၀ ဆောင်၍ အထောက်အထားချိတ်ဆွဲထားပါက ဘီးခွန်ဆောင်ရာမြို့နှင့် သက်ဆိုင်သည့် မြို့အဝင်များတွင် ဘီးကောက်ပေးစရာမလိုကြောင်း၊ ဆိုင်ကယ်ပိုင်ရှင်အများစုမှာ တစ်နှစ်စာအခွန်ဆောင်မှုမရှိဘဲ ဖြတ်သန်းရာဂိတ်များတွင် ၁၀၀ ပေး၍ ဖြတ်သန်းနေကြကြောင်း၊ အခွန်ဆောင်ရာတွင်လည်း ဧပြီ ၁ ရက်နှင့် နောက်ပိုင်းစဆောင်သည့်အချိန်မှ မတ် ၃၁ ရက်အထိသာ အကျုံးဝင်ကြောင်း မြို့နယ်စည်ပင်သာယာရေးအဖွဲ့ ဝန်ထမ်းတစ်ဦးက ပြောသည်။

တံတားကြေးနှင့် မြို့ဝင်ကြေးကောက်ခံမှုအပေါ် "စက်ဘီး၊ ဆိုင်ကယ်၊ မြင်းလှည်းတွေကို တံတားကြေးဆိုပြီး ကောက်ခံ-တာ မရှိပါဘူး။ အခြားယာဉ်တွေကိုလည်း လမ်းဦးစီးဌာနက သတ်မှတ်ပေးတဲ့ နှုန်းထားအတိုင်းပဲ ကောက်ပါတယ်။ မြို့ဝင်ကြေးကိုလည်း မကွေးမြို့၊ မင်းဘူးမြို့ စည်ပင်သာယာရေးအဖွဲ့များရဲ့ သတ်မှတ်ပေးချက်အရ ဆိုင်ကယ်ကို ကျပ် ၁၀၀ ကောက်ခံပါတယ်။

'ကားတွေကိုလည်း တန်ချိန်အလိုက် သတ်မှတ်နှုန်းထားအတိုင်း ကောက်ခံပါတယ်။ ၂၀၁၆-၂၀၁၇ ဘတ်ဂျက်မှာ လမ်းဦးစီးကို လေလံကြေး ကျပ်သိန်း ၇၁၅၀၊ မကွေးမြို့နယ်စည်ပင်ကို ကျပ် ၅၉၁ ဒသမ ၉၅ သိန်း၊ မင်းဘူးမြို့နယ်စည်ပင်ကို ကျပ် ၁၂၇၃ ဒသမ ၅၁ သိန်း ပေးဆောင်ပြီး လုပ်ငန်းများလုပ်ကိုင်နေပါတယ်" ဟု ကောင်းမွန်ဆောက်လုပ်ရေးကုမ္ပဏီမန်နေဂျာ ဦးထွန်းအောင်ကျော်က ဆိုသည်။

လေလံရရှိငွေများကို စည်ပင်သာယာရေးအဖွဲ့များအနေဖြင့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ၌ သုံးစွဲဆောင်ရွက် လျက်ရှိကြောင်း၊ လေလံယူ လုပ်ကိုင်သူများက သတ်မှတ်နှုန်းထားအတိုင်း ကောက်ခံမှုမရှိလျှင် စည်းမျဉ်းစည်းကမ်းနှင့်အညီ အရေးယူ ဆောင်ရွက်သွားမည်ဖြစ်သည့်အတွက် ပြည်သူများက တိုင်ကြားရန်လိုအပ်ကြောင်း မကွေးမြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ သိရသည်။

**ဇေယျာတု(မကွေး)**



# မွမ်းမံပြင်ဆင်ပြီး ကျေးရွာချင်းဆက်သစ်သားတံတားနှင့် စင်မြင့်ရေကန်ပြီးစီးခြင်းအား ကြည့်ရှုစစ်ဆေး

**လောင်းလုံး ဩဂုတ် ၁၁**
ထားဝယ်ခရိုင် လောင်းလုံးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးကျော်ဝင်းနိုင်နှင့် တာဝန်ခံအင်ဂျင်နီယာ ဒေါ်ခင်ပြည့်စုံတို့သည်ခရိုင်ဦးစီးမှူး ဦးငွေသိန်း၊ မြိတ်ခရိုင်ဦးစီးမှူးဦးအောင်နိုင်ထွန်းတို့နှင့်အတူ မွမ်းမံပြင်ဆင်ပြီးဖြစ်သော လေးသွန်းခံ-ကထောင်းနီကျေးရွာချင်းဆက် သစ်သားတံတား (ပေ ၅၀ × ၁၄ ပေ × ၇ ပေ)အား ခွင့်ပြုငွေကျပ် ၂၇ ဒသမ ၅၃၀၅ သန်း၊ ကထောင်းနီကျေးရွာတွင် တည်ဆောက်ထားသည့် (၁၀ ပေ × ၁၀ ပေ × ၁၈ ပေ) ရေဂါလန် ၅၀၀၀ ဆံ့ စင်မြင့်ရေကန်အား ဩဂုတ်လ ပထမပတ်က သွားရောက်စစ်ဆေးခဲ့ကြောင်း သိရသည်။

ယင်းသို့တည်ဆောက်ပြုလုပ်ပေးခြင်းကြောင့်ယင်းကျေးရွာအနီးရှိ ပတ်ဝန်းကျင်ကျေးရွာများရှိ ဒေသခံများ၏ ကျန်းမာရေး၊ ပညာရေးနှင့် ဒေသထွက်ကုန်များ သယ်ယူရောင်းချရာတွင် လွယ်ကူလာမည်ဖြစ်သည်။

ကထောင်းနီကျေးရွာသည် နွေရာသီ၌ သောက်သုံးရေများ ရှားပါးသော ကျေးရွာဖြစ်သည်။

**စိုးထွန်း(ပြန်/ဆက်)လောင်းလုံး**

# ရေဘေးသင့်ပြည်သူများ မြစ်ရေကျဆင်းနေသော်လည်း ယာယီတဲများတွင် ဆက်လက်နေထိုင်နေကြရ

**မင်းဘူး ဩဂုတ် ၁၁**
မကွေးတိုင်းဒေသကြီး မင်းဘူးခရိုင် မင်းဘူး(စကု)မြို့နယ်တွင် ဇူလိုင် ၂၉ ရက်မှစ၍ ဧရာဝတီမြစ်ရေမြင့်တက်လာမှုကြောင့် မြို့ပေါ်ရပ်ကွက်များနှင့် ကျေးရွာများရှိ အိမ်ထောင်စုများ ရေဘေးကင်းလွတ်ရာ ကုန်းမြင့်ပိုင်းဒေသများသို့ ယာယီပြောင်းရွှေ့နေထိုင်ခဲ့ရသည်။

မင်းဘူးမြို့နယ်တွင် ဧရာဝတီမြစ်ရေမြင့်တက်လာမှုကြောင့် မြို့ပေါ်ရပ်ကွက်(၄)ရပ်ကွက်၊ ကျေးရွာ ၂၆ ရွာမှ အိမ်ထောင်စုပေါင်း ၂၆၉၁ စုရှိ လူဦးရေ ၁၀၄၄၂ ဦး၊ ကျွဲ၊ နွား၊ သိုး၊ ဆိတ်၊ ဝက် တိရစ္ဆာန်ကောင်ရေ ၄၆၂၁ ကောင်တို့သည် ရေဘေးကင်းလွတ်ရာနေရာများသို့ ပြောင်းရွှေ့ခဲ့ရပြီး ဩဂုတ် ၉ ရက်တွင် မြစ်ရေများ ကျဆင်းသွားသော်လည်း မိမိရပ်ကွက်၊ ကျေးရွာများရှိ နေအိမ်များသို့ ပြောင်းရွှေ့ရန် အခက်အခဲတွေ့လျက်ရှိသည်။

ဧရာဝတီမြစ်ရေသည် ဩဂုတ် ၉ ရက် မွန်းတည့် ၁၂ နာရီ တိုင်းထွာချက်အရ ၁၇၀၈ စင်တီမီတာသို့ ရောက်ရှိနေပြီး စိုးရိမ်ရေအမှတ်အထက် ၈ စင်တီမီတာသာ ကျန်ရှိနေသည်။ ရပ်ကွက်၊ ကျေးရွာများရှိလူနေအိမ်နှင့် လမ်းများတွင် မြစ်ရေများ ဆက်လက်ကျန်ရှိနေပြီး လူနေအိမ်အများစုမှာ နွံနှစ်များ တင်ကျန်နေလျက်ရှိသည်။

မင်းဘူးမြို့ အမှတ်(၄)ရပ်ကွက်နေ ပြည်သူတစ်ဦးက "အိမ်မှာ မြစ်ရေက ၄ ပေလောက်ကျန်သေးတယ်။ ရေကျသွားလည်း နွံနှစ်တွေ ဆေးကြောသန့်စင်ရဦးမယ်။ သောက်သုံးရေရဖို့ကလည်း အခက်အခဲရှိတယ်။ အခု မှန်ကင်းကျောင်းတိုက်အတွင်း ယာယီနေထိုင်ပြီး ခြောက်သွေ့သွားမှ ပြောင်းရွှေ့ဖို့ စီစဉ်ထားပါတယ်" ဟု ပြောသည်။

ထုံးမကြီးကျေးရွာမှ ရေဘေးရှောင်ဒေသခံပြည်သူ ဦးမောင်ခိုင်က "တစ်လလောက်တော့ အခုနေရာမှာ နေရဖို့ရှိတယ်။ ရွာကရေကျနေပေမယ့် အိမ်ဝိုင်းတွေထဲ ရေကတင်ကျန်နေသေးတယ်။ ရွာထဲလမ်းတွေကလည်း ရွှံ့ဗွက်တွေနဲ့မို့ သွားလာရမလွယ်ကူဘူး။ နွားတွေထားဖို့လည်း အဆင်မပြေဘူး။ နွားစာလည်း အခက်အခဲဖြစ်နေတယ်။ ယခု မန်းရေနံတာပေါင်ဝန်းကျင်မှာပဲ ဆက်နေရဦးမယ်" ဟု ပြောသည်။

မင်းဘူးမြို့နယ်အတွင်းရှိ ရပ်ကွက်၊ ကျေးရွာများမှ ရေဘေးသင့်ပြည်သူများအား နိုင်ငံတော်သမ္မတနှင့်အဖွဲ့ဝင်များ၊ တိုင်းဒေသကြီးအစိုးရအဖွဲ့နှင့် စေတနာရှင်အလှူရှင်များက စားသောက်ဖွယ်ရာ ထမင်းဘူးများ၊ ဆန်၊ ဆီ၊ ခေါက်ဆွဲခြောက်နှင့် ရေသန့်ဘူးများ၊ လာရောက်လှူဒါန်းထောက်ပံ့ပေးနေလျက်ရှိပြီး မြို့နယ်ကျန်းမာရေးဝန်ထမ်းများ၊ မြို့နယ်တိုင်းရင်းဆေးကုသရေးဦးစီးဌာနမှ ဝန်ထမ်းများကလည်း ရေဘေးသင့်ကျေးရွာများနှင့် ရေဘေးရှောင်ယာယီနေထိုင်လျက်ရှိသည့် နေရာများအရောက် ကွင်းဆင်း၍ ကျန်းမာရေးစောင့်ရှောက်မှုများဆောင်ရွက်ပေးလျက်ရှိသည်။ မြို့နယ်တိရစ္ဆာန်မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနမှလည်း ရေဘေးရှောင် ကျွဲ၊ နွား၊ ဝက်များအား ကာကွယ်ဆေးများ ကွင်းဆင်းထိုးနှံ ကုသပေးနေကြောင်း သိရသည်။

**တင်ထွန်းဦး(မင်းဘူး)**



# တောင်သမန်အင်း မယ်ဇယ်တန်းတွင် ရေပေါ်အနားယူစားသောက်နိုင်ရန် စင်များထိုးကာ စားသောက်ဖွယ်ရာများ ရောင်းချ

**မန္တလေး ဩဂုတ် ၁၁**
တောင်သမန်အင်းအတွင်း ရေလျော့ကာ ဦးပိန်တံတားပေါ် ဖြတ်သန်းသွားလာခွင့်ပြုပြီဖြစ်သည့်အတွက် ဧည့်သည်များ လာရောက်လည်ပတ်မှုများလာရာ မယ်ဇယ်တန်းတွင် ရေပေါ်၌ စားသောက်ရင်း အနားယူ အပန်းဖြေကာ သဘာဝအလှရှုခင်းများကို ကြည့်ရှုနိုင်ရန် စင်များထိုးကာ စားသောက်ဖွယ်ရာများ ရောင်းချလျက်ရှိကြောင်း သိရသည်။

မယ်ဇယ်တန်းမှာ သဘာဝအရိပ်ကောင်းမွန်ပြီး တောင်ဘက်သို့ကြည့်လိုက်သည်နှင့် တောရိပ်တောအလှကို ကြည့်ရှုနိုင်သည့်နေရာပင်ဖြစ်သည်။ အထူးသဖြင့် အသံဆူညံမှုကင်းကာ စိတ်အေးချမ်းစွာ အနားယူနိုင်သည့်နေရာပင်ဖြစ်သည်။ မယ်ဇယ်ပင်တန်းကို စတင်စိုက်ပျိုးကုသိုလ်ယူသူမှာ ရေချမ်းဒကာဦးကြီး ဒေါ်အိုသား ဦးပိုင်၊ ဒေါ်ညွန့်၊ တူ-ဦးရှင်နှင့် သားဦးထွန်းတင်တို့က ကုသိုလ်ယူစိုက်ပျိုးခဲ့သည်။ တောင်သမန် ဦးပိန်တံတားရောက်သူတိုင်း မယ်ဇယ်တန်းအရိပ်ကို မေ့မှိတ်ခိုကြမြဲပင်ဖြစ်သည်။ အရိပ်ကောင်းသော မယ်ဇယ်ပင်များအောက်တွင် စားဖွယ်အစုံအလင်ရရှိခြင်း၊ လွတ်လပ်စွာအနားယူနိုင်ခြင်းတို့ကြောင့် သဘောကျနှစ်သက်သူ များပြားလျက်ရှိသည်။

ဦးပိန်တံတားအနောက်ဘက်မှ မယ်ဇယ်တန်းမှာ လှပစွာ စီတန်းစိုက်ပျိုးကာ ကုသိုလ်ယူခဲ့သည့်အတွက် စိမ်းစိုလှပလျက်ရှိသည်။ ဦးပိန်တံတားဆောက်ပြီးခါစကာလတွင် ဘုရားသွားသည့်လမ်း၊ တံတားသွားသည့်လမ်းတွင် နေမပူစေရေး သစ်ပင်စိုက်ကာ ကုသိုလ်ယူခဲ့ကြောင်း သိရသည်။

မူလစိုက်ပျိုးစဉ်က မယ်ဇယ်ပင်တန်းတွင် အပင်အရေအတွက် ၁၀၃ ပင်ဟုသိရပြီး နောက်ပိုင်းတွင် သဘာဝဘေးအန္တရာယ်ကြောင့် နည်းသွားခဲ့သည်။ လက်ရှိကာလတွင် ဦးပိန်တံတားဘေးမှ နာမည်ကျော်မယ်ဇယ်တန်းကို အုတ်များပတ်ကာ ထိန်းသိမ်းကာကွယ်ထားသည်။ ရေတိုးသည့်ကာလတွင် ရေဝင်ရာလမ်းကြောင်းနှင့်အတူ တောရိပ်တောင်ရိပ်ကို ကြည့်ရှုနိုင်သည့်နေရာပင် ဖြစ်သည်။အရိပ်ကောင်းမွန်ခြင်း၊ သစ်ကိုင်းများ သဘာဝအတိုင်း သွယ်ကျနေခြင်း၊ သဘာဝအလှများကို ခံစားနိုင်ခြင်းကြောင့် အနားယူ အပန်းဖြေသူ များပြားသည့်နေရာဖြစ်သည်။ ယခုအခါ ရေတိုးချိန် မယ်ဇယ်ပင်ရိပ်ရေပေါ်တွင် အနားယူနိုင်ရန်အတွက် စင်များ၊ တံတားများထိုးကာ စားသောက်ဖွယ်ရာများ ရောင်းချလျက်ရှိကြောင်း သိရသည်။

**တိမ်တမန်**



## ပင်လောင်းမြို့နယ်တွင် မြစိမ်းရောင်ကျေးရွာစီမံကိန်းဆိုင်ရာ သင်တန်းဖွင့်လှစ်

**ပင်လောင်း ဩဂုတ် ၁၁**
ပင်လောင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ မြစိမ်းရောင်ကျေးရွာစီမံကိန်းဆိုင်ရာ ငွေစာရင်းရေးသွင်းနည်းသင်တန်းဖွင့်ပွဲ အခမ်းအနားကို ဩဂုတ် ၉ ရက်က မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနရုံး၌ ကျင်းပခဲ့ကြောင်း သိရသည်။

အခမ်းအနားတွင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးကိုကိုနိုင်က ကျေးရွာကော်မတီဝင်များအနေဖြင့် မြစိမ်းရောင်စီမံကိန်း အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် ဒီမိုကရေစီနည်းလမ်းကျကျ ဆောင်ရွက်ကြရန်နှင့် စည်းလုံးညီညွတ်စွာ ဆောင်ရွက်သွားကြရန် မှာကြားသည်။ မြို့နယ်မြစိမ်းရောင်တာဝန်ခံမှ မြစိမ်းရောင်စီမံကိန်းအကြောင်းများကို ရှင်းလင်းပြောကြားပြီး ဆက်လက်၍ ငွေစာရင်းပုံစံ(၇)မျိုး ရေးသွင်းနည်းများကို သင်ကြားပို့ချခဲ့ကြောင်း သိရသည်။

အဆိုပါသင်တန်းကို ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်အတွင်း မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ မြစိမ်းရောင်ကျေးရွာစီမံကိန်းအကောင်အထည်ဖော်ဆောင်ရွက်မည့် ကျေးရွာ ၁၉ ရွာ၊ ယူနစ် ၁၅ ခု၏ မြစိမ်းရောင်ကျေးရွာကော်မတီဝင် ၁၁၇ ဦးတက်ရောက်ခဲ့ပြီး နှစ်ရက်ခွဲ၍ သင်တန်းပို့ချခဲ့ကြောင်း သိရသည်။

**ကိုထွေး**

## တနင်္ဂနွေနေ့တိုင်း သက်ကြီးဘိုး၊ဘွားများကို အခမဲ့ကျန်းမာရေးစောင့်ရှောက်မှုပေး

**ညောင်လေးပင် ဩဂုတ် ၁၁**
ပဲခူးတိုင်းဒေသကြီး ညောင်လေးပင်မြို့နယ် ချောင်းရင်းကျေးရွာအုပ်စု ဘိုးဘွားမဏ္ဍိုင် သက်ကြီးရွယ်အိုစောင့်ရှောက်ရေးအသင်းက ချောင်းရင်းကျေးရွာနှင့် ပတ်ဝန်းကျင်ကျေးရွာများမှ သက်ကြီးရွယ်အို ဘိုး၊ ဘွား ၈၀ ခန့်အား ဩဂုတ် ၇ ရက်က အာဟာရဒါနကျွေးမွေးလှူဒါန်းခြင်းနှင့် ကျန်းမာရေးစစ်ဆေးကုသပေးခြင်းများကို တနင်္ဂနွေနေ့တိုင်း ဆွမ်းလောင်းမွေ့ရုံ၌ ကျင်းပခဲ့သည်။

ယင်းနောက် ကျန်းမာရေးမှူး ဦးအုန်းသော်နှင့် ကျေးလက်ကျန်းမာရေးဌာနဝန်ထမ်းများက ကျန်းမာရေးစစ်ဆေးကုသပေးခြင်းများကို လုပ်အားဒါနပြုလုပ်ပေးပြီး သက်ကြီးရွယ်အို ဘိုးဘွားများအတွက် ဦးမင်းမင်းရှိန်၊ ဒေါ်စန်းစန်းအေး သားကြီးမောင်ဟန်ထူး၊ သားငယ်မောင်အောင်ပိုင်(ရန်ကုန်) မိသားစုမှ အလှူငွေသုံးသိန်း ပါဝင်လှူဒါန်းပေးခဲ့သည်။

အဆိုပါ ကျန်းမာရေးစောင့်ရှောက်ပေးခြင်းကို ၂၀၁၂ ခုနှစ်မှ စတင်ဆောင်ရွက်ပေးခဲ့ပြီး ရေရှည်တည်တံ့ရေးအတွက် အပတ်စဉ် ဆေးဖိုးနှင့် အာဟာရဒါနကျွေးမွေးရန် လှူဒါန်းနိုင်ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

## မြို့နယ်အဆင့် အာဟာရဖွံ့ဖြိုးရေးရက်သတ္တပတ်များဖွင့်ပွဲအခမ်းအနား ကျင်းပ

**ဆိပ်ဖြူ ဩဂုတ် ၁၁**
မကွေးတိုင်းဒေသကြီး ဆိပ်ဖြူမြို့နယ်တွင် မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာန၊ မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း၊ World Vision၊ MARIE STOPE INTERNATIONAL Myanmar တို့ပူးပေါင်း၍ မြို့နယ်အဆင့် အာဟာရဖွံ့ဖြိုးရေးရက်သတ္တပတ်များဖွင့်ပွဲအခမ်းအနားကို ဩဂုတ် ၉ ရက် နံနက် ၉ နာရီက မြို့နယ်ဆေးရုံ အစည်းအဝေးခန်းမ၌ ကျင်းပခဲ့သည်။

အခမ်းအနားတွင် မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာန၊ မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးဆေးခန်း အမျိုးသမီးကျန်းမာရေးဆရာမ ဒေါ်တင်ထွေးမင်းက အာဟာရပြည့်ဝအစားအစာများ ပြင်ဆင်ချက်ပြုတ်ခြင်းနည်းပညာများအကြောင်းကိုလည်းကောင်း၊ အောက်ဆိပ်ကျန်းမာရေးဌာနမှ အမျိုးသမီးကျန်းမာရေးဆရာမ ဒေါ်အေးအေးမူက အိုင်အိုဒင်းဆားအကြောင်းသိကောင်းစရာများ၊ မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးဆေးခန်းမှ သားဖွားဆရာမ ဒေါ်ဇာဇာအောင်က မိခင်နို့တိုက်ကျွေးရေး (သရုပ်ပြ)ရှင်းလင်းပြောကြားခဲ့သည်။

ယင်းနောက် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးနိုင်အေး၊ မြို့နယ်ဆရာဝန်ကြီး ဒေါက်တာကျော်ကျော်၊ မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါ်မေမျိုးအေးနှင့် တာဝန်ရှိသူများက ကိုယ်ဝန်ဆောင်မိခင်များအား အာဟာရပစ္စည်းများ ထောက်ပံ့ပေးခဲ့ပြီး အသက် ၆ လမှ ၅ နှစ်အောက်ကလေးငယ်များအား သန်ချဆေးနှင့် ဗီတာမင်အေဆေး တိုက်ကျွေးခဲ့ကြသည်။

အဆိုပါအခမ်းအနားတွင် ၅ နှစ်အောက်ကလေးငယ်နှင့် နို့တိုက်မိခင်တို့အတွက် World Vision(Myanmar)မှ အာဟာရဖြစ်အစားအစာများဖြစ်သည့် ဆီ၊ ကုလားပဲနှင့် Overtine ဘူးများကိုလည်းကောင်း၊ မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းက အာဟာရဖြစ်အစားအစာများဖြစ်သည့် ငှက်ပျောသီးနှင့် မုန့်များကိုလည်းကောင်း၊ မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနက အားဆေးများကိုလည်းကောင်း၊ မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးဆေးခန်းက ဆွဲခြင်းတောင်းများ ထောက်ပံ့ပေးခဲ့ပြီး MARIE STOPE INTERNATIONAL (Myanmar) မှ အာဟာရဖြစ်စေသည့် အစားအစာများကို ကျွေးမွေးခဲ့ကြောင်း သိရသည်။

**စိုးလင်းနိုင်(ပြန်/ဆက်)**

# ဟိုချီမင်းမြို့တော်နှင့်စစ်ရှောင်စခန်းသို့အလည်တစ်ခေါက်







**ခဲ တိုးဝေအောင်**

**(ယမန်နေ့မှ အဆက်)**

လမ်းတစ်လျှောက် အုတ်ဂူများကြား အိမ်တွေဆောက်ပြီးနေတဲ့ ရပ်ကွက်တွေလည်း တွေ့ရသည်။ ကွန်မြူနစ်နိုင်ငံဖြစ်တဲ့အတွက် အယူမရှိ၊ အယုံအကြည်မရှိဟု တွေးမိသည်။ ဖုံးခိုကျင်းဝင်တဲ့လက်မှတ်က တစ်ယောက်ကို ငါးဒေါ်လာပေးရသည်။ လက်မှတ်ဝယ်ပြီး ဖုံးခိုကျင်းကိုဖြတ်ဖို့ လျှိုလျှောက်လမ်းတစ်ခုကို သွားရသည်။ လျှိုလျှောက်လမ်းမရောက်ခင် ဒုံးကျည်ခွံ၊ ဗုံးဆံခွံ၊ လက်နက်များ၊ လေယာဉ်ခွင်းဒုံးဟောင်းများကို ပြသထားသည်။ တစ်ဖက်တွင် မှန်ဗီရိုဖြင့်ထည့်ထားသည့် လက်နက်မျိုးစုံကို တွေ့ရသည်။ အဆိုပါလက်နက်ဒုံး၊ ဗုံးဟောင်းများမှာ ကျူးကျော်စစ်အတွင်းက အမေရိကန်တို့ သုံးစွဲခဲ့သည့် လက်နက်များဖြစ်ကြောင်း သမိုင်းအထောက်အထားဖြင့် ရေးသားထားသည်။

ထိုနေရာကား လူတစ်ရပ်လောက် မြုပ်နိုင်ပြီး ဝါးချွန်များ အစီအရီစိုက်ထားသည့် ဝါးထောင်ချောက်တစ်ခုဖြစ်သည်ကို တွေ့လိုက်ရသည်။ စစ်အတွင်းကာလမှာ လက်နက်အခက်အခဲရှိခဲ့ခြင်းကြောင့် ဝါးချွန်ကို လက်နက်သဖွယ်အသုံးပြုခဲ့သည်ဟု ဧည့်လမ်းညွှန်ကရှင်းပြသည်။ ကျွန်တော်ငယ်စဉ်က ကြည့်ခဲ့ရသည့် ဗီယက်နမ်စစ်ကားထဲ၌ ထိုထောင်ချောက်များမှာ အမေရိကန်စစ်သားများဝါးငြောင့်ဆူးပြီး သေဆုံးကြပုံတွေ၊ မြေကျင်းထဲပြုတ်ကျပြီး အချွန်စိုက်သေဆုံးခြင်းများကို ပြန်မြင်ယောင်ခဲ့သည်။

ထိုနေရာနဲ့ မလှမ်းမကမ်းမှာ ကမ္ဘာလှည့်ခရီးသွားတစ်ယောက်ပြီးတစ်ယောက် လူတစ်ကိုယ်စာဝင်နိုင်လောက်တဲ့ အပေါက်ထဲကို ဝင်သွားနေကြတာကို တွေ့ရသည်။ ထိုနေရာကား သစ်ရွက်ခြောက်များ ဖုံးလွှမ်းထားသော လျှို့ဝှက်မြေအောက်ဝင်ပေါက်တစ်ခုဖြစ်သည်။ မြေကျင်းထဲတွင် လူတစ်ကိုယ်စာ ရပ်ခိုနိုင်ပြီး အခြားလိုဏ်ခေါင်းများနဲ့ ဆက်သွယ်ထားသည်။

မည်သို့ဆင်းရ ဝင်ရသည်ကို အနီးရှိ စစ်ယူနီဖောင်းဝတ်ဝန်ထမ်းက သရုပ်ပြခဲ့သည်။ မြေကျင်းထဲဆင်းချိန်တွင် လက်နှစ်ဖက်တွင် သစ်ရွက်ခြောက်များအုပ်ထားသည့် မြေကျင်းဖုံးကိုကိုင်ကာ လူဆင်းပြီးချိန်တွင် သစ်ရွက်ခြောက်များကြွေကျနေသည့် မြေပြင်တစ်ခုဖြစ်အောင် ဖန်တီးထားသည်။ မြေကျင်းမှ တက်ခဲ့ပြီး ကြီးမားသည့် ချိုင့်ခွက်ကြီး တစ်ခုကို တွေ့ရာ လေယာဉ် ဗုံးကျခဲ့သည့် နေရာဖြစ်ပြီး ဧရာမချိုင့်ဝှမ်းကြီးဖြစ်နေသည်။ ထိုဧရာမချိုင့်ဝှမ်းကြီးကို မြေသားအတက်မခံဘဲ ပြသထားသည်။ အနီးတွင် စက်သေနတ်ပစ်ရန်မြေစာပုံချိုင့်ငယ်၊ လူတစ်ကိုယ်စာဖုံးခိုကျင်းများ၊ မြေအောက်လိုဏ်ခေါင်းချင်းဆက်လမ်းများကိုလည်း တွေ့မြင်ခဲ့ရသည်။

ထိုမှတစ်ဆင့် တောလမ်းအတိုင်းဆက်ခဲ့ရာ ဗီယက်နမ်စစ်သားများ စခန်းချရာ တောတွင်းတစ်နေရာကို ရုပ်လုံးရုပ်တုများနှင့် ပြသထားသည်။ မလှမ်းမကမ်းတွင် သံဘီးပတ္တာများပြုတ်နေသည့် အမြောက်တင့်ကားတစ်စီးကို တွေ့ခဲ့ရသည်။ စစ်အတွင်းက အမေရိကန်စစ်သားတို့ကျန်ရစ်ခဲ့သော တင့်ကားဟုဆိုသည်။ မြေပြင်ထောင်ချောက်များ တွေ့နိုင်သည်။ ဒီမြေပြင်ထောက်ချောက်များက အခြားထောင်ချောက်များနှင့်မတူ ဂျင်ကလိသံချွန်ထိပ်ဖျားပါ စူးတံတွေနှင့် ပြုတ်ကျသွားလျှင် ပေါင်အရင်းထိ ထုတ်ချင်းပေါက်ပြီးသားထောင်ချောက်များကိုလည်း ပြုလုပ်ကာ အမေရိကန်စစ်သားများရန်က ကာကွယ်ခဲ့ကြဟု ဆိုရမည်။

ထိုမှဆက်သွားခဲ့ရာ တဲစခန်းတစ်ခုကိုတွေ့ရကာ ပန်းပဲဖိုဟု ယူဆနိုင်သည်။ အမေရိကန်တို့ ဝေဟင်မှကြဲချလိုက်သည့် ဗုံးကျည်ဆံခွံများကို ဖြတ်တောက်အရည်ကြိုပြီး လက်နက်အဖြစ်ပြန်လည်ပြုလုပ်သည့် နေရာဖြစ်သည်။ တစ်ချို့ ဒုံးကျည်ဆံခွံ အချို့ကိုတော့ ရေထည့်ခွက်၊ ရိက္ခာထည့်ခွက်အဖြစ်ပြောင်းလဲရန် ကျည်ထိပ်ဖူးကို ဖြတ်တောက်အသုံးပြုခဲ့ခြင်းကို လူပုံသဏ္ဌာန်များဖြင့် သရုပ်ပြကွက်ဖြစ်သည်။ ဗုံးခိုကျင်းဝင်ချိန်မှ သတိထားမိတာတစ်ခုရှိသည်။ ထိုအရာကား သေနတ်မျိုးစုံပစ်ခတ်သံ၊ ယခုရောက်နေသည့် ပန်းပဲဖိုနှင့်ဆိုလျှင် မဝေးတော့ဟုထင်သည်။ ပို၍နီးကပ်လာချေပြီး မြစ်ဆိပ်ထွက်သောတောလမ်းကို ကျော်ပြီးချိန်တွင် တောတွင်းတိုက်ပွဲဖြစ်ပွားနေသည်ဟု ထင်ရလောက်အောင် သေနတ်သံများက အရှိန်ပြင်းထန်လှသည်။

ထိုနေရာကား ဗုံးခိုကျင်းဧရိယာ၏ နောက်ကြောင်းပြန်လှည့်ရန် နောက်ဆုံးဂိတ်ဖြစ်သည်။ နားနေဆောင်နှင့်လက်ဆောင်ပစ္စည်းများ ရောင်းချသည့် ဆိုင်နှင့် အစားအသောက်ဝယ်ယူရရှိနိုင်သည့် နေရာတစ်ခု။ အောက်တွင် ဂျစ်ကားများပေါ်တွင် လက်နက်အစစ်များ တပ်ဆင်ပြီး ကိုယ်တိုင်ပစ်ခတ်နိုင်သည်။ ထို့အတွက် ကျည်ဖိုးငွေထပ်ဆောင်းပေးရမည်။ ယင်းနေရာသို့ လေ့လာသူများအဆက်မပြတ်ပစ်ခတ်နေခြင်းကြောင့် တောစခန်းတစ်ခုလုံး သေနတ်သံများဖြင့် တိုက်ပွဲဖြစ်နေသော အရပ်တစ်ခုလို့ ထင်ရသည်။

ထိုနေရာမှာ နောက်ကြောင်းပြန်လှည့်ခဲ့သည့် တဲတစ်ခုတွေ့ရသည်။ ကော်ပြန့်ဖက်နှင့် ဆန်အရက်ထုတ်လုပ်သည့် တဲဖြစ်သည်။ အနီးတွင် အဝတ်ချုပ်တဲ၊ ဖိနပ်ချုပ်နှင့် စစ်အတွင်းက အသုံးပြုခဲ့သည့် ဖိနပ်များကို ရောင်းချရန်ပြသထားသည်။ မိုးရေကျမှာ စိုးသောကြောင့် အုန်းရွက်သက်ကယ်တစ်ဖက်ရပ်တဲလေးကိုတွေ့ရသည်။ ကီလိုမီတာ ၂၀ လောက်စီဖြတ်ဖြတ်ဖောက်ထားသည့် လူတစ်ကိုယ်စာ မြေအောက်လိုဏ်ခေါင်းဆင်သည့်ကျင်းဖြစ်ပြီး သံလှေခါးတစ်ခုတပ်ဆင်ထားသည်။ အဆိုပါ လမ်းပေါက်အတိုင်း ဧည့်လမ်းညွှန်က ပြတိုက်ဝန်ထမ်း၏ ဓာတ်မီးရောင်နောက်မှ မှောင်မဲနေသော မြေကျင်းထဲသို့ ဆင်းခဲ့သည်။ မြေပြင်ကနေ အောက် ပေ ၂၀ ခန့်နက်မည်ထင်သည်။အသက်ရှူအနည်းငယ်ကြပ်လာသည်။ လူတစ်ကိုယ်စာမျှ သွားလာ၍ရသော မြေလိုဏ်ခေါင်းပေါက်ဖြစ်သည်။ မတ်တတ်ရပ်မရ၊ ထိုင်လျက်ကုန်းကုန်းကွကွ သွားရသည်။ နောက်တော့မှ မြေပြင်ပေါ်သို့တက်သည့် လှေခါးကိုတွေ့ရပြီး အလင်းရောင်ကိုပါ ပြန်မြင်လာသည်။ အသက်ရှူကြပ်တည်းမှုက ကင်းလွတ်ခဲ့ရပါပြီ။

ထိုလိုဏ်ခေါင်းကို ဝင်မည်ဆိုက အသက်ရှူကျပ်တည်းသောသူ၊ အထူးသဖြင့် နှလုံးရောဂါအခံရှိသူများ မဆင်းက ပို၍ကောင်းမည်ထင်သည်။ ကျွန်တော်အစ်ကိုတစ်ယောက်ဆို နဖူးထက်မှာ ဇောချွေးပုံစံ ချွေးသီးချွေးပေါက်များကျနေကို တွေ့ရသည်။ အသက်ရှူတော်တော်ကျပ်သည်ဟုလည်းပြောခဲ့သည်။ သာမန်လူတွေခဏမျှ ဝင်ရောက်လေ့လာသူများပင် အသက်ရှူကျပ်ခဲ့ပါမူ ဗီယက်နမ်ပြည်သူများ ဗုံးရှောင်တိမ်းရာ ဤနေရာတွင်မည်သို့ပုန်းရှောင်ခဲ့သလဲ။

ထို့ကြောင့်လည်း အပြန်လမ်းခရီးဆက်ကြရင်း ကျန်းမာရေးစောင့်ရှောက်မှုမြေအောက်တဲကို တွေ့ရပြန်သည်။ တဲထဲမှာ ခွဲစိတ်ခုတင်တစ်လုံး ခြင်ထောင်ချထားသည်။ အနီးရှိဗီရိုထဲတွင် ဆေးရုံသုံးပစ္စည်းများနှင့် ပို့မွှားကင်းရှင်းစေရန် မြေသားနံရံများကို ပလတ်စတစ်ကာရံထားသည်။ တစ်ဆက်တည်းလိုဏ်ခေါင်းတစ်ခုကို တွေ့ရပြီး ထိုလှိုင်ခေါင်းမှ အစည်းအဝေးခန်းမ၊ စားသောက်ခန်းမနှင့် မီးဖိုဆောင်တို့ကို သွားနိုင်သည်။ အဆိုပါ အစည်းအဝေးခန်းမ၊ မီးဖိုဆောင်တို့ကို လေ့လာအပြီး မှတ်တမ်းဓါတ်ပုံများထားရှိသည့် တဲတစ်လုံးကို ရောက်ခဲ့သည်။ တဲအတွင်းစစ်အတွင်း မှတ်တမ်းဓာတ်ပုံတွေအစီအရီတွေ့ရပြီး မူလဝင်ရောက်ခဲ့သည့် ဂိတ်ပေါက်သို့ပြန်လည်ရောက်ရှိခဲ့သည်။ လေ့လာချိန် ၂ နာရီခန့်ကြာမည်ဟုထင်သည်။

ဤစခန်းမှနေ၍ ဗီယက်နမ်လူမျိုးတို့ သမိုင်းဝင် အမေရိကန်ကျူးကျော်စစ်ကို ပြန်လည်တိုက်ခိုက်ရင်း ဗုံးခိုကျင်းအဖြစ်အသုံးပြုခဲ့သည့် နေရာကို အမေရိကန်ကျူးကျော်စစ်သမိုင်းအား မမေ့မလျော့ ပြတိုက်သဖွယ်မပျက်စီးအောင် ထိန်းသိမ်းထားမှုသည် အာဆီယံနိုင်ငံထဲတွင် တစ်ခုအပါဝင်ဖြစ်သည့် ဗီယက်နမ်လူမျိုးတို့၏ လူမျိုး၊ နိုင်ငံတော်အတွက် ပြင်းထန်သော စိတ်ဓာတ်ကို လေးစားဂုဏ်ယူစရာဖြစ်ခဲ့ရသည်။

ကျွန်တော်တို့ စစ်ရှောင်စခန်းမှ ဟိုတယ်အပြန်လမ်းတစ်လျှောက် ပြတိုက်အတွင်း ကြုံတွေ့ခဲ့သမျှတို့ကို အမြင်ချင်းဖလှယ်၍ မဆုံးနိုင်အောင်ဖြစ်ခဲ့ကြရ၏။

